Inya
Economics

# သမဂ္ဂါနံ့ တပေါ သုခေါ




# ပြည်နယ်နှင့် တိုင်းဒေသကြီးများ စီးပွားရေးအစီရင်ခံစာ

## ၂၀၁၉ ခုနှစ်

Inya
Economics

## Inya Economics အကြောင်း

အင်းလျားဘောဂဗေဒသည် လွတ်လပ်သော သုတေသနအဖွဲ့ ဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ မူဝါဒရေးရာနှင့် ပညာရပ်ဆိုင်ရာ တိုးတက်မှုတို့ကို ရှေးရှုလျက် သုတေသနပြုလုပ်နေသော အဖွဲ့ဖြစ်သည်။ စီးပွားရေး လေ့လာနေသူများနှင့် ပါဝင်ပတ်သက်နေသူများအား စီးပွားရေးဆိုင်ရာ သုတေသနများ၊ ဆွေးနွေးချက်များဖြင့် အထောက်အကူပြုစေနိုင်ရန်အလို့ငှာ အင်းလျားဘောဂဗေဒကို ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ အများပြည်သူကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝရေးတို့အား ရည်ရွယ်ထားသည့်အတွက် မူဝါဒချမှတ်သူများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို မူဝါဒဆိုင်ရာနှင့် အထောက်အထားအခြေပြု သုတေသနများ ပံ့ပိုးလျက်ရှိသည်။

အထက်ပါရည်မှန်းချက်များအတွက် အင်းလျားဘောဂဗေဒသည် အစီအစဉ်နှစ်ရပ်ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။ ယင်းမှာ-

(၁) သုတေသနနှင့် မူဝါဒရေးရာ အစီအစဉ်

(၂) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တို့ ဖြစ်သည်။

အင်းလျားဘောဂဗေဒသည် သုတေသနကို အခြေပြုသော အင်းလျားဘောဂဗေဒဂျာနယ် (Inya Economic Journal) ကို တစ်နှစ်လျှင် နှစ်ကြိမ်အနေဖြင့် ထုတ်ဝေလျက်ရှိသည်။ မြန်မာ့စီးပွားရေးနှင့် ဆက်နွယ်သော စာစောင်၊ ဆောင်းပါး၊ စစ်တမ်းများတို့ကိုလည်း အချိန်အခါအလိုက် ထုတ်ဝေခြင်းမျိုးများ လုပ်ဆောင်လျက်ရှိသည်။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၂၀ခုနှစ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - Inya Economics
အမှတ် (၆/အေ)၊ ဝဂ္ဂီရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေခွင့်အမှတ် - ၀၂၇၇၇

ပုံနှိပ်သူ - ပြည်အေး

ပုံနှိပ်တိုက် - ပြည်အေးမိသားစုပုံနှိပ်တိုက်

မျက်နှာဖုံးဒီဇိုင်း - ပိုင်နိုင်အောင်

တန်ဖိုး - ၅၀၀၀ ကျပ်

ဆက်သွယ်ရန် - အမှတ် (၆/အေ)၊ ဝဂ္ဂီရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၂၀၁၀၇၄၅၄၊ ၄၂၀၅၂၃၁၀၇
ဝက်ဘ်ဆိုက် - www.inyaeconomics.com
အီးမေးလ် - contact.inyaeconomics@gmail.com

၃၃၀.၉၅၉၁

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

ပြည်နယ်နှင့် တိုင်းဒေသကြီးများ စီးပွားရေး အစီရင်ခံစာ (၂၀၁၉ခုနှစ်)

ရန်ကုန်။

(ပြည်အေးမိသားစု) ပုံနှိပ်တိုက်၊ ၂၀၂၀။

(၁၂၀) စာ၊ ၇x၁၀ စင်တီ။

(၁) ပြည်နယ်နှင့် တိုင်းဒေသကြီးများ စီးပွားရေး အစီရင်ခံစာ (၂၀၁၉ ခုနှစ်)

Copyright © 2020 by Inya Economics LTD GTY. All rights reserved.

© ၂၀၂၀၊ အင်းလျားဘောဂဗေဒ လီမိတက် ဂရန်တီ၏ မူပိုင်ဖြစ်သည်။

ဤအစီရင်ခံစာကို အင်းလျားဘောဂဗေဒအဖွဲ့၏ အကူအညီများဖြင့် အင်းလျားဘောဂဗေဒမှ သုတေသီများဖြစ်ကြသော ဆန်းလင်းအောင် (ပရိုဂရမ်ညှိနှိုင်းရေးမှူး) နှင့် သန်းထွန်းစိုး (သုတေသနရေးရာညှိနှိုင်းရေးမှူး) တို့က ရေးသားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များ၊ လေ့လာ ဆန်းစစ်ချက်များနှင့် သုံးသပ်ချက်များသည် အင်းလျားဘောဂဗေဒ၊ အင်းလျားဘောဂဗေဒ၏ ဒါရိုက်တာ ဘုတ်အဖွဲ့နှင့် အင်းလျားဘောဂဗေဒ မိတ်ဖွဲ့ အဖွဲ့အစည်းများတို့၏ အမြင်များကို ကိုယ်စားမပြုပေ။ ယခု အစီရင်ခံစာတွင် ပါဝင်သော အချက်အလက်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အချက်အလက်များပေါ်တွင် အခြေခံပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော စာများ၊ ပုံများ၊ ဇယားများနှင့် အချက်အလက်များကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွားအလို့ငှာ တစ်ဆင့်ပြန်လည် ကူးယူခြင်း၊ အသုံးပြုခြင်းများကို ခွင့်မပြု။ အင်းလျားဘောဂဗေဒသို့ ကြိုတင် ခွင့်ပြုချက်တောင်းခံရမည်။

# မာတိကာ


| | | |
|---|---|---|
| ဥယျောဇဉ် | | v |
| ကျေးဇူးတင်လွှာ | | vi |
| အနှစ်ချုပ်တင်ပြချက် | | vii |
| ခြုံငုံသုံးသပ်ချက် | | xi |
| အခန်း (၁) | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | 1 |
| အခန်း (၂) | အသုံးစရိတ်နှင့် ရငွေ | 22 |
| အခန်း (၃) | ရင်းနှီးမြှုပ်နှံမှု | 48 |
| အခန်း (၄) | လုပ်သားအင်အား | 62 |
| အခန်း (၅) | ငွေကြေးဖောင်းပွမှု | 70 |
| အခန်း (၆) | ဆင်းရဲနွမ်းပါးမှု | 80 |
| ရည်ညွှန်းစာစု | | 88 |

## ဇယားစာရင်း


| | | |
|---|---|---|
| ဇယား (၁.၁) | တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်ဦးကျ ဂျီဒီပီ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်) | 1 |
| ဇယား (၁.၂) | တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်) | 1 |
| ဇယား (၃.၁) | တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု (၂၀၁၁-၂၀၁၇ ခုနှစ်) | 49 |
| ဇယား (၃.၂) | တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်း နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု | 50 |
| ဇယား (၃.၃) | တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်ပ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှု | 51 |
| ဇယား (၅.၁) | တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စားသုံးသူဈေးဆနှုန်းကိန်း အကြီးမြင့်ဆုံး ကုန်စည်အစုအမျိုးအစားများ | 73 |

ပုံစာရင်း


| | | |
|---|---|---|
| ပုံ (၁.၁) | တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဂျီဒီပီ | 4 |
| ပုံ (၁.၂) | ရန်ကုန်တိုင်းဒေသကြီး ဂျီဒီပီ | 4 |
| ပုံ (၁.၃) | စစ်ကိုင်းတိုင်းဒေသကြီး ဂျီဒီပီ | 6 |
| ပုံ (၁.၄) | မန္တလေးတိုင်းဒေသကြီး ဂျီဒီပီ | 7 |
| ပုံ (၁.၅) | ဧရာဝတီတိုင်းဒေသကြီး ဂျီဒီပီ | 9 |
| ပုံ (၁.၆) | မကွေးတိုင်းဒေသကြီး ဂျီဒီပီ | 10 |
| ပုံ (၁.၇) | ပဲခူးတိုင်းဒေသကြီး ဂျီဒီပီ | 11 |
| ပုံ (၁.၈) | တနင်္သာရီတိုင်းဒေသကြီး ဂျီဒီပီ | 13 |
| ပုံ (၁.၉) | ရှမ်းပြည်နယ် ဂျီဒီပီ | 14 |
| ပုံ (၁.၁၀) | မွန်ပြည်နယ် ဂျီဒီပီ | 15 |
| ပုံ (၁.၁၁) | ရခိုင်ပြည်နယ် ဂျီဒီပီ | 16 |
| ပုံ (၁.၁၂) | ကချင်ပြည်နယ် ဂျီဒီပီ | 18 |
| ပုံ (၁.၁၃) | ကရင်ပြည်နယ် ဂျီဒီပီ | 19 |
| ပုံ (၁.၁၄) | ကယားပြည်နယ် ဂျီဒီပီ | 20 |
| ပုံ (၁.၁၅) | ချင်းပြည်နယ် ဂျီဒီပီ | 21 |
| ပုံ (၂.၁) | သာမာန်စာရင်း (၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်) | 34 |
| ပုံ (၂.၂) | သာမာန်စာရင်း (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) | 34 |
| ပုံ (၂.၃) | သာမာန်စာရင်း (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်) | 34 |
| ပုံ (၂.၄) | ငွေလုံးငွေရင်းစာရင်း (၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်) | 36 |
| ပုံ (၂.၅) | ငွေလုံးငွေရင်းစာရင်း (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) | 36 |

| | | |
|---|---|---|
| ပုံ (၂.၆) | ငွေလုံးငွေရင်းစာရင်း (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်) | 37 |
| ပုံ (၂.၇) | တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးငွေ (၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်) | 40 |
| ပုံ (၂.၈) | တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးငွေ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) | 41 |
| ပုံ (၂.၉) | တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးငွေ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်) | 41 |
| ပုံ (၂.၁၀) | တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးငွေ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်) | 41 |
| ပုံ (၃.၁) | ရန်ကုန်တိုင်းဒေသကြီး၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 52 |
| ပုံ (၃.၂) | ကချင်ပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 53 |
| ပုံ (၃.၃) | တနင်္သာရီတိုင်းဒေသကြီး၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 55 |
| ပုံ (၃.၄) | ကယားပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 57 |
| ပုံ (၃.၅) | ကရင်ပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 58 |
| ပုံ (၃.၆) | မန္တလေးတိုင်းဒေသကြီး၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 59 |
| ပုံ (၃.၇) | မွန်ပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု | 61 |
| ပုံ (၄.၁) | အလုပ်အကိုင်ရရှိသူများအနက် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ၏ ပါဝင်မှု ရာခိုင်နှုန်း | 64 |
| ပုံ (၄.၂) | စုစုပေါင်းကလေးဦးရေတွင် ကလေးလုပ်သားပါဝင်မှု ရာခိုင်နှုန်း | 66 |
| ပုံ (၅.၁) | တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ငွေကြေးဖောင်းပွမှုနှုန်း | 77 |
| ပုံ (၆.၁) | တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆင်းရဲနွမ်းပါးမှုနှင့် ဆင်းရဲနွမ်းပါးသူဦးရေ | 80 |

# ဥယျောဇဉ်

အင်းလျားဘောဂဗေဒအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ စီးပွားရေး အစီရင်ခံစာ (၂၀၁၉ခုနှစ်) ကို ပထမဆုံးအနေဖြင့် ထုတ်ဝေလိုက်ပါသည်။ ယခု အစီရင်ခံစာသည် တစ်နှစ်တစ်ခါ ထုတ်ဝေသည့် အစီရင်ခံစာမျိုး ဖြစ်ပါသည်။ အစီရင်ခံစာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးကို မိမိတို့ လက်လှမ်းမီသမျှ အချက်အလက်များအား အသုံးပြုကာ လေ့လာခဲ့ပါသည်။ သို့သော် အဖွဲ့၏ ကိုယ်ပိုင် အရင်းအမြစ်အကန့်အသတ်များနှင့် အချိန်အကန့်အသတ်တို့ ရှိခြင်းကြောင့် လိုအပ်သော ဆန်းစစ်မှုများ ပြုလုပ်ရန် ကျန်ရှိနေသေးသည်ဟု ဝန်ခံသလို၊ အမှားများ ပါပါကလည်း အင်းလျားဘောဂဗေဒသို့ ဆက်သွယ်၍ အကြံများပေးရန် မေတ္တာရပ်ခံပါသည်။

ဤအစီရင်ခံစာသည် အင်းလျားဘောဂဗေဒ၏ အန္တိမ ရည်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အပံ့ သဲတစ်ပွင့် ဖြစ်နိုင်လျှင်ပင် အဖွဲ့သားများမှာ ဝမ်းသာရမည် ဖြစ်ပါသည်။



ပြေငြိမ်းကျော်
ဥက္ကဋ္ဌ
အင်းလျားဘောဂဗေဒ

# ကျေးဇူးတင်လွှာ

အင်းလျားဘောဂဗေဒအနေဖြင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးအစီရင်ခံစာ (၂၀၁၉ခုနှစ်) ကို ပထမဦးဆုံးအနေဖြင့် ထုတ်ဝေနိုင်ခြင်းမှာ မိမိတို့၏ အစွမ်းအစ တစ်ခုတည်းအားဖြင့် လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်ပါ။ အထူးသဖြင့် ဤစာတမ်း၏အခရာဖြစ်သော အချက်အလက်များကို ထည့်သွင်း ဖော်ပြခွင့်ပေးပါသော ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ပထမဦးဆုံးအနေဖြင့် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် နှစ်စဉ် ထုတ်ပြန် လျက်ရှိသည့် မြန်မာစာရင်းအင်းစာစောင်ကို ထုတ်ဝေသော ဗဟိုစာရင်းအဖွဲ့၏ ကျေးဇူးမှာလည်း မကင်းပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါစာစောင်များတွင် ပါဝင်သော အချက်အလက်များသည် ဤအစီရင်ခံစာကို များစွာ အထောက်အကူပြုခဲ့သောကြောင့် ဖြစ်ပါသည်။

အစီရင်ခံစာ စတင်ဖြစ်မြောက်လာအောင် အကြံပေးခဲ့သည့် သူရိန်လွင်နှင့် လိုအပ်သော အကြံများပေးခဲ့သည့် ပြေငြိမ်းကျော်နှင့် စည်သူကျော်ကို ကျေးဇူးတင်ရမည်မှာ အမှန်ဖြစ်သည်။ ဤအစီရင်ခံစာ ရေးသားရာတွင် အချက်အလက်ကြမ်းများကို လေ့လာဆန်းစစ်နိုင်သည် အထိ ပြင်ဆင်ပေးပါသော မိမေပြည့်စိုး (လက်ထောက်သုတေသီ၊ အင်းလျားဘောဂဗေဒ) နှင့် အဖွဲ့သူ၊ အဖွဲ့သားများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် အင်းလျားဘောဂဗေဒ အယ်ဒီတာချုပ်ဖြစ်သော ရဲမင်းအောင်အား ကျေးဇူးတင်ရှိပါသည်။

## အနှစ်ချုပ်တင်ပြချက်

တိုင်းဒေသကြီးများအနေဖြင့် ပြည်နယ်များထက် ဂျီဒီပီ ပိုများသည့်ပုံစံမှာ ဆယ်စုနှစ် တစ်ခု(သို့) ဆယ်စုနှစ် တစ်ခုမကထိအောင် မပြောင်းလဲ ဘဲရှိနေသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် မြန်မာနိုင်ငံ၏ ဂျီဒီပီအား အဓိကပါဝင် ဖြည့်ဆည်း ထောက်ပံ့ပေးနေသည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေး တိုင်းဒေသကြီးတို့ဖြစ်ပြီး ၎င်းတို့၏ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်းမှာ ၇၇.၅% ထိရှိသည်ကို တွေ့ရသည်။ ယင်းအချက်အရ တိုင်းဒေသကြီးများအနေဖြင့် ပြည်နယ်များထက် ဂျီဒီပီကို ပိုမို ရရှိအောင် စွမ်းဆောင်နိုင်စွမ်း သာလွန်နေသည်ကို ဖော်ညွှန်းနေသည်။ ရန်ကုန်တိုင်း ဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ဂျီဒီပီ အများဆုံးသော တိုင်းဒေသကြီးများ ဖြစ်ကြပြီး ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင် ပြည်နယ်နှင့် ကချင်ပြည်နယ် တို့သည် အနည်းဆုံးသော ပြည်နယ်များ ဖြစ်ကြသည်။ ရှမ်းပြည်နယ် နှင့် မွန်ပြည်နယ်တို့သည် ပြည်နယ်များထဲတွင် စီးပွားရေးစွမ်းဆောင်နိုင်အား အကောင်းဆုံး ပြည်နယ် နှစ်ခုဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ ကျန်သော တိုင်းဒေသကြီးများနှင့် ယှဉ်ပါက ဂျီဒီပီမှာ အတော်အတန်ကို ကွာဟနေလျက်ရှိသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ လက်ရှိအချိန်အထိ တိုင်းဒေသကြီးများ၏ စွမ်းဆောင်နိုင်မှုပေါ်တွင် သိသိသာသာ မူတည်နေသည်ဟု ကောက်ချက်ချ နိုင်ပြီး ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးရန်လိုကြောင်း အချက်အလက်များ က ဖော်ညွှန်းနေပေသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အရ/အသုံး ငွေစာရင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအဆင့် ပြည်သူ့ဘဏ္ဍာရေးတွင် အဓိက ဝင်ရောက်အဆုံးအဖြတ် ပေးရသူများအတွက် သော်လည်းကောင်း၊ ပြည်သူများအတွက်သော်လည်းကောင်း အတွေ့အကြုံသစ် ဖြစ်ပါသည်။ အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများအဆင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးအဖွဲ့အစည်း များနှင့် နည်းစနစ်များသည် စစ်မှန်သော ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အတွက် မရှိမဖြစ် အရေးပါပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ သာမန်စာရင်းတွင် ရန်ကုန်တိုင်းဒေသကြီး တစ်တိုင်းတည်းကသာ ဘဏ္ဍာနှစ်တိုင်းလိုလို ပိုငွေ ပြခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် ဘဏ္ဍာနှစ်တိုင်းလိုလိုတွင် လိုငွေ ပြခဲ့ပါသည်။ ငွေလုံးငွေရင်းစာရင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး

လိုငွေပြပါသည်။ ငွေလုံးငွေရင်းစာရင်းပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသုံးစရိတ် အသီးသီးသည် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးမှု လိုအပ်ချက်၊ "တန်းတူရေး"မူများနှင့် အတိုင်းအတာတစ်ခု လမ်းချော်နေဆဲ ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ကြွေးမြီစာရင်းမှာ အပြည့်အဝ အသက်မဝင်သေးပါ။ ပြည်ထောင်စုအဆင့်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်သို့ လွှဲပြောင်းငွေများနှင့် စပ်လျဉ်း၍ ပထမပိုင်းတွင် အဆိုပါ လွှဲပြောင်းငွေများသည် ဘဏ္ဍာရေး ညီမျှစေခြင်း မူများနှင့် ကိုက်ညီမှု မရှိပါ။ သို့သော် ၂၀၁၅-၂၀၁၆ နှစ်လယ် ဘဏ္ဍာရေးမူဘောင် ပြုပြင်ပြောင်းလဲမှုများ အပြီး ဘဏ္ဍာရေး ညီမျှစေခြင်း စံနှုန်းများဆီသို့ အတိုင်းအတာ တစ်ခုအထိ တိမ်းညွှတ် ချဉ်းကပ်လာပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဘဏ္ဍာရေးညီမျှစေခြင်းအတွက် သာမက သန့်စွမ်းပြီး ပြီးပြည့်စုံသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲရေးစနစ် တည်ဆောက်ရေးအတွက်ပါ ဘဏ္ဍာရေးကော်မရှင်တွင် ပြည်သူ့ဘဏ္ဍာရေးပညာရှင်များ၏ အခန်းကဏ္ဍကို အခြေခံဥပဒေ၏ အာမခံပေးခြင်းဖြင့် မြင့်တင်ရန်လည်းကောင်း သို့မဟုတ် လွတ်လပ်သော ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပညာရှင်များ အကြံပေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် အခြေခံဥပဒေအတွင်း ထည့်သွင်း ပြဋ္ဌာန်းရန် အားတတ်သရော တိုက်တွန်းပါသည်။

၂၀၁၁ခုနှစ်မှ ၂၀၁၇ ခုနှစ်အတောအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်း အချက်အလက်များအရ စုစုပေါင်းပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးဝင်ရောက်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ပြီး အနည်းဆုံးမှာ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ပင် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှုပမာဏ၌ အများဆုံးဖြစ်ကြပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အနည်းဆုံးသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ ဖြစ်သည်။ ဝင်ရောက်လာသော စုစုပေါင်းပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏတွင်မူ ပြည်နယ်များသည် တိုင်းဒေသကြီးများထက်စာလျှင် သိသိသာသာကို နည်းလွန်းနေခဲ့သည်။ အဆိုပါ လာရောက် ရင်းနှီးမြှုပ်နှံမှုပမာဏ နည်းသော ပြည်နယ်များမှာ ကချင်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်တို့ ဖြစ်သည်။ ပြည်နယ်ခုနှစ်ခု၌ လေးခုအထိ အနည်းဆုံး စာရင်းဝင်နေခြင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အကြား ကွာဟနေသည့် အရာများ ရှိနေသည်ကို ဖော်ဆောင်နေပေသည်။ ပြည်နယ်များအနေဖြင့် ယင်းကွာဟချက်များအနက် ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန် အဟန့်အတား ဖြစ်စေနိုင် သည့်အချက်များကို

လျှော့ချပေးနိုင်ဖို့ရန် လိုအပ်နေသည်။ တနည်းအားဖြင့် စီးပွားရေးအရ လုပ်ရ ကိုင်ရ လွယ်ကူအောင် ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်ဖို့ရာ အရေးကြီး သည်။ ယေဘုယျဆိုရသော် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ အခွန်နှုန်းထားပုံစံများ၊ ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်မှုနည်းပါးသော လုပ်သားများ ရရှိနိုင်မှုနှင့် လုပ်ခလစာများ၊ လျှပ်စစ်စွမ်းအင် ရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားလိုအပ်သော အခြေခံ အဆောက်အအုံများ စသည့်တို့သည် ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံဖို့ရာ အဓိကထား စဉ်းစားကြ သောအချက်များ ဖြစ်သည်။

ကုန်ဈေးနှုန်းများသည် အမြဲတစေ မြင့်တက်နေကြောင်း မြန်မာပြည်သူတို့၏ ထင်မြင်မှုနှင့် ပြောဆို ချက်များသည် အမှန် ဖြစ်ပျက်နေသည်နှင့် ကွာခြားမှု မရှိပါ။ အစိုးရအဆက်ဆက်သည် စားသုံးကုန် ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း ယခု NLD အစိုးရ အပါအဝင် အစိုးရ အဆက်ဆက်သည် ပြည်သူလူထု၏ မျှော်လင့်ချက်များကို စွမ်းဆောင်ပေးနိုင်ခဲ့ခြင်း မရှိပါ။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် ပိုမို မြင့်တက်လာပါသည်။ ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းတွင် ချင်းပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများထက် မြင့်မားသော ငွေကြေးဖောင်းပွမှု နှုန်းဒဏ်ကို ခံစားရပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအသီးသီး၏ ငွေကြေးဖောင်းပွမှုနှုန်း ဖြစ်ပေါ်စေသည့် စားသုံးကုန်စည်အစုများအား သိရှိ နားလည်ခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီး၏ စားသုံးကုန်းဈေးနှုန်း မြင့်တက်မှုကို ထိန်းချုပ်ရာတွင် များစွာ အသုံးတည့်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ငွေကြေးဖောင်းပွမှုနှုန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရများ၊ ပြည်နယ်အစိုးရများ၊ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များသည် မူဝါဒများ ညှိနှိုင်းခွင့် ရပါက မူဝါဒများ၏ ထိရောက်မှုမှာ ပိုမိုကောင်းမွန်လာပါမည်။ အဆိုပါ ချဉ်းကပ်မှုမှာ "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီ သောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈)"ပါ ငွေကြေးဖောင်းပွမှုအား ချဉ်းကပ်ပုံနှင့် တူညီမှု မရှိပါ။

အလုပ်အကိုင် အပြည့်အဝ ရရှိမှုသည် အစိုးရအတွက် အရေးကြီးသော မူဝါဒပန်းတိုင်များထဲမှ တစ်ခု ဖြစ်ပါသည်။ အလုပ်အကိုင် အပြည့်အဝ ရရှိမှု ဆိုသည်မှာ နိုင်ငံလုံးဆိုင်ရာ စီးပွားရေး တည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် လုပ်သားရင်းမြစ်များကို အပြည့်အဝ အသုံးချနိုင် ခြင်းဟု ဆိုလိုပါသည်။ အလုပ်အကိုင်ရရှိမှုနှုန်းကို ဆန်းစစ်ကြည့်လျှင်

မြန်မာနိုင်ငံ၏ လုပ်သားထု သည် အခြေအနေ ကောင်းမွန်ဟန် ရှိပါသည်။ သို့သော် "အလုပ်အကိုင်ရရှိမှုနှုန်း"တွင် နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ ပါဝင်မှုသည် ထင်ရှားပါသည်။ ပြည်နယ်အချို့တွင် အလုပ်အကိုင် ဖန်တီးပေးနိုင်မှု မရှိခြင်းသည် ပေါ်လွင်ထင်ရှားသော ပြဿနာ ဖြစ်ပါသည်။ ထို့အပြင် ကျောင်းနေရ မည့်အစား အလုပ်လုပ်နေရသည့် အသက် ၁၈နှစ် မပြည့်သေးသည့် ကျောင်းနေအရွယ် ကလေး များ၏ ရာခိုင်နှုန်းသည် ပြည်နယ်တစ်ခု ဆိုလျှင် အသက်၁၈နှစ်အောက် ကလေးဦးရေ၏ သုံးပုံ တစ်ပုံ အထိ သိသာထင်ရှားစွာ တွေ့ရပါသည်။ ပြည်ထောင်စုအစိုးရသည် လုပ်သားထုအရေးအား ၎င်းတို့ ပြည်ထောင်စုအဆင့်၏ တာဝန်အဖြစ် မှတ်ယူထားပါသည်။ တိုင်းဒေသကြီး အစိုးရများနှင့် ပြည်နယ်အစိုးရများသည် မူဝါဒ ညှိနှိုင်းရေးဆွဲရာတွင်လည်းကောင်း၊ မူဝါဒ အကောင်အထည် ဖော်ရာတွင် လည်းကောင်း ပါဝင်နိုင်မည်ဆိုပါက ဖြေရှင်းချက်များမှာ ပိုမို ထိရောက်ဖွယ် ရှိသည်ဟု အကြံပြုပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆင်းရဲနွမ်းပါးမှုကို လေ့လာဆန်းစစ်ရာတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့၌ ဆင်းရဲနွမ်းပါးနေသူများ အများဆုံးရှိနေသည်။ ဆင်းရဲနွမ်းပါး မှုနှုန်းမှာ ချင်းပြည်နယ် ၅၈% ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှာ ၄၁.၆% နှင့် ၃၆.၆% တို့ ဖြစ်သည်။ ၎င်းတို့နှင့် ဆန့်ကျင်စွာ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့တွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် အနည်းဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၃.၂%၊ ၁၃.၂%နှင့် ၁၃.၇% အသီးသီးရှိကြသည်။ ဆင်းရဲနွမ်းပါးမှုဖြစ်နေရခြင်းမှာ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် မတူညီနိုင်သည့် များစွာသောအကြောင်းအရင်းများ ရှိနေပေနိုင်မည်။ ယေဘုယျ ဆိုနိုင်သည်မှာ ဆိုခဲ့ပါ ဆင်းရဲနွမ်းပါးမှုနှုန်းများသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ သည် ၎င်းတို့ ဒေသအတွင်းရှိ အိမ်ထောင်စုများအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှု နှုန်း နည်းခြင်း၊ အဆင်မြင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနည်းခြင်း/မရှိခြင်းနှင့် စီးပွားရေး လုပ်ကိုင်နိုင်မှုဝန်းကျင် နည်းခြင်း/မရှိခြင်းတို့ ဖြစ်နေကာ အိမ်ထောင်စုများအနေဖြင့် အဆိုပါဒေသအတွင်း ဝင်ငွေ ရှာဖွေရရှိနိုင်သော အခြေအနေမှာ အင်မတန်ကို ခက်ခဲနေခြင်းပင်ဖြစ်သည်။

# ပြည်နယ်နှင့် တိုင်းဒေသကြီးများ

# စီးပွားရေး အစီရင်ခံစာ (၂၀၁၉ခုနှစ်)

# ခြုံငုံသုံးသပ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (၇)တိုင်းနှင့် ပြည်နယ် (၇)ပြည်နယ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ပြည်ထောင်စု၏ စီးပွားရေး အခြေအနေကို လေ့လာဆန်းစစ်ရာတွင် အဓိက ကိန်းရှင်များဖြစ်သည့် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)၊ ငွေကြေးဖောင်းပွမှုနှုန်း၊ အစိုးရ၏ အရ-အသုံး ငွေစာရင်း၊ လုပ်သားထုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို ခေါင်းစဉ်ပြု ဦးတည် လေ့လာပါသည်။ အစပိုင်း နိဒါန်းချီသကဲ့သို့ ပြည်ထောင်စုကြီးအား တိုင်းဒေသကြီး (၇)တိုင်း၊ ပြည်နယ် (၇) ပြည်နယ် တို့ဖြင့် အဓိက ဖွဲ့စည်းထားရာ အဆိုပါ ဒေသတစ်ခုစီ၏ စီးပွားရေး အခြေအနေ ကောင်းမွန်ပါမှ ပြည်ထောင်စု၏ စီးပွားရေး အခြေအနေသည်လည်း ကောင်းမွန်မည်ဟု ယူဆသဖြင့် လေ့လာမည့် ကိန်းရှင်များအား နိုင်ငံလုံးဆိုင်ရာအဆင့်အစား တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်ကို အခြေပြု လေ့လာပါသည်။ ကိန်းရှင် တစ်ခုစီတိုင်းအတွက် အခန်းတစ်ခန်း စီ လေ့လာဆန်းစစ်ထားပါသည်။ ယခု ခြုံငုံသုံးသပ်ချက်တွင်မူ ကိန်းရှင် (များ) အလိုက် တိုင်းဒေသ ကြီးနှင့်ပြည်နယ်များ၏ စီးပွားရေး အခြေအနေများကို ယှက်ဖြာ ဆန်းစစ်ပါမည်။

အများယူဆချက်ဖြစ်သော "ပြည်နယ်များသည် တိုင်းဒေသကြီးများထက် စီးပွားရေး အခြေအနေ ပိုမို ဆိုးရွားပါသည်"နှင့် ပတ်သတ်၍ သုံးသပ်လိုပါသည်။ ယေဘုယျအားဖြင့် ပြည်နယ်များတွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တပ်မတော်တို့ စစ်ပွဲများ ဖြစ်ပွားနေခြင်း၊ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သော အာဏာရှင်စနစ်သည် ရန်ကုန်နှင့် မန္တလေးကိုသာ စူးစိုက်ခဲ့ပြီး အခြားတိုင်းဒေသကြီးများနှင့် အထူးသဖြင့် ပြည်နယ်များကို

လျစ်လျူရှုခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေရ ခြင်းမှာ ငြင်းဆိုဖွယ်ရာ မရှိ။ သို့သော် ယင်းအချက်ကြောင့် တိုင်းဒေသကြီးအားလုံးသည် ပြည်နယ် များ အားလုံးထက် ချမ်းသာကြွယ်ဝနေသည်၊ တိုင်းဒေသကြီးများရှိ ဗမာလူမျိုးများသည် ပြည်နယ် များတွင် နေထိုင်သည့် အခြားသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများ အားလုံးထက် ပိုမို ချမ်းသာကြွယ်ဝနေသည်ဟု ကောက်ချက်မချနိုင်ပါ။ ယခု ကိန်းရှင်များအလိုက် လေ့လာမှုအရ အချို့ကိန်းရှင်များတွင် (စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ ဆင်းရဲမွဲတေမှု၊ ငွေကြေးဖောင်းပွမှု) ပြည်နယ်များသည် တိုင်းဒေသကြီးများထက် ပိုမိုဆိုရွားနေပြီး အချို့ကိန်းရှင်များတွင်မူ (ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ လုပ်သားထု အခြေ အနေ၊ ပြည်နယ်အစိုးရများနှင့် တိုင်းဒေသကြီးအစိုးရများ၏ အရ-အသုံးစာရင်း) အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ရောပြွန်းစွာ အခြားဒေသများထက် ချမ်းသာသုခကို လျော့ပါး ခံစားရပါသည်။

ဒုတိယအမျိုးအစားတွင် ပါဝင်နေသော ကိန်းရှင်များအပေါ် သက်ရောက်စေသည့် ဖက်တာများမှာ တည်နေရာ ပထဝီဝင် အနေအထား၊ နယ်မြေတည်ငြိမ်မှု (လက်နက်ကိုင်ပဋိပက္ခများနှင့် တရား ဥပဒေစိုးမိုးရေး)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ပါ ပြဋ္ဌာန်းချက်များနှင့် ၎င်းက အသစ်မွေးဖွားပေးသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏ စွမ်းဆောင်ရည်တို့ ဖြစ်ပါသည်။ အထက်ပါ ဖက်တာများကို ဆန်းစစ်လျှင် “တည်နေရာ ပထဝီဝင် အနေအထား”မှအပ ကျန်ဖက်တာများသည် လူသားတို့ စီမံပြောင်းလဲနိုင်သော ဖက်တာများ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ် လိုက်နာကျင့်သုံးနေသည်နှင့်အညီ ရွေးကောက်ပွဲ အနိုင်ရ နိုင်ငံရေးသမားများ၏ နိုင်ငံရေးဆန္ဒ ပြင်းပြမှုသည် အဆိုပါ ဖက်တာများအား စီးပွားရေး အကောင်းဘက် လှည့်စေရန် စွမ်းဆောင်နိုင်ပါ သည်။

“တိုင်းဒေသကြီး (၇)တိုင်း၊ ပြည်နယ် (၇)ပြည်နယ်တို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပါမှ ပြည်ထောင်စုကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်”ဟု ယူဆသဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်များ၏ အခန်းကဏ္ဍသည် အထူး အရေးပါလာပါသည်။ ထို့အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်များ၏ စွမ်းဆောင်ရည်နှင့်အတူ ပြည်ထောင်စု အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေ ပြုရေးမဏ္ဍိုင်တို့၏ “အာဏာခွဲဝေအုပ်ချုပ်မှုအပေါ် ၎င်းတို့၏ နိုင်ငံရေးဆန္ဒ (ဖြစ်နိုင်လျှင် အခြေခံ ဥပဒေထဲတွင်ပါ အာဏာခွဲဝေအုပ်ချုပ်ခြင်းကို

ချဲ့ထွင်ခြင်း)”မှာလည်း အရေးကြီးပြန်ပါသည်။ ယခု အစီရင်ခံစာ၏ အချို့အခန်းများတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် အာဏာများ ပိုမိုပေးအပ်ရန် လက်တွေ့ကျသော အကြံဉာဏ်များကို ထည့်သွင်း ရေးသားထား ပါသည်။ ထို့အပြင် အချို့အခန်းများတွင် သက်ဆိုင်ရာကိန်းရှင်အလိုက် “မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(၂၀၁၈)”နှင့် သဘောမညီမှုများ ရှိသည့် အတွက် အဆိုပါ သဘောမညီမှုများအပေါ် ဆန်းစစ်ထားပါသည်။

အရေးကြီးသောကြောင့် အကြိမ်ကြိမ် ဖော်ပြပြီးဖြစ်သော်လည်း ထပ်မံ ဖော်ပြလိုသည်မှာ “တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၏ စီးပွားဖွံ့ဖြိုးတိုးတက်ပါမှ ပြည်ထောင်စု၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ပါမည်” ထို့ကြောင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြု ရေးမဏ္ဍိုင်တို့၏ အခန်းကဏ္ဍ ယခုထက် ပိုမို ကြီးမားကျယ်ပြန့်စေရေးနှင့် ၎င်းတို့၏ စွမ်းဆောင်ရည် ကောင်းမွန်ရေး အထူး အရေးကြီးပါသည်။

“Poor countries are poor not because of their geographies or cultures, or because their leaders do not know which policies will enrich their citizens.”

Daron Acemoglu & James A. Robinson, Why Nations Fail (2012).

## အခန်း (၁)

## စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

လေ့လာနေသောနှစ်များဖြစ်သည့် ၂၀၁၁-၁၂ မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး[1] များကို လေ့လာဆန်းစစ်ရာတွင် တွေ့ရှိရသော စိတ်ဝင်စားဖွယ် အချက်တစ်ချက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ဂျီဒီပီ များရာမှ နည်းရာသို့ ယှဉ်ရာ (အနည်းအများအလိုက် စဉ်ကြည့်ရာတွင်)တွင် တနင်္သာရီတိုင်းဒေသကြီး[2]မှလွဲ၍ ကျန်တိုင်းဒေသကြီး ဖြစ်သည် ပြည်နယ်များထက် ထိပ်ဆုံးရောက်နေသည်ကို တွေ့ရသည်။ ဆိုခဲ့ပါ တိုင်းဒေသကြီးများအနေဖြင့် ပြည်နယ်များထက် ဂျီဒီပီ ပိုများသည့်ပုံစံမှာ ဆယ်စုနှစ် တစ်ခု (သို့) ဆယ်စုနှစ်တစ်ခုမကထိအောင် မပြောင်းလဲဘဲ တည်ရှိနေသည်။ ယင်းအချက်အရ တိုင်းဒေသကြီးများအနေဖြင့် ပြည်နယ်များထက် ဂျီဒီပီကို ပိုမိုရရှိအောင် စွမ်းဆောင်နိုင်စွမ်း သာလွန်နေသည်ကို ဖော်ညွှန်းနေသည်။ ရန်ကုန်တိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှာ ဂျီဒီပီ အများဆုံးသော တိုင်းဒေသကြီးများဖြစ်ကြပြီး ကယားပြည်နယ်၊ ချင်းပြည် နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်တို့သည် အနည်းဆုံးသော ပြည်နယ်များ ဖြစ်ကြသည်။ ဇယား (၁.၁) သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်ဦးကျ ဂျီဒီပီကို အများဆုံးမှ အနည်းဆုံးသို့ စီ၍ ဖော်ပြထားခြင်းဖြစ်ပြီး ဇယား (၁.၂) သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြန်မာနိုင်ငံ၏ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းများဖြစ်သည်။

**ဇယား (၁.၁) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်ဦးကျ ဂျီဒီပီ (၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်)**

| စဉ် | တိုင်းဒေသကြီးနှင့် ပြည်နယ် | တစ်ဦးကျဂျီဒီပီ (ကျပ်) |
|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၂၁၆၁၁၅၉.၉ |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | ၁၆၁၈၃၀၇.၄ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၉၂၀၉၀.၅ |
| ၄။ | မကွေးတိုင်းဒေသကြီး | ၁၃၇၈၃၆၂.၉ |

[1] ဘောဂဗေဒဘာသာရပ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဂျီဒီပီဟု အတိုကောက်ခေါ်ဆိုသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ဂျီဒီပီဟု အစားထိုးသုံးနှုန်းပါမည်။

[2] ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့သည် လေ့လာနေသော ဘဏ္ဍာနှစ်များတစ်လျှောက် တနင်္သာရီတိုင်းဒေသကြီးထက် ဂျီဒီပီတန်ဖိုး ပိုမိုများပြားသည်။

| | | |
|---|---|---|
| ၅။ | မွန်ပြည်နယ် | ၁၃၂၇၉၇၂.၁ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ၁၁၈၀၃၈၅.၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၁၁၃၈၄၅၄.၅ |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၂၂၇၇၄.၇ |
| ၉။ | ကရင်ပြည်နယ် | ၇၈၃၃၈၄.၁ |
| ၁၀။ | ကယားပြည်နယ် | ၇၈၃၂၀၉.၂ |
| ၁၁။ | ကချင်ပြည်နယ် | ၇၁၇၅၃၅.၃ |
| ၁၂။ | ရခိုင်ပြည်နယ် | ၆၈၅၇၄၂.၉ |
| ၁၃။ | ရှမ်းပြည်နယ် | ၆၇၄၂၂၄.၅ |
| ၁၄။ | ချင်းပြည်နယ် | ၅၂၄၇၆၂.၁ |

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

**ဇယား (၁.၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်း (၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်)**

<table>
<tr><th>စဉ်</th><th>တိုင်းဒေသကြီးနှင့် ပြည်နယ်</th><th colspan="2">ရာခိုင်နှုန်း</th></tr>
<tr><td>၁။</td><td>ရန်ကုန်တိုင်းဒေသကြီး</td><td>၂၅.၅</td><td rowspan="6">၇၇.၅</td></tr>
<tr><td>၂။</td><td>စစ်ကိုင်းတိုင်းဒေသကြီး</td><td>၁၂.၇</td></tr>
<tr><td>၃။</td><td>မန္တလေးတိုင်းဒေသကြီး</td><td>၁၁.၇</td></tr>
<tr><td>၄။</td><td>ဧရာဝတီတိုင်းဒေသကြီး</td><td>၁၀.၁</td></tr>
<tr><td>၅။</td><td>ပဲခူးတိုင်းဒေသကြီး</td><td>၈.၉</td></tr>
<tr><td>၆။</td><td>မကွေးတိုင်းဒေသကြီး</td><td>၈.၆</td></tr>
<tr><td>၇။</td><td>ရှမ်းပြည်နယ်</td><td>၆.၃</td><td>၂၂.၅</td></tr>
</table>

| | | | |
|---|---|---|---|
| ၈။ | မွန်ပြည်နယ် | ၄.၄ | |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ၃.၇ | |
| ၁၀။ | ရခိုင်ပြည်နယ် | ၃.၅ | |
| ၁၁။ | ကရင်ပြည်နယ် | ၂.၀ | |
| ၁၂။ | ကချင်ပြည်နယ် | ၁.၉ | |
| ၁၃။ | ချင်းပြည်နယ် | ၀.၄ | |
| ၁၄။ | ကယားပြည်နယ် | ၀.၄ | |

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

အထက်ပါ ဇယား (၁.၂)အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် မြန်မာနိုင်ငံ၏ ဂျီဒီပီအား အဓိကပါဝင် ဖြည့်ဆည်းထောက်ပံ့ပေးနေသည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ဖြစ်ပြီး ၎င်းတို့၏ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်းမှာ ၇၇.၅% ထိရှိသည်ကိုတွေ့ရသည်။

ပြည်နယ်များသည် လေ့လာနေသောနှစ်များအတွင်း အစိုးရ၏ စီးပွားရေးအရ ဦးစားပေးမှု အားနည်းခြင်း၊ ဒေသအတွင်း တည်ငြိမ်မှုမရှိခြင်းအစရှိသည့် အကျိုးဆက်များကြောင့် ဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးပြီး တိုင်းဒေသကြီးများထက် နောက်ကောက်ကျခြင်း ဖြစ်တန်ရာ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၏ဂျီဒီပီတွင် ပါဝင်ဖြည့်ဆည်းပေးနိုင်မှုမှာ ယခုအချိန်ထိ အလွန်ပင် နည်းပါးနေခြင်း ဖြစ်ပေမည်။ ရှမ်းပြည်နယ်သည် ပြည်နယ်များထဲတွင် စီးပွားရေး စွမ်းဆောင်နိုင်အား အကောင်းဆုံးပြည်နယ် ဖြစ်သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အရ ရန်ကုန်တိုင်းဒေသကြီးနှင့် နှိုင်းယှဉ်လျှင် ဂျီဒီပီတွင် ပါဝင်မှုမှာ ၁၉.၂% ကွာဟလျက်ရှိပြီး၊ ဂျီဒီပီမှာလည်း လေးဆအထိ ကွာဟသည်။ မွန်ပြည်နယ်သည်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် ၂၁.၁% ထိ ကွာဟနေသည်။ နိုင်ငံလုံးဆိုင်ရာ ဂျီဒီပီတွင် ပါဝင်မှုအနည်းဆုံးမှာ ချင်းပြည်နယ်နှင့် ကယားပြည်နယ်ဖြစ်ပြီး စီးပွားရေး သုတေသီများ ကာလကြာရှည်စွာ ဂရုဏာထားခဲ့ရသော ချင်းပြည်နယ်ထက် အခြေအနေဆိုးသည်မှာ (လက်ရှိအချက်အလက်များအရ) ကယားပြည်နယ် ဖြစ်ပါသည်။ အဆိုပါ ပြည်နယ်နှစ်ခု၏ နိုင်ငံလုံးဆိုင်ရာ ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ နှစ်ခုပေါင်းပါကလည်း ၁% ပင် မရှိဘဲဖြစ်နေသည်။ ဂျီဒီပီတန်ဖိုးမှာလည်း အလွန်နည်းပါးလွန်းသော ပမာဏဖြစ်နေရာ ပြည်နယ်တစ်ခု၏ စွမ်းဆောင်နိုင်သော ထုတ်လုပ်မှုစွမ်းအား (ထုတ်လုပ်နိုင်မှုပမာဏ) မှာ များစွာ နိမ့်ကျနေသော အခြေအနေပင် ဖြစ်သည်။

ဤသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ လက်ရှိအချိန်အထိ တိုင်းဒေသကြီးများ၏ စွမ်းဆောင်နိုင်မှုပေါ်တွင် သိသိသာသာ မူတည်နေသည်ဟု ကောက်ချက်ချနိုင်ပြီး ပြည်နယ်များ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးရန်လိုကြောင်း အချက်အလက်များက ဖော်ညွှန်းနေပေသည်။

### ပုံ (၁.၁) တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဂျီဒီပီ




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

### တိုင်းဒေသကြီးများ၏ စီးပွားရေးအခြေအနေ (၂၀၁၁-၁၇ ခုနှစ်)

**ရန်ကုန် တိုင်းဒေသကြီးသည် နိုင်ငံ၏ဂျီဒီပီကို ဖြည့်ဆည်းထောက်ပံ့ပေးရာ၌ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် သာလွန်ကာ ပမာဏ အများဆုံးဖြစ်သော တိုင်း ဒေသကြီးတစ်ခုပင် ဖြစ်သည်။**




ပုံ(၁.၂) ရန်ကုန်တိုင်းဒေသကြီး ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

နိုင်ငံ၏ ပင်မစက်မှုမြို့တော် ဖြစ်သောကြောင့်ဟု ဆိုကောင်းဆိုနိုင်ပေမည်။ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သည့် လုပ်ငန်းများ၏ ၆၈% မှာ ရန်ကုန်တိုင်းဒေသကြီးတွင် ရှိနေပြီး နိုင်ငံ၏ အကြီးမားဆုံးသော ဈေးကွက်ကို ဖန်တီးထားသည်။[3] ဂျီဒီပီပမာဏမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉.၃ သန်းခန့်ထိ ရှိပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ဖိုးပမာဏ အားဖြင့် ကျပ်သန်းပေါင်း ၁၃သန်းခွဲနီးပါး တိုးလာသည်။ သို့သော် ယင်းနှစ်၏ တိုးတက်မှုနှုန်းမှာ ၈.၅% သာရှိ၍ ၎င်းတိုးလာမှုရာခိုင်နှုန်းကို ၂၀၁၁-၁၂ ဘဏ္ဍာနှစ်၏ ဂျီဒီပီတိုးတက်မှုနှုန်း (၁၂.၇%) ဖြင့် ချိန်ထိုးသော် ကျဆင်းသွားသည်ကို တွေ့ရသည်။ သို့သော် နိုင်ငံ၏ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် သာလွန်မြဲ သာလွန်ကာ ဆိုခဲ့ပါ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်၌ ၂၃.၇% ထိရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၏ ဂျီဒီပီတွင် ပါဝင်အားဖြည့်ပေးနေသော လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများအလိုက် လေ့လာ ဆန်းစစ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ဂျီဒီပီတွင် လယ်ယာကဏ္ဍ၏ပါဝင်မှု အနည်းဆုံးသော တိုင်းဒေသကြီးဖြစ်သည်ကို တွေ့ရသည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း လယ်ယာနှင့် စက်မှုကဏ္ဍကြီးတို့၏ ပါဝင်မှု အနည်းငယ်ကျဆင်းလာပြီး ဝန်ဆောင်မှုကဏ္ဍကြီးမှ မြင့်တက်လာသည်။ လယ်ယာကဏ္ဍကြီးသည် ၇.၂% မှ ၆% သို့လည်းကောင်း၊ စက်မှုကဏ္ဍကြီးသည် ၄၆.၈% မှ ၄၄.၈% သို့လည်းကောင်း ဝန်ဆောင်မှု ကဏ္ဍကြီးသည် ၄၆% မှ ၄၉.၃% သို့လည်းကောင်း အသီးသီးရှိလာကြသည်။ ဤသည်မှာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ကောင်းမွန်သောအချက်ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားဘက်စုံ ဖွံ့ဖြိုးမှု စီမံကိန်းအရ ရည်မှန်းထားချက်ကို ဖော်ဆောင်နိုင်မှုလည်း ဖြစ်သည်။ စီမံကိန်း၌ နိုင်ငံ၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍ၏ ပါဝင်မှု အချိုးအစားကို လျော့ချပြီး စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှု ကဏ္ဍတို့၏ ပါဝင်မှု အချိုးအစားကို မြင့်တက်လာစေရန် ရည်မှန်းထားသည်။ လယ်ယာကဏ္ဍကို လျော့၍ လုပ်ကိုင်ရန် မဟုတ်ဘဲ လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် စက်မှုကဏ္ဍကို တိုးတက်စေပြီး ငွေကြေးဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် ပညာရေးစသည့် ဝန်ဆောင်မှုကဏ္ဍများကို တိုးတက်စေခြင်းဖြင့် ဝန်ဆောင်မှု ကဏ္ဍအနေဖြင့် ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်းကို တိုးတက်လာစေရန် ဖြစ်ပါသည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် နောက်ပိုင်းနှစ်များတွင်လည်း ကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစားမှာ ဆိုခဲ့ပါ ရည်မှန်းချက်အတိုင်း

[3] မန္တလေးရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း လေ့လာမှုအစီအရင်ခံစာ (၂၀၁၅) တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ်မှ ၂၀၁၅ခုနှစ်၊ ဩဂုတ်လအတွင်း နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်း (၇၀၇)ခု ရှိရာတွင် ရန်ကုန်တိုင်းတွင် ၄၈၃ခု၊ ပဲခူးတိုင်းတွင် ၄၂ခုနှင့် ရခိုင်ပြည်နယ်တွင် ၂၈ခုစီဖြင့် အသီးသီးရှိကြသည်။

တိုးတက်နေပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ ဂျီဒီပီတွင် ပါဝင်မှုမှာ လယ်ယာကဏ္ဍတွင် ၅.၂%၊ စက်မှုကဏ္ဍတွင် ၄၄.၉%နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၄၉.၉% တို့ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် ဂျီဒီပီပမာဏ ဒုတိယအများဆုံးသော တိုင်းဒေသကြီးမှာ စစ်ကိုင်း တိုင်းဒေသကြီး ဖြစ်သည်။**

ပုံ (၁.၃) စစ်ကိုင်းတိုင်းဒေသကြီး ဂျီဒီပီ




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

နိုင်ငံ၏ စက်မှုမြို့တော် မဟုတ်သော်လည်း စက်မှုမြို့တော် တစ်ခုဖြစ်သော မန္တလေးတိုင်းဒေသကြီးထက် ဆယ်စုနှစ်တစ်ခုထိ (သို့) ဆယ်စုနှစ် တစ်ခုထက်ပိုထိသည့်တိုင် ဂျီဒီပီတန်ဖိုး ပိုမိုများပြား သည့် တစ်ခုတည်းသော တိုင်းဒေသကြီးလည်း ဖြစ်သည်။ ဂျီဒီပီမှာ နှစ်စဉ်မျှော်မှန်းတိုးတက်မှုများ အတိုင်း စဉ်ဆက်မပြတ် တိုးတက်လျက်ရှိ သည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄.၉သန်းကျော်ထိ ရှိနေပြီး ဦးသိန်းစိန်အစိုးရ နောက်ဆုံး နှစ်ကာလဖြစ်သော ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၆.၈သန်းကျော် သို့လည်းကောင်း ဦးထင်ကျော်အစိုးရလက်ထက် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၇.၉သန်းကျော်သို့ လည်းကောင်း နှစ်အလိုက် တန်ဖိုးပမာဏအားဖြင့် တိုးလာလျက်ရှိခဲ့သည်။ သို့သော် ဂျီဒီပီများ၏ တိုးတက်မှု ရာခိုင်နှုန်းများမှာ မတူညီပေ။ ဆိုခဲ့ပါ လေ့လာနေသော နှစ်များအတွင်း စစ်ကိုင်းတိုင်း ဒေသကြီး၏ ဂျီဒီပီ တိုးတက်မှုရာခိုင်နှုန်းများမှာ နှစ်စဉ် ပျမ်းမျှအားဖြင့် ၈% ဝန်းကျင်တွင် တည်ရှိနေသည်ဟု ဆိုနိုင်ပြီး ၂၀၁၄-၁၅ ဘဏ္ဍာနှစ်သည် စစ်ကိုင်းတိုင်း ဒေသကြီး၏ ဂျီဒီပီ တိုးတက်မှုရာခိုင်နှုန်း (၁၀.၄%)ဖြင့် အမြင့်ဆုံးဖြစ်သည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၆.၉%ဖြင့် အနည်းဆုံးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်များထက် ဂျီဒီပီ ပိုများပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ နိုင်ငံ၏ဂျီဒီပီတွင် ပါဝင်မှုမှာ ဒုတိယအများဆုံး ဖြစ်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏ ဂျီဒီပီ၌ ပါဝင်မှုမှာ ၁၂.၄% ဖြစ်ပြီး အဆိုပါဘဏ္ဍာနှစ်၏ ပါဝင်မှုရာခိုင်နှုန်းသည် လေ့လာနေသည့်နှစ်များအတွင်း စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံလုံးဆိုင်ရာ ဂျီဒီပီတွင် အမြင့်ဆုံး ပါဝင်ဖြည့်ဆည်းပေးနိုင်သော ရာခိုင်နှုန်းပင် ဖြစ်သည်။

ဂျီဒီပီတွင် ပါဝင်သော ကဏ္ဍကြီးအလိုက် လေ့လာဆန်းစစ်ရာတွင်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ နှစ်စဉ် ဂျီဒီပီတွင် လယ်ယာကဏ္ဍ ပါဝင်မှုမှာလျော့ကျလာလျက်ရှိပြီး စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ ပါဝင်မှု အချိုးအစားမှာ မြင့်သထက် မြင့်လာနေသည်ကို တွေ့ရသည်။ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၄၇.၆% ဖြစ်ပြီး စက်မှုကဏ္ဍကြီးမှာ ၂၅.၃%၊ ဝန်ဆောင်မှုကဏ္ဍကြီးမှာ ၂၇.၁% တို့ဖြစ်ကြသည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍကြီးသည် ၄၀.၅% သို့ လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၃၆% သို့လည်းကောင်း ကျဆင်းသွားသည်။ စက်မှုကဏ္ဍ ကြီးသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၃၁.၈% သို့လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၃၅.၇% အထိ တိုးလာသလို အလားတူ ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ၂၈.၄% သို့ တိုးလာခဲ့သည်။ ဤသည်မှာ တိုင်းဒေသကြီး၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးဖြစ်ပြီး အဓိကအားဖြင့် လယ်ယာကဏ္ဍ ဖြစ်နေသော်လည်း ယင်းမှ ထွက်သောထုတ်ကုန်များကို တန်ဖိုးမြင့် လယ်ယာထုတ်ကုန်များဆီသို့ ပြောင်းလဲမြင့်တင်ပေးနိုင်သော စက်မှုလယ်ယာပုံစံကို ကူးပြောင်းနေ မှုနှင့် သက်ဆိုင်ပေမည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဂျီဒီပီတွင် မန္တလေးတိုင်း ဒေသကြီးသည် တတိယအများဆုံး ဖြစ်သည်။**




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ရန်ကုန်တိုင်းဒေသကြီးကဲ့သို့ စီးပွားရေး မြို့တော် ဖြစ်သော်လည်း နိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများ တည်ရှိမှုမှာ နည်းပါးသည်။ အများစုမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ သာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များနှင့်အတူ ဒေသ၏ဂျီဒီပီကို ဖြည့်ဆည်းပေး လျက်ရှိသည်။ ဒေသ၏အဓိက စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းနှင့် သစ်နှင့် သစ်တော ထွက်လုပ်ငန်းများ ဖြစ်သည်။ အဆိုပါလုပ်ငန်းများ ပိုမိုအားကောင်းသည်နှင့်အမျှ ဒေသ၏ ဂျီဒီပီသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နိုင်ငံ၏ဂျီဒီပီတွင် ပါဝင်အားဖြည့်နိုင်လာခဲ့သည်။ နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ နှစ်စဉ် ပျှမ်းမျှအားဖြင့် ၁၁% ဝန်းကျင်တွင် ရှိနေသည်။ တန်ဖိုးပမာဏအားဖြင့် ဂျီဒီပီမှာ ၂၀၁၁-၁၂

ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄.၆သန်းကျော်မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၆.၃သန်းနှင့် ၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၇.၂သန်းကျော်ထိ တိုးလာခဲ့သည်။ တိုးတက်မှု ရာခိုင်နှုန်းမှာ ၃.၈% မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၇.၈%နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၈.၄% သို့တိုးလာသည်။ ဤတိုးတက်မှုနှုန်းကို ကြည့်ချင်းအားဖြင့် မန္တလေးတိုင်းဒေသကြီး၏ ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ကျန်တိုင်းဒေသကြီးများထက် တိုးတက်မှုအရှိန် ပိုမိုများနေကြောင်း ပေါ်လွင်သည်။

ဂျီဒီပီ၏ ကဏ္ဍကြီးများ အလိုက် လေ့လာရာတွင်လည်း နှစ်စဉ် ပျမ်းမျှအားဖြင့် လယ်ယာနှင့် စက်မှုကဏ္ဍကြီး နှစ်ခုတို့၏ ပါဝင်မှုမှာ ၆၀% နှင့် ဝန်ဆောင်မှုကဏ္ဍကြီးမှာ ၄၀% ဝန်းကျင်တွင် ရှိနေသည်။ လယ်ယာကဏ္ဍကြီးမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၂၄.၄% မှ ၂၁.၃% ဖြင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ ၁၉.၄%ဖြင့်လည်းကောင်း ဂျီဒီပီတွင် လယ်ယာကဏ္ဍ၏ ပါဝင်မှုမှာ တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ လယ်ယာကဏ္ဍကြီးကို ဖြည့်ဆည်းပေးနေသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ လျော့နည်းလာခြင်းကြောင့် ပင်ဖြစ်သည်။ စက်မှုကဏ္ဍကြီး၏ ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၂၈.၇% မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၃၂.၉% နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၃၃.၇% သို့ မြင့်တက်လာမှု ရှိသည်။ စက်မှုလက်မှုလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ များပြားလာခြင်းတို့ကြောင့် ဖြစ်သည်။ နိုင်ငံ၏ အလယ်ပိုင်း ဒေသတွင် တည်ရှိနေပြီး ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် အချက်အချာ နေရာ ဖြစ်ခြင်းတို့က ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်သွယ်မှုများကို အကျိုးဖြစ်ထွန်းစေပြီး တိုင်းဒေသကြီး ၏ ဂျီဒီပီတွင် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုကို နှစ်စဉ်မြင့်တက်စေလျက်ရှိသည်။

**ရော၀တီတိုင်းဒေသကြီးသည် တိုင်းဒေသကြီး ၇ခုအထဲတွင် ဂျီဒီပီအားဖြင့် နှိုင်းယှဉ်ပါက အလယ်အလတ်အဆင့်တွင် ရှိနေသည်။**



ပုံ (၁.၅) ရော၀တီတိုင်းဒေသကြီး ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

နိုင်ငံ၏ အကြီးဆုံးသော ဈေးကွက်ဖြစ်သည့် ရန်ကုန်မြို့နှင့် နီးကပ်စွာရှိနေသဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ခြင်း၊ ရေအရင်းအမြစ်နှင့် မြေဆီမြေနှစ် ပေါကြွယ်ဝမှု ရှိခြင်းတို့က ထိုသို့ဖြစ်စေသည်ဟု ဆိုရပေမည်။ ဒေသ၏စီးပွားရေးကို အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် ကုန်သွယ်မှုတို့မှ မောင်းနှင်လျက်ရှိသည်။ ဂျီဒီပီမှာ တန်ဖိုးအားဖြင့် ၂၀၁၁-၁၂ ဘဏ္ဍာနှစ် တွင် ကျပ်သန်းပေါင်း ၄.၈သန်း နီးပါး၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၅.၈သန်းကျော်နှင့် ၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် ၆.၃သန်းကျော်သို့လည်းကောင်း အသီးသီး မြင့်တက်လာခဲ့သည်။ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါ၀င်မှုမှာ တခြားသော ကဏ္ဍကြီးနှစ်ခုပေါင်းထက်ပိုများသည်။ နှစ်စဉ် အားဖြင့် ၄၀-၅၀ ရာခိုင်နှုန်းအတွင်း ရှိနေသည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၅၁.၄% ဖြစ်ပြီး၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၄၅%နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၄၁.၉% ထိသာ ပါ၀င်မှု ရှိလာသည်။ ထိုသို့ လယ်ယာကဏ္ဍကြီး၏ ပါ၀င်နေမှု အချိုးအစားကို နှစ်အလိုက် လျော့ချ၍ တစ်ဖက်တွင် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့၏ ပါ၀င်မှုကို မြင့်သထက်မြင့်လာအောင် လုပ်ဆောင်လျက်ရှိသည်။ သို့သော် ဒေသ၏ စီးပွားရေးအသက်သွေးကြောမှာ အဓိကအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့တွင် များစွာမှီခိုနေရသည့်ပုံစံဖြစ်သည်။ ထို့အတွက် လယ်ယာကဏ္ဍကြီး၏ ပါ၀င်မှုရာခိုင်နှုန်းမှာ ရော၀တီတိုင်းဒေသကြီးအတွက်မူ အခြားသော ကဏ္ဍကြီးတို့ထက် များနေလျက်ရှိနေခဲ့သည်။

လျော့လာနေသောနှစ်များဖြစ်သည့် ၂၀၁၁-၁၂ ဘဏ္ဍာ နှစ်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း လယ်ယာကဏ္ဍကြီး၏ ပါ၀င်မှုရာခိုင်နှုန်း အနည်းငယ် လျော့ကျလာသည့်အလျောက် တဖက်က စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့မှာ နှစ်စဉ် အနည်းငယ်မျှစီ တိုးမြင့်လာခဲ့သည်။ ကုန်ထုတ်စွမ်းအားများ ကျဆင်းလာလျက်ရှိပြီး နောက်ပိုင်းနှစ် ဖြစ်သော ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင်သာ ပြန်လည်မြင့်တက်လာခြင်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ

တရှိန်တိုးတက်လာမှုက စက်မှုကဏ္ဍ၏ ဂျီဒီပီတွင် ပါဝင်မှုကို ပိုမိုအထောက်အကူ ပြုစေခဲ့သည်။ အလားတူ ကုန်သွယ်မှုလုပ်ငန်းများ အနည်းငယ် ကျဆင်းလာနေခဲ့သော်လည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ပိုမိုတွင်ကျယ်လာမှုကြောင့် နောက်ပိုင်းနှစ်များ၌ ဂျီဒီပီတွင် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုကို မြင့်တက်လာစေနိုင်ခဲ့သည်။ ဂျီဒီပီတိုးတက်မှုနှုန်းကို လေ့လာဆန်းစစ်ရာတွင် ဦးသိန်းစိန်အစိုးအရလက်ထက် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ခန့်မှန်းဂျီဒီပီ တိုးတက်မှုရာခိုင်နှုန်း (Estimated GDP Growth Rate) ထိ ရောက်အောင် ဒေသ၏စီးပွားရေးမှာ မစွမ်းဆောင်နိုင်သည့်အပြင် ကျဆင်း လျက်ရှိနေပြီး ဂျီဒီပီတိုးတက်မှုရာခိုင်နှုန်းမှာ အနုတ်လက္ခဏာ (-၄.၅%) ကိုရောက်ရှိသွားသည်။ ယင်းမှာ ဆိုခဲ့ပါနှစ်၌ လယ်ယာထုတ်ကုန်များ၏ ပြန်ရချက်နည်းပါးခြင်း (အဓိကအားဖြင့်) နှင့် ကုန်သွယ်မှုပမာဏ ကျဆင်းခြင်းတို့ကြောင့် ဖြစ်သည်။ သို့သော် နောက်ပိုင်းနှစ်များတွင် စီးပွားရေးစွမ်းဆောင်မှု ပြန်လည်ကောင်းမွန်လာပြီး ဂျီဒီပီတိုးတက်မှုရာခိုင်နှုန်းမှာ တရှိန်ထိုးတက်လာကာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၅.၁% ထိဖြစ်လာသည်။ ဦးထင်ကျော်အစိုးရလက်ထက် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင်လည်း ဂျီဒီပီသည် တန်ဖိုးပမာဏအားဖြင့် တိုးလာသော်လည်း တိုးတက်မှုရာခိုင်နှုန်းအရ ၂.၇% သို့ကျဆင်းသွားသည်။ အကြောင်းမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လယ်ယာကဏ္ဍကြီးတွင် ပါဝင်အားဖြည့်နိုင်မှုမှာ လျော့ကျသွားခြင်းကြောင့် ဖြစ်သည်။

**မကွေးတိုင်း ဒေသကြီးသည် လေ့လာနေသောနှစ်များအတွင်း တိုင်းဒေသကြီး ၇ခုအနက် ဂျီဒီပီတွင် တတိယမြောက် အနည်းဆုံးသော တိုင်းဒေသကြီး ဖြစ်သည်။**



ပုံ (၁.၆) မကွေးတိုင်းဒေသကြီး ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ဒေသ၏ဂျီဒီပီမှာ ကျပ်သန်းပေါင်း ၄.၁သန်းကျော်ထိရှိပြီး ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၉.၃% ဖြစ်သည်။ ၎င်းတိုးတက်မှုနှုန်းသည် လေ့လာနေသောနှစ်များအတွင်း ဒေသ၏ အမြင့်ဆုံးသော ဂျီဒီပီ တိုးတက်မှုနှုန်းပင် ဖြစ်သည်။ ဂျီဒီပီသည် တန်ဖိုးပမာဏအားဖြင့် နှစ်အလိုက် တိုးလာပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၅.၃သန်းကျော်ထိ ရှိလာခဲ့သည်။ အကြောင်းမှာ ဝန်ဆောင်မှုကဏ္ဍကြီးတွင် အထူးသဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊

ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးတို့တွင် တိုးတက်လာခြင်းကြောင့်ပင် ဖြစ်သည်။ သို့သော် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၉.၃% မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၆.၁% သို့ ကျဆင်းသွားသည်။ နောက်ပိုင်းနှစ်များတွင်လည်း ဆက်လက် ကျဆင်းမှုများရှိပြီး ဦးထင်ကျော်အစိုးရလက်ထက် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ၂.၆% သို့လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်မူ ဂျီဒီပီတိုးတက်မှုနှုန်းမှာ -၁.၃% ထိသို့လည်းကောင်း ကျဆင်းလာခဲ့သည်။ တန်ဖိုး ပမာဏအားဖြင့် ဂျီဒီပီသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ပေါင်း ၅.၄သန်းကျော်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၅.၃သန်းကျော်ထိ လျော့နည်း သွားသည်။ ဂျီဒီပီရှိ ကဏ္ဍကြီးများ၏ ပါဝင်မှုတွင် စက်မှုကဏ္ဍကြီးသည် ၂၆.၃% မှ ၂၉.၂% သို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးသည် ၃၃.၅% မှ ၃၆.၄% သို့လည်းကောင်းအသီးသီး မြင့်တက်လာသော်လည်း လယ်ယာကဏ္ဍကြီးတွင် ၄၀.၃% မှ ၃၄.၄% သို့ အလွန်အမင်း ကျဆင်းသွားခဲ့သည်။

ဤသည်မှာ မကွေးတိုင်းဒေသကြီးသည်လည်း လယ်ယာစိုက်ပျိုးရေးကို အခြေပြု လုပ်ဆောင်နေသော တိုင်းဒေသကြီးတစ်ခု ဖြစ်သည့်နှင့်အညီ ဒေသ၏စီးပွားရေးတွင် လယ်ယာကဏ္ဍကြီးကို အထူးပြု အားထားနေရဆဲ ဖြစ်သည်။ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုကို လျော့ချပြီး တဖက်တွင် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးနှစ်ခုတို့ကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်လျက်ရှိသော်လည်း ဆိုခဲ့ပါ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်မူ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီး နှစ်ခုတို့မှ တိုးလာသည့် တန်ဖိုးပမာဏထက် လယ်ယာကဏ္ဍကြီးရှိ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့၏ ထုတ်လုပ်နိုင်မှုစွမ်းအား ကျဆင်းသွားခြင်းကြောင့် ဖြစ်သည်။ တန်ဖိုးပမာဏအားဖြင့် ကျပ်သန်းပေါင်း ၃သိန်းခွဲကျော်ထိ ဖြစ်သည်။

**လေ့လာနေသောနှစ်များ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးသည် တိုင်းဒေသကြီး ၇ ခုအနက် ဂျီဒီပီ ဒုတိယ အနည်းဆုံးဖြစ်နေသော တိုင်းဒေသကြီး ဖြစ်သည်။**

ပုံ (၁.၇) ပဲခူးတိုင်းဒေသကြီး ဂျီဒီပီ




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ဒေသ၏ ဂျီဒီပီမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်း

ပေါင်း ၃.၅သန်းကျော်ထိ ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်မှုမှာ ၈.၅% ဖြစ်သည်။ သို့သော် ယင်းနှစ်၏ စီးပွားရေးစွမ်းဆောင်နိုင်စွမ်း ကျဆင်းသွားပြီး ဂျီဒီပီသည် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ရှိနေသော တန်ဖိုးပမာဏထက် လျော့နည်းသွားသည်။ ထို့ကြောင့် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ အနုတ်လက္ခဏာပြပြီး (-၀.၈%) ထိရှိလာသည်။ ယင်းမှာ ပဲခူးတိုင်းဒေသကြီးသည် မကွေးတိုင်း ဒေသကြီးကဲ့သို့ပင် ဒေသ၏စီးပွားရေးတွင် လယ်ယာကဏ္ဍကြီးကို အထူးပြု အားထားနေရဆဲ ဖြစ်ပြီး ဒေသ၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ ကျန်ကဏ္ဍကြီး နှစ်ခုထက်များနေဆဲဖြစ်ပြီး ဆိုခဲ့ပါနှစ်၌ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ ကျဆင်းလာခြင်းနှင့် သက်ဆိုင်နေပေလိမ့်မည်။ ယင်းနောက်ပိုင်း နှစ်များတွင် စီးပွားရေးပြန်လည် ကောင်းမွန်လာပြီး လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုကို လျော့ချရန် လုပ်ဆောင် ချက်များကြောင့် စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍကြီး နှစ်ခုတို့၏ ပါဝင်မှုနှုန်း ပိုမိုများလာကာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄.၉သန်း စွန်းစွန်းဖြင့်လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၅.၅ သန်းကျော်ထိ ရှိလာခဲ့သည်။

ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၃၅.၁% နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၃၂.၃% သို့ လျော့နည်းသွားသည်။ သို့သော် တန်ဖိုးပမာဏအားဖြင့် လယ်ယာကဏ္ဍကြီးမှာ နှစ်အလိုက် တိုးလာလျက်ရှိနေခဲ့သည်။ စက်မှုကဏ္ဍကြီးမှာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အရ ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းအားဖြင့် ၂၆.၇% ထိ တိုးလာခဲ့သလို တန်ဖိုးပမာဏ အားဖြင့်လည်း ကျပ်သန်းပေါင်း ၁၄သိန်းခွဲကျော်ထိ တိုးလာခဲ့သည်။ ထို့အပြင် ဝန်ဆောင်မှုကဏ္ဍကြီးအနေဖြင့် ဂျီဒီပီတွင် ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၄၁% ထိ တိုးလာခဲ့သလို တန်ဖိုးပမာဏအားဖြင့်လည်း ကျပ်သန်းပေါင်း ၂၂သိန်းခွဲကျော်ထိ မြင့်တက် လာခဲ့သည်။ အကြောင်းမှာ စက်မှုကဏ္ဍကြီးတွင် အဓိကအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်း အပါအဝင် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများအားကောင်းလာပြီး ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ငှားရမ်းခြင်းနှင့် အခြားဝန်ဆောင်မှု ဆိုင်ရာများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေး လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာသောကြောင့် ဖြစ်ပေသည်။

**တနင်္သာရီတိုင်းဒေသကြီးသည် တိုင်းဒေသကြီးများ အနက် ဂျီဒီပီ အနည်းဆုံး ဖြစ်သည့် အပြင် ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ် အစရှိသော ပြည်နယ်များထက် ဂျီဒီပီ နည်းလွန်းသည့် တစ်ခု တည်းသော တိုင်းဒေသကြီးပင် ဖြစ်သည်။**



ပုံ (၁.၈)တနင်္သာရီတိုင်းဒေသကြီး ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ဒေသ၏ စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် ကုန်သွယ်ရေးတို့ ဖြစ်သည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ဂျီဒီပီမှာ ကျပ်သန်းပေါင်း ၁.၅သန်းခန့် ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်မှုမှာ ၃.၆% ဖြစ်သည်။ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၁၁.၇% ဖြစ်ပြီး လွှလာနေသောနှစ်များအတွင်း အမြင့်ဆုံးသော ဂျီဒီပီတိုးတက်မှုနှုန်းဖြစ်ခဲ့သည်။ ဆိုခဲ့ပါနှစ်၌ လယ်ယာစိုက်ပျိုးရေး၊ သတ္တုနှင့် တွင်းထွက်လုပ်ငန်း များ၏ ထုတ်လုပ်မှုပမာဏ တိုးမြင့်လာကာ လယ်ယာကဏ္ဍကြီးတွင် ပါဝင်အားဖြည့်မှု ပိုများလာခြင်းကြောင့် ဖြစ်သည်။

ဂျီဒီပီသည် နှစ်အလိုက်တိုးလာလျက်ရှိပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ် တွင် ကျပ်သန်းပေါင်း ၂သန်း ခန့်နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂.၂သန်းခွဲကျော်ထိ ဖြစ်လာခဲ့သည်။ သို့သော် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၇.၆% သို့ ကျဆင်းလာခဲ့သည်။ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၅၅% နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၅၃.၇% သို့လျော့ကျသွားသည်။ လယ်ယာကဏ္ဍကြီးအား အဓိကမောင်းနှင်နေသော မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များကျဆင်းလာခြင်းနှင့် အခြား သစ်တောဆိုင်ရာအခြေခံ ထုတ်ကုန် များ ကျဆင်းလာမှုကလည်း လယ်ယာကဏ္ဍကြီးကို ဤသို့ ဖြစ်စေသည်။ သို့သော် စက်မှုကဏ္ဍကြီး သည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၁၆.၆% သို့လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် တွင် ၁၇% သို့ လည်းကောင်း တိုးမြင့်သွားသလို ဝန်ဆောင်မှုကဏ္ဍကြီးမှလည်း ၂၀၁၅-၁၆ ဘဏ္ဍာနှစ် တွင် ၁၆.၆% နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၂၈.၄% သို့မြင့်တက်လာခဲ့သည်။ အကြောင်းမှာ စက်မှု ကဏ္ဍတွင် ဆောက်လုပ်ရေး လုပ်ငန်းအပါအဝင် စက်မှုလက်မှုလုပ်ငန်းများ စွမ်းဆောင်ရည် တက်လာခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ဆက်သွယ်ရေးလုပ်ငန်းများ၊ ငွေရေးကြေးရေး လုပ်ငန်းများ၊ ငှားရမ်း ခြင်းနှင့် အခြားဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများနှင့် ကုန်သွယ်မှုတို့ ကျယ်ပြန့် လာခဲ့ခြင်းတို့ကြောင့် ဖြစ်ပေသည်။

## ပြည်နယ်များ၏ စီးပွားရေးအခြေအနေ (၂၀၁၁-၁၇ ခုနှစ်)

**လေ့လာနေသော နှစ်များ ၂၀၁၁-၁၇ ခုနှစ်အတွင်း ရှမ်းပြည်နယ်သည် ပြည်နယ်များထဲတွင် ဂျီဒီပီ အများဆုံးသော ပြည်နယ်ဖြစ်သည်။**



ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ပြည်နယ်၏ အဓိက စီးပွားရေးမှာ အချို့သော တိုင်းဒေသကြီး များကဲ့သို့ လယ်ယာထုတ်ကုန် အခြေပြု ဖြစ်သည့်နှင့်အညီ ရှမ်းပြည်နယ်၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၄၀% အထက်တွင် ရှိနေခဲ့သည်။ စက်မှုကဏ္ဍကြီးမှာ ၂၂.၄% ဖြစ်ပြီး မူဆယ်နှင့် တာချီလိတ် စသော နယ်စပ်ကုန်သွယ်ရေး စခန်းကြီး များကြောင့် ကုန်သွယ်မှုအားကောင်းပြီး ဂျီဒီပီတွင် ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုနှုန်းကို ၃၄.၈% ထိဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ယင်းနှစ်တွင် ဂျီဒီပီမှာ ကျပ်သန်းပေါင်း ၃သန်းစွန်းစွန်းထိ ရှိခဲ့သည်။ နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်ဖြည့်ဆည်းပေးမှုမှာ ၇.၂% ဖြစ်ပြီး ယင်းပါဝင်မှု အချိုးအစားမှာ လေ့လာနေ သောနှစ်များအတွင်း အမြင့်ဆုံးသောရာခိုင်နှုန်း ဖြစ်သည်။

ရှမ်းပြည်နယ်၏ ဂျီဒီပီကို ဆန်းစစ်ရာတွင် ဂျီဒီပီသည် နှစ်အလိုက် တိုးလာလျက်ရှိနေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၃သန်း ခွဲကျော်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄သန်းနီးပါး ရှိလာခဲ့သည်။ ဤသည်မှာ ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်နိုင်စွမ်းတိုးလာခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးရှိ ကဏ္ဍအသီးသီး၏ စွမ်းဆောင်နိုင်စွမ်း တိုးလာခြင်း၊ အထူးသဖြင့် ဆက်သွယ်ရေးလုပ်ငန်း၊ ငှားရမ်းခြင်းနှင့် အခြားဝန်ဆောင်မှု ဆိုင်ရာလုပ်ငန်းများ တရိုန်ထိုး အားကောင်းလာခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ဂျီဒီပီတိုးတက်မှု နှုန်းမှာလည်း နှစ်အလိုက် တိုးလာနေခဲ့သည်ကို တွေ့ရသည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၂.၄% မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၄.၃% သို့လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၅.၈% သို့ လည်းကောင်း ရောက်ရှိလာခဲ့သည်။ သို့သော် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ ဂျီဒီပီ တိုးတက်မှုနှုန်းနှင့် ပြန်လည် ချိန်ထိုးကြည့်ရာ ပမာဏ နည်းနေလျက်ရှိနေသည်ကို တွေ့ရသည်။ ထို့အပြင် ရှမ်းပြည်နယ်သည် နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်မှုနှုန်း၌ ဆက်တိုက်ဆိုသလို

ကျဆင်းမှု ရှိနေပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၆.၃% နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆.၂% သို့ လျော့ကျ သွားသည်။ ဤသည်မှာ ရှမ်းပြည်နယ် သည် ၎င်း၏အထက်တွင် ရှိနေသော တိုင်းဒေသကြီးများ၏ စီးပွားရေးထက် သာလွန်အောင် စွမ်းဆောင်နိုင်ခြင်း မရှိသေးသည်ကို ပေါ်လွင်နေသည်။

**မွန်ပြည်နယ်သည် ပြည်နယ်အလိုက်ဂျီဒီပီတွင် ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယ အများဆုံးဖြစ်သည်။**

ပုံ (၁.၁၀) မွန်ပြည်နယ် ဂျီဒီပီ




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ပြည်နယ်၏ စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးကို အခြေပြုထားသလို ဝန်ဆောင်မှုကဏ္ဍများ ဖြစ်သော ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးများလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင် လာလျက်ရှိကြသည်။ ယင်းအတွက် မွန်ပြည်နယ်၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့က အဓိကအနေဖြင့် ပါဝင် ထောက်ပံ့ပေးလျက်ရှိနေသည်ကို တွေ့ရသည်။ ဂျီဒီပီမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁.၈သန်းခွဲထိ ရှိပြီး တစ်နိုင်ငံလုံးဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ၄.၄% သာရှိသည်။

လေ့လာနေသော နှစ်များအတွင်း မွန်ပြည်နယ်၏ စီးပွားရေးမှာ ရုတ်ချည်းဆိုသလို အဆမတန် တရှိန်ထိုးတက်လာသည်ကို မတွေ့ရဘဲ ဖြည်းဖြည်းမှန်မှန် တစ်နှစ်ထက်တစ်နှစ် တိုးလာသည်ကို တွေ့ရှိရသည်။ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှာ ယခင်နှစ်များထက် အဆမတန်ပိုမို ဝင်ရောက်လာမှုက ဆိုခဲ့ပါနှစ်များ၏ စီးပွားရေးကို ပိုမို၍ မောင်းနှင်းအား ကောင်းစေခဲ့သည်။ ဂျီဒီပီမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂သန်းစွန်းစွန်းသို့ လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂.၄သန်းနီးပါး သို့လည်းကောင်း ရှိလာခဲ့သည်။ မွန်ပြည်နယ် အနေဖြင့် နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်အားဖြည့်နေမှုမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ၄.၃% ရှိသည်။ ယင်းမှတစ်ဆင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဂျီဒီပီမှာ ကျပ်သန်းပေါင်း ၂.၇သန်းကျော်မျှထိ ရှိလာခဲ့သည်။ စက်မှုလက်မှုလုပ်ငန်း၊ ငါးရမ်းခြင်းနှင့် အခြားဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် ကုန်သွယ်ရေး ဆိုင်ရာလုပ်ငန်းများမှ ပါဝင်ဖြည့်ဆည်းပေးမှု များလာခြင်း ဖြစ်သည်။ ဆိုခဲ့ပါနှစ်၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏

ပါဝင်မှုမှာ ၂၈% ဖြစ်ပြီး စက်မှုကဏ္ဍကြီးမှာ ၃၀.၁% နှင့် ဝန်ဆောင်မှု ကဏ္ဍကြီးမှာ ၄၀.၉% ဖြစ်သည်။ ဤသို့ မွန်ပြည်နယ်၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ စက်မှုမြို့တော်များတည်ရှိသော ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ပြီးလျှင် အနည်းဆုံးဖြစ်နေခြင်းက ဖွံ့ဖြိုးဆဲဒေသမှ ဖွံ့ဖြိုးပြီးဒေသအဖြစ်သို့ ရောက်အောင် အဆောတလျင် ကူးပြောင်းနိုင်သည့် ပုံစံရှိနေသည်။

## ပြည်နယ်များအနက် ဂျီဒီပီတွင် တတိယအများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်သည်။



ပုံ (၁.၁၁) ရခိုင်ပြည်နယ် ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများမှာ အားထားရသော လုပ်ငန်းများဖြစ်ပြီး သယ်ယူပို့ဆောင်ရေး ကဏ္ဍမှာ ပြည်နယ်၏ စီးပွားရေးကို အဓိက ပါဝင်ဖြည့်ဆည်း ပေးလျက် ရှိနေသည်။ ၎င်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ဂျီဒီပီတွင် ပါဝင်မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၃၀.၉% ထိရှိနေခဲ့သည်။ ယင်းရာခိုင်နှုန်းအရ ရခိုင်ပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဂျီဒီပီတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပါဝင်မှုနှုန်း အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ဤသည်မှာ ရခိုင်ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ စရိတ်စက မြင့်မားနေသည်ဟု ဆိုနိုင်ပေမည်။ ဂျီဒီပီမှာ တန်ဖိုးပမာဏအားဖြင့် မွန်ပြည်နယ်ကဲ့သို့ပင် နှစ်အလိုက် တဖြည်းဖြည်းတက်နေခြင်း ဖြစ်သည်။ ကျပ်သန်းပေါင်း ၁.၆သန်းကျော်ဖြင့် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂သန်းစွန်းစွန်းသို့လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂.၁သန်းကျော်သို့လည်းကောင်း တိုးလာခဲ့သည်။ စက်မှုကဏ္ဍကြီးရှိ ဆောက်လုပ်ရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ ဌားရမ်းခြင်းနှင့် အခြားဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းတို့၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ တိုးလာခြင်းကြောင့် ဖြစ်သည်။

ထိုသို့ ပြည်နယ်၏ ဂျီဒီပီမှာ နှစ်အလိုက် တိုးလာလျက်ရှိနေသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နိုင်ငံ၏ ဂျီဒီပီတွင် ပါဝင်မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄% မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် ၃.၆% နှင့် ၃.၄% သို့ လျော့ကျသွားခဲ့သည်။ ဂျီဒီပီ တိုးတက်မှုနှုန်းကို လေ့လာဆန်းစစ်ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂.၁% မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄% သို့တက်လာခဲ့သည်။ ဤသည်မှာ ဆောက်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အထူးသဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍတို့၏ စွမ်းဆောင်နိုင်စွမ်း တိုးလာခြင်း ကြောင့်ပင်ဖြစ်သည်။ သို့သော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ၃.၁% သို့ ကျဆင်းသွားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင်မူ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၃.၇% သို့ပြန်လည် တိုးလာခဲ့သည်။ ယင်းသို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျဆင်းရခြင်းမှာ ရခိုင်ပြည်နယ်၏ ဂျီဒီပီကို အဓိကပါဝင်ဖြည့်ဆည်းပေးနေသော သယ်ယူပို့ဆောင်ရေးကဏ္ဍ ကျဆင်းသွားခြင်းအပြင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့၏ ထုတ်လုပ်မှုများ ကျဆင်းသွားခြင်းနှင့် သက်ဆိုင် နေမည်။

***ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ပြည်နယ်အလိုက် ဂျီဒီပီတွင် တတိယနှင့် စတုတ္ထ အနည်းဆုံးသော ပြည်နယ်တို့ပင်ဖြစ်သည်။*** ၎င်းပြည်နယ်နှစ်ခုလုံး၏ စီးပွားရေးမှာ လယ်ယာကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့ကို အထူးမှီခိုအားထားနေရသည်။ ဒေသအတွင်း နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် အဆိုပါပြည်နယ်နှစ်ခုလုံး၏ စီးပွားရေးကို အဟန့်အတား ဖြစ်စေမှုများလည်း ရှိနိုင်သည်။ ကချင်ပြည်နယ်၏ ဂျီဒီပီမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉.၈သိန်းကျော်မျှသာ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁.၁သန်း စွန်းစွန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁.၂သန်း စွန်းစွန်းသာရှိသည်။ ပြည်နယ်များအလိုက် နိုင်ငံ၏ဂျီဒီပီတွင် ပါဝင်မှုမှာ နှစ်စဉ်ပျမ်းမျှရာခိုင်နှုန်းအားဖြင့် ၂% မျှသာ ရှိနေခဲ့သည်။ ကရင်ပြည်နယ်၏ ဂျီဒီပီမှာလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၇.၃သိန်းခွဲကျော်သာရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၀.၆သိန်းစွန်းစွန်းနှင့် ကျပ်သန်းပေါင်း ၁.၂သန်းကျော်မျှသာရှိသည်။ ပြည်နယ်များအလိုက် နိုင်ငံလုံးဆိုင်ရာဂျီဒီပီတွင် ကရင်ပြည်နယ်၏ ပါဝင်မှုမှာ နှစ်စဉ်ပျမ်းမျှရာခိုင်နှုန်းအားဖြင့် ၁.၉% မျှသာ ရှိနေခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ၎င်းပြည်နယ်နှစ်ခု၏ စီးပွားရေးစွမ်းဆောင်နိုင်မှုမှာ နိမ့်ကျနေလျက် ရှိနေသည် ဟု ဆိုရပေမည်။




ပုံ (၁.၁၂) ကချင်ပြည်နယ် ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ဂျီဒီပီ တိုးတက်မှုနှုန်းအရ လေ့လာ ဆန်းစစ်ရာတွင် ကချင်ပြည်နယ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မျှော်မှန်းထားသော စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ရရှိအောင် မစွမ်းဆောင် နိုင်သည့်အပြင် ရှေ့နှစ်၏ ဂျီဒီပီထက် ကျဆင်းသွားသည့်အတွက် ဂျီဒီပီတိုးတက်မှုနှုန်း မှာ (-၅.၂%) ဖြင့် အနုတ်လက္ခဏာ ပြနေခဲ့သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်လည်း ထပ်မံ၍ အနုတ် ၇.၆% ဖြစ်နေလျက်ရှိနေခဲ့သည်။ ယင်းမှာ ဝန်ဆောင်မှုကဏ္ဍကြီးမှ တိုးလာသည့် စွမ်းဆောင်နိုင်မှု တန်ဖိုးထက် တဖက်က ကျဆင်းသွားသည့် လယ်ယာကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတို့၏ ထုတ်လုပ်မှုတန်ဖိုးက ပိုမိုများသောကြောင့်ဖြစ်သည်။ အထူးသဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် သတ္တုကဏ္ဍတို့၏ ဂျီဒီပီတွင် ပါဝင်ဖြည့်ဆည်းပေးနိုင်မှုတန်ဖိုး တရှိန်ထိုး ကျဆင်းသွားခြင်း ဖြစ်သည်။ နောက်ပိုင်းနှစ်များတွင်မူ စီးပွားရေး ပြန်လည်ဦးမော့လာပြီး ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၉.၉% ထိ တိုးတက်မှုရှိလာသည်။ အထူးသဖြင့် ဆောက်လုပ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့၏ ဂျီဒီပီတွင် ပါဝင်သော တန်ဖိုးတို့ အဆများစွာ တိုးမြင့်လာခြင်းအပြင် သစ်တောကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍ (Financial Institutions) တို့ပါ လိုက်ပါတိုးမြင့်လာ ခြင်းကြောင့်ဖြစ်သည်။ ၎င်းဂျီဒီပီ တိုးတက်မှုနှုန်းသည် လေ့လာနေသောနှစ်များအတွင်း ကချင်ပြည်နယ်၏ ဂျီဒီပီတိုးတက်မှုနှုန်း အမြင့်ဆုံးသောနှစ်ပင် ဖြစ်သည်။ ယင်းနောက် ဂျီဒီပီတိုး တက်မှုနှုန်း ပြန်လည်ကျဆင်းကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၉.၅% နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅.၇% ထိ ကျဆင်းသွားသည်။ စက်မှုကဏ္ဍကြီးရှိ အထူးသဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့၏ တိုးတက်လာသောနှုန်း လျော့နည်းသွားခြင်းကြောင့် ဖြစ်သည်။



ပုံ (၁.၁၃) ကရင်ပြည်နယ် ဂျီဒီပီ

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ကရင်ပြည်နယ်၏ ဂျီဒီပီ တိုးတက်မှုနှုန်းကို လေ့လာဆန်းစစ်ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၏ ဂျီဒီပီ တိုးတက်မှုနှုန်းသည် ၁၆.၃% ဖြစ်ပြီး လေ့လာနေသောနှစ်များအတွင်း အမြင့်ဆုံးသော ဂျီဒီပီ တိုးတက်မှုနှုန်းပင် ဖြစ်သည်။ ယင်းနောက်ပိုင်းနှစ်များ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ၉.၅% နှင့် ၇.၄% သို့ကျဆင်းသွားခဲ့သည်။ ထို့သို့ဖြစ်ရခြင်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တရှိန်ထိုးတက်လာသော ဝန်ဆောင်မှုကဏ္ဍကြီးရှိ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့အပြင် စက်မှုကဏ္ဍကြီး၏ သတ္တုကဏ္ဍနှင့် လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍနှင့် သစ်တောကဏ္ဍတို့၏ ဂျီဒီပီတိုးတက်မှုရာခိုင်နှုန်းများ ကျဆင်းသွားခြင်းကြောင့် ဖြစ်သည်။ ဆက်လက်ပြီး နောက်နှစ်များတွင်လည်း ထပ်မံကျဆင်းမှု ရှိလာခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်မူ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၈.၅% ဖြင့် ပြန်လည် ဦးမော့လာခဲ့သည်။ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍတို့၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ တက်လာခြင်းကြောင့် ဖြစ်သည်။

***ပြည်နယ်များအလိုက် ဂျီဒီပီတွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဂျီဒီပီတွင်လည်း ပထမနှင့် ဒုတိယ အနည်းဆုံးသောပြည်နယ်တို့မှာ ကယားပြည်နှင့် ချင်းပြည်နယ်တို့ပင် ဖြစ်နေသည်။*** နိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အနက် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်နေသည်မှာလည်း အဆိုပါပြည်နယ်နှစ်ခု၏ အင်မတန်ကို နည်းလွန်းလှသော ဂျီဒီပီအရ ဤသို့ဖြစ်ရန် အကြောင်းဖန် နေသည်ဟု ဆိုရပေမည်။ ၎င်းတို့၏ မြေမျက်နှာသွင်ပြင် ပထဝီဝင်အနေအထားအရ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်သွယ်မှုတို့မှာ ၎င်းပြည်နယ်နှစ်ခုတို့၏ စီးပွားရေးအပေါ် လွန်စွာ သက်ရောက်မှု ရှိနေသည်။ ၎င်းတို့၏ ဂျီဒီပီကို လေ့လာ ဆန်းစစ်ရာတွင် ကယားပြည်နယ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း တစ်သိန်းခွဲကျော်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ပေါင်း နှစ်သိန်းစွန်းစွန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ပေါင်း ၂.၂သိန်း ကျော်မျှသာ ရှိ သည်။ ချင်းပြည်နယ်သည်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁.၄သိန်းနီးပါးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်

ကျပ်သန်းပေါင်း နှစ်သိန်းတစ်သောင်းနီးပါးနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂.၅သိန်းကျော်မျှသာ ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်နိုင်ငံလုံးဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ကယားပြည်နယ်နှင့် ချင်းပြည်နယ်နှစ်ခု ပေါင်းရာ တွင်လည်း ၁% ပင်မရှိသည်ကို တွေ့ရသည်။ လေ့လာနေသောနှစ်များအတွင်း ကယားပြည်နယ်၏ နိုင်ငံလုံးဆိုင်ရာဂျီဒီပီတွင် ပါဝင်မှုမှာ နှစ်စဉ်ပျမ်းမျှရာခိုင်နှုန်းအားဖြင့် ၀.၄% မျှသာဖြစ်ပြီး ချင်းပြည်နယ် မှာလည်း ထိုနည်းၾင်းပင် ဖြစ်သည်။

အဆိုပါ ပြည်နယ်နှစ်ခု၏ ဂျီဒီပီ တိုးတက်မှုနှုန်းကို လေ့လာရာတွင် ကယား ပြည်နယ်မှာ နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသောနှစ် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၁၀.၉% ထိ ထိုးတက် သွားသည်။ ယင်းသည် ပြည်နယ်၏ အမြင့်ဆုံးသော ဂျီဒီပီတိုးတက်မှုနှုန်း ဖြစ်လေသည်။ အထူးသဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် သားငါးကဏ္ဍတို့၏ တန်ဖိုးတိုးလာခြင်းဖြစ်သည်။ ယင်းနောက်နှစ်တွင် ၅.၃% ထိပြန်လည်ကျဆင်းသွားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းနှင့်အတူ ကုန်သွယ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့ အားကောင်းလာပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်မှ ပြည်နယ်၏ စီးပွားရေးအခြေအနေမှာ ဂျီဒီပီတိုးတက်မှုနှုန်း ၅.၈% ထိ ဖြစ် လာခဲ့သည်။

ပုံ (၁.၁၄) ကယားပြည်နယ် ဂျီဒီပီ




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ပုံ (၁.၁၅) ချင်းပြည်နယ် ဂျီဒီပီ



ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ချင်းပြည်နယ်မှာမူ လေ့လာနေသောနှစ်အစ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသော်လည်း ဂျီဒီပီ တိုးတက်မှုနှုန်းမှာ အနုတ်လက္ခဏာ (-၅.၉) ရှိနေခဲ့သည်။ သို့သော် နောက်ပိုင်းနှစ်များတွင် စီးပွားရေးစွမ်းဆောင်နိုင်စွမ်းမှာ ကောင်းမွန်သော လမ်းကြောင်းပေါ်တွင် ရှိလာနေခဲ့သည်။ ပြည်နယ်၏ တည်နေရာအရ ဂျီဒီပီကို အဓိက ထောက်ပံ့ ဖြည့်ဆည်းပေးနေသော လယ်ယာကဏ္ဍကြီး ၏ တန်ဖိုးကို လျော့ကျမသွားစေဘဲ တိုးသထက် တိုးအောင်လုပ်ဆောင်နိုင်ပြီး တဖက်က စက်မှုကဏ္ဍကြီး၏ ပါဝင်မှု ရာခိုင်နှုန်းကို ၁၁.၄% မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၃.၁% အထက်ထိ ရောက်လာစေခဲ့သည်။ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၃.၈% သို့လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၄.၉% သို့လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၆.၃% သို့လည်းကောင်း တက်လာခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ ၆၄.၅%၊ ဆက်သွယ်ရေးကဏ္ဍတွင် ၂၄.၃%နှင့် ငွေရေးကြေးရေးကဏ္ဍတွင် ၂၃.၈% စသည်ဖြင့် အသီးသီးကျဆင်းမှုရှိပြီး ပြည်နယ်၏ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၃.၅% သို့ တရှိန်ထိုးကျဆင်းသွားသည်။

## အခန်း (၂)

## အသုံးစရိတ်နှင့် ရငွေ

အစိုးရ၏ ရငွေဆိုသည်မှာ လူထုကထမ်းဆောင်သော အခွန်ငွေ၊ ပေးဆောင်သည့် အခငွေများနှင့် လူထုက ပိုင်ဆိုင်သော ရေ၊ မြေ၊ တော၊ တောင်နှင့် သယံဇာတများအား ငှားရမ်း၊ ထုတ်ယူ၊ ရောင်းချခြင်းမှ ရရှိသောငွေများ ဖြစ်ပါသည်။ အစိုးရ၏ ရငွေများအား စီမံခန့်ခွဲမှုကို လူထုက အစိုးရအား ပေးအပ်ထား ခြင်းဖြစ်ရာ အစိုးရ၏ဘဏ္ဍာရေး စီမံခန့်ခွဲမှု အခြေအနေကို လူထုသည် သိခွင့်ရှိပါသည်။ ဤအချက်သည် အစိုးရ၏ ရငွေနှင့် အသုံးစရိတ်အခြေအနေအား လေ့လာဆန်းစစ်ရသည့် ပထမအကြောင်းအရင်း ဖြစ်ပါသည်။

အစိုးရ၏ ရွေးချယ်မှု (Public Choice)သည် ပြည်သူလူထု၏ ချမ်းသာသုခအပေါ် များစွာ အဆုံးအဖြတ် ပေးပါသည်။ အစိုးရ၏ ရငွေနှင့် အသုံးစရိတ်အား လေ့လာဆန်းစစ်ခြင်းဖြင့် အစိုးရ၏ ရွေးချယ်မှု (Public Choice) အား ခြေရာခံကြည့်နိုင်ပါသည်။ ဤကား ဒုတိယအကြောင်းအရင်း ဖြစ်ပါသည်။

ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ရငွေနှင့် အသုံးစရိတ်များကို သုတေသနပြုစု ရေးသားခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဘဏ္ဍာရေး တာဝန်ခံမှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ၎င်းတို့ သက်ဆိုင်ရာ အသီးသီးသော ပြည်သူများကို ပြည်သူ့ဘဏ္ဍာရေး လုပ်ဆောင်ပေးနိုင်သည့် အတိုင်းအတာတို့ ပိုမို တိုးတက်ကောင်းမွန်လာစေရေးတို့ကို ရည်ရွယ်ပါသည်။ ယင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ရ/သုံးအခြေအနေ လေ့လာဆန်းစစ်ခြင်း၏ တတိယ အကြောင်းအရင်း ဖြစ်ပါသည်။

### ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက မွေးဖွားပေးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွက် ဘဏ္ဍာရေး အခင်းအကျင်းသစ်

၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက မွေးဖွားပေး၍ ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲအပြီး အရပ်သားအစိုးရ စတင်ပေါ်ပေါက်လာခြင်းနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ အစိုးရများနှင့် လွှတ်တော်များမှာ အဆိုပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုင်းခြားသတ်မှတ်ပေးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသုံးစရိတ်တာဝန်များ (အခြေခံဥပဒေပုဒ်မ ၁၈၈ ကို ရည်ညွှန်းလျက် နောက်ဆက်တွဲ ဇယား အမှတ်-၂) နှင့် အခွန်အာဏာ များ (အခြေခံဥပဒေပုဒ်မ ၂၅၄ ကို ရည်ညွှန်းလျက် နောက်ဆက်တွဲဇယား အမှတ်-၅) များနှင့်အညီ ပေါ်ပေါက်လာသည်။ တစ်နည်းဆိုသော် အခြေခံဥပဒေ၏ နောက်ဆက်တွဲ ဇယား၂က ပေးသော

တာဝန်ကို ထမ်းဆောင်နိုင်ရန် ဘဏ္ဍာရင်းမြစ်အဖြစ် အခြေခံဥပဒေ၏ နောက်ဆက်တွဲဇယား အမှတ်၅ပါ အခွန်များကောက်ခံခွင့်ကို အခြေခံဥပဒေက ပေးအပ်ထားသည်။ (အထူးပြု ဖော်ပြချက် အမှတ်၁နှင့် အမှတ်၂အား ကြည့်ရှုရန်)

*အထူးပြု ဖော်ပြချက် အမှတ်(၁)*

**တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ဥပဒေပြုခွင့်အား အာမခံသော အခြေခံဥပဒေပုဒ်မနှင့် အဆိုပါ အခြေခံဥပဒေ ပြဋ္ဌာန်းချက်က ခွင့်ပြုသော တာဝန်ဝတ္တရားများ**

**ပုဒ်မ ၁၈၈**

ဥပဒေပြုခြင်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

**နောက်ဆက်တွဲ ဇယား (၂)**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း** ***(၂၀၁၅ အခြေခံဥပဒေပြင်ဆင်ချက်အား ဖြည့်စွက်ထားသည်)***

**၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊

(ဂ) မြေယာခွန်၊

(ဃ) ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)

(င) အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေး ဆိုင်ရာ အခွန်အခများ၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ထုတ်ချေးခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြုပ်နှံခြင်း၊

(ည) ဒေသန္တရစီမံကိန်း၊

(ဋ) အသေးစားငွေချေးလုပ်ငန်း၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊

(ဍ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊

(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ် လုပ်ငန်းခွန်၊

(တ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူ ခြင်း၊

(ဒ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေး အကူအညီနှင့် အထောက်အပံ့ရယူခြင်း။

၂။ **စီးပွားရေးကဏ္ဍ**

(က) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက် သည့် စီးပွားရေးကိစ္စများ၊

(ခ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက် သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊

(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက် သည့် သမဝါယမကိစ္စများ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေး လုပ်ငန်း။

၃။ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**

(က) လယ်ယာစိုက်ပျိုးရေး၊

(ခ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး၊

(ဂ) ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊

(ဃ) စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊

(စ) ရေချိုငါးလုပ်ငန်း၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်း၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသ လုပ်ငန်း။

**၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ**

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

(ခ) ဆားနှင့် ဆားထွက်ပစ္စည်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်း၊

(င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတ များကို အချိုးအစား သတ်မှတ်ပေးရေး၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ် လက်စားလုပ်ငန်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်း အလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု (၁) အမျိုး အစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန် များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေး နှင့်ထိန်းသိမ်းရေး။

## ၅။ စက်မှုလက်မှုကဏ္ဍ

(က) ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများ မှအပ အခြားစက်မှု လုပ်ငန်းများ၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။

## ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲ နိုင်ရေး၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင် ထိန်းသိမ်းရေး၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် -

(၁) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊

(၂) ပြတိုက်နှင့်စာကြည့်တိုက်များ။

(၈) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊

(ဆ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ။

**၇။ လူမှုရေးကဏ္ဍ**

(က) ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေး ဆိုင်ရာကိစ္စများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်-

(၁) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊

(၂) ပြတိုက်နှင့်စာကြည့်တိုက်များ။

(၈) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊

(ဆ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ။

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာ ကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ် ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေး ပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

(ဋ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ် များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးကိစ္စရပ်များ၊

(ဍ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။

**၈။ စီမံခန့်ခွဲရေးကဏ္ဍ**

(က) စည်ပင်သာယာရေး၊

(ခ) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုးစီမံခန့်ခွဲ ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။

ရင်းမြစ်။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)

*အထူးပြု ဖော်ပြချက် အမှတ်(၂)*

**ပုဒ်မ ၂၅၄**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား ၅ ပါ အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

**နောက်ဆက်တွဲ ဇယား ၅**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ** ***(၂၀၁၅ အခြေခံဥပဒေ ပြင်ဆင်ချက်အား ဖြည့်စွက်ထားသည်)***

၁။ မြေယာခွန်၊

၂။ ယစ်မျိုးခွန်၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲခ၊

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ ဖြတ်သန်းခ၊

၅။ (က) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး၊

(ခ) သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံ သည့် ဘဏ္ဍာတော်ကြေး။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သော အခွန်၊

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှ ရရှိသော အခြားအကျိုးအမြတ်များ၊

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊

၉။ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသော အတိုးများ၊

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြုပ်နှံမှုဖြင့်ရရှိသည့် အကျိုးအမြတ်များ၊

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(က) ကျွန်းနှင့်သတ်မှတ်ထားသော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့် အခွန်၊

(ခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံသည့်အခွန်။

၁၃။ မှတ်ပုံတင်ကြေး၊

၁၄။ ပွဲခွန်၊

၁၅။ ဆားခွန်၊

၁၆။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊

၁၈။ ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊

၁၉။ ရတနာသိုက်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာ အခွန်အခများ၊

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာ အခွန် အခများ၊

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးဆိုင်ရာ အခွန် အခများ၊

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း ဆိုင်ရာ အခွန်အခများ၊

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန် အခများ၊

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန် အခများ၊

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခ များ၊

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မြက်ရတနာဆိုင်ရာ အခွန်အခများ၊

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁)အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်းမှအပ ကျန်သစ် အမျိုးအစား များနှင့် သက်ဆိုင်သည့်အခွန်အခများ၊

၃၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊

၃၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံ များဆိုင်ရာ အခွန်အခများ၊

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ ဆိုင်ရာ အခွန်အခများ၊

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာ အခွန်အခများ။

ရင်းမြစ်။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)

*အထူးပြု ဖော်ပြချက် အမှတ် (၃)*

**ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်း**

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မတိုင်မီ ကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးနှစ်ဖြစ်သော ဧပြီလ (၁)ရက်နေ့မှ မတ်လ (၃၁)ရက်နေ့အထိ အစား အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့အထိကို ပြောင်းလဲသတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇)က သဘောတူခဲ့ပြီး ၃၁-၁၀-၂၀၁၇ရက်နေ့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါ သည်။ ဘဏ္ဍာရေးနှစ်အသစ် မစတင်မီ ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အတွက် ဘတ်ဂျက်ကိုလည်း နိုင်ငံတော်သမ္မတက ၁၃-၃-၂၀၁၈ ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုး၍ ဥပဒေ ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိသို့ ပြောင်းလဲကျင့်သုံးခြင်း ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးနှစ် စတင်သည့်ကာလသည် ခြောက်သွေ့သော ကာလဖြစ်သည့်အပြင် ကာလရှည် ရုံးပိတ်ရက်များနှင့် လွတ်ကင်းသဖြင့် လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ကာလသည် အောက်တိုဘာ(၁)ရက်နေ့တွင် စတင်သော ဘတ်ဂျက်အတွက် (၈)လကျော် တစ်ဆက်တည်းရှိခြင်းနှင့် ၃လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာစေရန် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှစ်ပြောင်းလဲသည့်အခါတွင် စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းချိန်အတွင်း၌ ပထမပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်သည် စီမံခန့်ခွဲမှုနည်းလမ်း အသွယ်သွယ်နှင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကာလရှည်တွင် ကောင်းမွန်သည့် အကျိုးရလဒ်များသာ စဉ်ဆက်မပြတ် ရရှိနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာ (၁)ရက်နေ့မှ စက်တင်လာ(၃၀)ရက်နေ့အထိ ဖြစ်ပါမည်။

ရင်းမြစ်။ ။ *Citizen's Budget* ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ *(၂၀၁၈ခုနှစ် ဧပြီလ မှ စက်တင်ဘာလ အထိ ၆လအတွက်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း/ ၂၀၁၈ ဇူလိုင်)*

အစိုးရ၏ ရငွေနှင့် အသုံးစရိတ်များကို သာမန်စာရင်း၊ ငွေလုံးငွေရင်းစာရင်းနှင့် ကြွေးမြီစာရင်းဟူ၍ စာရင်းသုံးမျိုးဖြင့် ဖော်ပြပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အတွက် လိုအပ်ပါက ကြွေးမြီ ချေးယူခွင့်ကို အခြေခံဥပဒေက ခွင့်ပြုပေးထားသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ရ/သုံးငွေစာရင်းတွင် ကြွေးမြီစာရင်းသည် အားနည်းနေဆဲ ဖြစ်နေသည်မှအပ ကျန်စာရင်းနှစ်ခု ဖြစ်သော သာမန်စာရင်းနှင့် ငွေလုံးငွေရင်းစာရင်းတို့သည်

အသက်ဝင်ပါသည်။ အခြေခံဥပဒေပါ ပေးထားချက်များ၏ အကျိုးဆက်ကို သာမန်စာရင်းနှင့် ငွေလုံးငွေရင်းစာရင်းတို့တွင် ထင်ရှား ပေါ်လွင်စွာ တွေ့ရှိနိုင်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် အခြေခံဥပဒေက ပေးအပ်သော နောက်ဆက်တွဲ ဇယား(၅)ပါ အခွန်အခ ကောက်ခံခွင့်များ၊ ကောက်ယူနိုင်သော အခွန်အခများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရှင်းလင်းမှု မရှိသေးသော အသုံးစရိတ်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် စရိတ် မတတ်နိုင်ပါ။ တစ်နည်းအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသုံးစရိတ်များသည် ၎င်းတို့၏ အခွန်အခရငွေများထက် နည်းပါးနေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစိုးရများအတွက် မလွဲမသွေ လိုငွေပြပါသည်။ ဆက်လက်၍ အောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အသုံးစရိတ်များ၊ ရငွေများနှင့် လိုငွေပြမှုများအား လေ့လာဆန်းစစ်ပါမည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ သာမန်စာရင်း ပိုငွေ၊လိုငွေ အခြေအနေ

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ သာမန်စာရင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ပါး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် လိုငွေပြမှုနှင့် မကင်းနိုင်ပါ။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သာမန်စာရင်းတွင် **ရန်ကုန်တိုင်းဒေသကြီး**သည် ဘဏ္ဍာနှစ်တိုင်း *ပိုငွေ* ပြခဲ့ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် **မန္တလေးတိုင်းဒေသကြီး**သည် ၂၀၁၂-၂၀၁၃၊ ၂၀၁၈ ခြောက်လ ကြားဖြတ်ကာလနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် ပိုငွေပြခဲ့ပြီး **မွန်ပြည်နယ်**သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပိုငွေပြခဲ့ပါသည်။ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် ဘဏ္ဍာနှစ် (၇)နှစ်စာ နှင့် ဘဏ္ဍာရေး ကြားဖြတ်ကာလ ခြောက်လပတ်လုံး သာမန်စာရင်းတွင် *လိုငွေ* တောက်လျှောက် ပြနေသည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019)။ အကြောင်းရင်းမှာ ၂၀၀၈ခုနှစ် အခြေခံဥပဒေက ပေးထားသော ဇယား(၅)ပါ အခွန်အခကောက်ခံရရှိငွေသည် တိုင်းဒေသကြီး(၆)တိုင်းနှင့် ပြည်နယ်(၇) ပြည်နယ်၏ အသုံးစရိတ်များအတွက် လုံလောက်မှု မရှိသောကြောင့် ဖြစ်ပါသည်။ ဇယား(၅)ပါ အခွန်အခဆိုင်ရာ ပိုင်းခြားပေးမှုများ နည်းပါးသည့်အကြောင်းရင်းကို ထပ်မံ၍ သိသိသာသာ အားဖြည့်ပေးသည့် အကြောင်းရင်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးနှလုံးသည် ယခုအထိ ရန်ကုန်တိုင်းဒေသကြီး၏ နယ်နိမိတ် အတွင်းသာ စုပြုံ ရောက်ရှိနေပြီး ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် စီးပွားရေး စွမ်းဆောင်နိုင်မှုသည် များစွာ လျော့ပါးနေသည့်အတွက် အခွန်အခ မရရှိသည့် ဖြစ်စဉ်သည်လည်း ငြင်းပယ်၍ မရနိုင်ပါ။ မမေ့အပ်သည်မှာ ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်မဝင်ခင်ကပင် တိုင်းပြည်၏ မြို့တော်သည် နေပြည်တော်ဖြစ်နှင့်ပြီး ဖြစ်သည့်အပြင် ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၂၀၁၀

အထွေထွေရွေးကောက်ပွဲ ရလဒ်နှင့်တကွ အသက်ဝင်ချိန်မှ စတင်၍ ရန်ကုန်မြို့ကြီးတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ပြည်နယ်အဆင့် ဒေသတစ်ခုသာ ဖြစ်ပါသည်။ ပြည်ထောင်စုနယ်မြေ လုံးဝ မဟုတ်ပါ။ အဆိုပါအချက်အား နားလည်ရန် အလွန်အရေးကြီးပါသည်။



ပုံ (၂.၁) သာမာန်စာရင်း (၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်)



ပုံ (၂.၂) သာမာန်စာရင်း (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်



ပုံ (၂.၃) သာမာန်စာရင်း (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်)

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

သာမန်စာရင်းတွင် လိုငွေပြနေသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနက် ဘဏ္ဍာရေးနှစ်(၈) နှစ်အလိုက် လိုငွေပြမှု အများပြားဆုံး ဒေသလေးခုစီ၏ စာရင်းတို့ကို လေ့လာခဲ့ပါသည်။ တွေ့ရှိချက်မှာ **စစ်ကိုင်းတိုင်းဒေသကြီး**သည် လိုငွေပြမှု အများဆုံးဒေသလေးခု အနက် တစ်ခုအဖြစ် ဘဏ္ဍာနှစ်(၈)နှစ်စလုံး တွင်လည်းကောင်း၊ **မကွေးတိုင်းဒေသကြီး** သည် ဘဏ္ဍာနှစ်(၈)နှစ်အနက် (၇)နှစ်တွင်လည်းကောင်း၊ **ရှမ်းပြည်နယ်**သည် ဘဏ္ဍာနှစ်(၆)နှစ်တွင် လည်းကောင်း၊ **တနင်္သာရီတိုင်းဒေသကြီး**သည် ဘဏ္ဍာနှစ်(၄) နှစ်တွင်လည်းကောင်း၊ **ကချင်ပြည်နယ်**နှင့် **ရခိုင်ပြည်နယ်**တို့သည် ဘဏ္ဍာနှစ် (၃)နှစ်စီတွင်လည်းကောင်း၊ **ပဲခူးတိုင်းဒေသကြီး** သည် ဘဏ္ဍာနှစ်(၁)နှစ်စာတွင်လည်းကောင်း လိုငွေပြမှု အများဆုံး လေးခုအနက် သက်ဆိုင်ရာ ဒေသအသီးသီးက စာရင်းဝင်ခဲ့ပါသည်။ အထက်ပါ သာမန်စာရင်း လိုငွေပြမှုအား လေ့လာရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုငွေ ဖြည့်ဆည်းပေးရန် ခေါင်းစဉ်ဖြင့် လာသည့် လွှဲပြောင်းထောက်ပံ့ငွေများ မပါဝင်သေးပါ။ ထို့ကြောင့် အထက်ပါလိုငွေပြမှုများသည် ထောက်ပံ့ လွှဲပြောင်းငွေမလွှဲခင် ဇယား(၅)က ပေးသည့် အခွန်အခ ရငွေများနှင့် အခြေခံဥပဒေက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများဆီသို့ အပ်နှင်းထားသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် အမှန်ကုန်ကျရသည့် အသုံးစရိတ်များအကြား ကွာခြားချက် ကြီးမားနေမှုကို တင်ပြလိုခြင်းကြောင့် ဖြစ်ပါသည်။

**တိုင်းဒေသကြီးအစိုးရများနှင့် ပြည်နယ်အစိုးရများ ငွေလုံးငွေရင်းစာရင်း ပိုငွေ၊လိုငွေ အခြေအနေ**

တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏ ငွေလုံးငွေရင်းစာရင်းတွင် မည်သည့်တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမျှ အပေါင်းလက္ခဏာ မပြနိုင်ခဲ့ပါ။ ငွေလုံးငွေရင်းစာရင်းကိုယ်၌ကပင် အလုံးအရင်းလိုက် သုံးစွဲရန် လိုအပ်သော အခြင်းအရာများအတွက် ဖြစ်ပေရာ အနှုတ်လက္ခဏာပြခြင်းမှာ သဘာဝကျပါသည်။ တစ်ချိန်တည်းတွင်ပင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ ငွေလုံးငွေရင်းစာရင်း အနှုတ်လက္ခဏာပြမှုပါ ပိုမိုမြင့်တက်ပြီးရင်း မြင့်တက်နေခြင်းသည် တိုင်းဒေသကြီး များနှင့် ပြည်နယ်များသည် ငွေလုံးငွေရင်း သုံးစွဲကာ အကြီးစားဖြည့်ဆည်းမှုများ ရှိနေပြီး အဆိုပါ အကြီးစား တည်ဆောက် မှုများ၊ အကြီးစားဝယ်ယူမှု များသည် ဖွံ့ဖြိုးမှုလိုအပ်ချက်အလိုက် ဖြစ်သင့်ပါကြောင်း လူအများက ယေဘုယျ အားဖြင့် ရပ်ခံ တင်ပြကြ ပါသည်။ အဆိုပါ ယေဘုယျစဉ်းစားချက်၏ “ဖွံ့ဖြိုးရေးလိုအပ်ချက်” ဆိုသည်မှာ “တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွက် စီးပွားရေးအခြေအနေ ညီမျှမှုရှိစေရေး” မူပေါ်တွင် တည်ရှိရကြောင်း နားလည်ပါသည်။

၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းသော ဒေသအစိုးရများ၏ လုပ်ပိုင်ခွင့် အာဏာ (ဇယား ၂၊ ပုဒ်မ ၁၈၈) အခွန်များမှာ တိုင်းဒေသကြီးများနှင့်

ပြည်နယ်များအတွက် အချိုးညီစွာ ပြဋ္ဌာန်းထားသဖြင့် သက်ဆိုင်ရာ ဒေသအစိုးရများ၏ တက်ကြွမှုနှင့် စွမ်းဆောင်ရည်တို့သည် အဓိကကျပါ သည်။ အခြေခံဥပဒေကား ညီမျှစွာ ပေးထားပြီးပြီ ဖြစ်သော်လည်း သက်ဆိုင်ရာဒေသအစိုးရ၏ တက်ကြွမှု၊ စွမ်းဆောင်ရည် တို့နှင့်အတူ သက်ဆိုင်ရာ ဒေသအစိုးရ ခေါင်းဆောင်တို့၏ နိုင်ငံရေးသြဇာအာဏာနှင့် အုပ်ချုပ်ရေးကျင့်သုံးပုံတို့နှင့် နီးနွယ်နေပါသည်။ ထို့ကြောင့် အခြေခံဥပဒေက တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးအတွက် တန်းတူပြဋ္ဌာန်းထားသော်လည်း[4] သက်ဆိုင်ရာဒေသအစိုးရ တို့အပေါ် မူတည်ပြီး ရလဒ်မှာ ကွာခြားပါသည်။ အဆိုပါရလဒ်မှာ လူအများစု တွေးခေါ်လက်ခံထား သော “*ရလဒ်များညီမျှမှု (equity of outcomes)* ” နှင့်ဝေးကွာနေဆဲဖြစ်ပါသည်။ [5]







ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

[4] တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွက် တန်းတူပြဋ္ဌာန်းပေးထားသည်ဆိုခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဥပဒေပြုစာရင်းသည် ဒေသအစိုးရများနှင့် ဒေသလွှတ်တော်များ၊ သက်ဆိုင်ရာ ဒေသနေ ပြည်သူများအတွက် အကောင်းဆုံး အခြေအနေ ရှိနေသည်ဟု မဆိုလိုပါ။

[5] ရလဒ်များ မဖြစ်မနေ ညီမျှရမည်ဆိုသော သဘောတရားထက် ဒေသအသီးသီးနေပြည်သူများ၏ ကောင်းကျိုး ချမ်းသာ အတွက် ဒေသအစိုးရများ၏ လက်ရှိစွမ်းဆောင်နိုင်ရည်များသည် အထွတ်အထိပ်သို့ မရရှိသေးပါ။



ပုံ (၂.၆) ငွေလုံးငွေရင်းစာရင်း (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်)

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ပြည်နယ်တို့အနက် မည်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ငွေလုံး ငွေရင်းစာရင်းတွင် လိုငွေအပြဆုံး ဖြစ်နေသည်ကို သိရှိရန် (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်မှ (၂၀၁၈ ဘဏ္ဍာရေး ကြားဖြတ် ကာလ ၆ လအထိ) အတောအတွင်း လိုငွေအပြဆုံး ဒေသလေးခုကို ရွေးချယ် စာရင်းပြုပါသည်။ ၎င်းတို့မှာ **ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်**တို့ဖြစ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီး**သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လိုငွေပြမှု ဒုတိယ အများဆုံးနေရာတွင် ရပ်တည်ခဲ့သည်မှ အပ ကျန်ဘဏ္ဍာနှစ်များတွင် လိုငွေအပြဆုံး ဒေသအဖြစ် အမြဲတစေ ရပ်တည်ခဲ့ပါသည်။ ရန်ကုန်တိုင်း ဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးအင်ဂျင်ဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုလိုအပ်ချက်များမှာ အခြားဒေသများထက် နှိုင်းစာလျှင် လိုအပ်ချက်နည်းပါးပါသည်။ သို့သော် *ကျွဲကြီးခြေရာကြီး* ဆိုသကဲ့သို့ ထိန်းသိမ်းရေးစရိတ်များပေသလောဆိုပြီး စဉ်းစားစရာ ရှိပါသည်။ ထိုမှ အသေးစိတ်သော အချက်အလက်အထိ သုတေသနအဖွဲ့သည် လက်လှမ်းမမှီသဖြင့် ထည့်သွင်း စဉ်းစားစရာ မေးခွန်း သို့မဟုတ် အချက်တစ်ခု အဖြစ်သာ သတ်မှတ်ရပါသည်။ ထိန်းသိမ်းရေးစရိတ် မဟုတ်ပါဘဲ ယန္တရား အသစ်များ ဝယ်ယူရေး၊ တည်ဆောက်ရေးစီမံကိန်းအသစ်များက လိုငွေအပြဆုံး ဒေသလေးခု စာရင်းတွင် ပါဝင်လာစေသည်ဆိုပါက ယခုအခြေအနေမှာ စနစ်အား ပြန်လည် သုံးသပ်သင့်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်**များသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ သုံးနှစ်ဆက်တိုက် အထက်ပါ အစီအစဉ်အတိုင်း လွဲချော်မှုမရှိဘဲ လိုငွေအပြဆုံး ဒေသလေးခုအဖြစ် စာရင်းဝင်ခဲ့ပါသည်။ တိုင်းရင်းသား အဖွဲ့အစည်းများဖြင့် တိုက်ပွဲများ ဖြစ်ပွားနေဆဲ **ရှမ်းပြည်နယ်**နှင့် **ရခိုင်ပြည်နယ်**တို့တွင် ငွေလုံးငွေရင်းများ အသုံးပြုပြီး လူထုအကျိုးပြု တည်ထောင်ခြင်း၊ အကြီးစားဝယ်ယူမှုများ ပြုခြင်းသည် ယေဘုယျအားဖြင့် အပြုသဘောဆောင်သော လက္ခဏာဖြစ်ပြီး အဆိုပါ ပြည်နယ်နှစ်ခုတွင် ငွေလုံးငွေရင်း အသုံးစရိတ် အသေးစိတ်အား လေ့လာနိုင်မည်ဆိုပါက ပိုမိုတိကျစွာ ကောက်ချက်ချနိုင်ပါမည်။ **မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်**တို့သည် ရံဖန်ရံခါ လိုငွေအပြဆုံး ဒေသလေးခု စာရင်းတွင် ပါဝင်ခဲ့ပါ သည်။

**ကယားပြည်နယ်**သည် ငွေလုံးငွေရင်းစာရင်းတွင် လိုငွေပြမှု အနည်းဆုံး ဒေသလေးခု စာရင်းတွင် အမြဲတစေ ပါဝင်ပါသည်။ လိုငွေပြမှု အနည်းဆုံးဆိုသည်မှာ ရငွေများပြားသောကြောင့် ဖြစ်နိုင်သော်လည်း ကယားပြည်နယ်၏ ရငွေကို ပြန်လည် ကြည့်ရှုရာ အလွန် နည်းပါးပါသည်။ ကယားပြည်နယ်၏ လိုငွေပြမှု အနည်းဆုံး ဒေသစာရင်းတွင် ပါဝင်နေခြင်းမှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အကျိုးဆက်များနှင့် ပြည်ထောင်စုအစိုးရထက် ကယားပြည်နယ်အစိုးရ၊ ကယား ပြည်နယ်လွှတ်တော်နှင့်သာ ပိုမို သက်ဆိုင်ပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှအပ ကျန်ဘဏ္ဍာနှစ်များတွင် **ကရင်ပြည်နယ်**သည်လည်း လိုငွေပြမှု အနည်းဆုံး ဒေသလေးခုစာရင်းတွင် ပါဝင်ပြန်သည်။ ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသဖြင့် ငြိမ်းချမ်းနေသောဒေသ ဖြစ်သော်လည်း ကရင်ပြည်နယ်အစိုးရနှင့် ကရင်ပြည်နယ်လွှတ်တော်သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးစား ဝယ်ယူမှုများ၊ အကြီးစားတည်ဆောက်မှုများအတွက် ငွေလုံးငွေရင်းစာရင်းအား အဘယ့်ကြောင့် သုံးစွဲမှု နည်းပါးနေရသနည်းကို နားမလည်နိုင်ပါ။ အလားတူစွာ **မွန်ပြည်နယ်**သည်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှအပ ကျန်ဘဏ္ဍာနှစ်များတွင် လိုငွေပြမှု အနည်းပါးဆုံး ဒေသလေးခုစာရင်းတွင် ပါဝင်နေပြန် ပါသည်။ နိုင်ငံရေးနှင့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် တိုက်ပွဲများဖြစ်ပွားနေခြင်းစသည့် အခြေအနေအရ အခြေအနေတူသော မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ လိုငွေပြမှု အခြေအနေအား နားလည်ရခက်ပါသည်။ ဘဏ္ဍာနှစ်အလိုက် လိုငွေပြမှု အနည်းဆုံး ဒေသလေးခုစာရင်းတွင် ပါဝင်သော ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ **ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး**တို့ ဖြစ်ပါသည်။ စစ်ဖြစ်ပွားသောကြောင့်လည်းကောင်း၊ ဒေသချင်းယှဉ်လျှင် အထိုက်အသင့် တိုးတက်သည့်ဒေသ

ဖြစ်ခြင်းကြောင့်လည်းကောင်း အထက်ပါ အခြင်းအရာနှစ်ရပ်ကြောင့် လိုငွေပြမှု အနည်းပါးဆုံး စာရင်းတွင် ပါဝင်ခြင်းသည် နားလည်နိုင်ပါသည်။ သို့သော် *စစ်ဖြစ်ပွားနေခြင်းလည်း မရှိ၊ ဖွံ့ဖြိုးမှုလည်း မရရှိသေးဘဲ အထက်ပါ စာရင်းတွင် ပါဝင်နေလျှင် အဆိုပါဒေသများ၏ ဒေသအစိုးရများနှင့် ဒေသလွှတ်တော်များသည် ဒေသလွှတ်တော်များအပေါ် တာဝန်ကျေပွန်မှုအား ဒေသပြည်သူများက မေးခွန်းထုတ်ခွင့်လည်းရှိ၊ မေးခွန်းလည်း ထုတ်သင့်ပါသည်။*

## ပြည်ထောင်စုအဆင့်မှ လွှဲပြောင်းထောက်ပံ့ငွေများ

၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဇယား၂နှင့် ဇယား၅တို့၏ အကျိုးဆက်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေကို မဖြစ်မနေ လိုအပ်ပါသည်။ ၂၀၁၁ခုနှစ် ယခင် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်ကစ၍ ယခု နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရလက်ထက်အထိ အသုံးပြုခဲ့သော လွှဲပြောင်းထောက်ပံ့ငွေ အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအတွက် လိုငွေ ဖြည့်ဆည်းပေးသည့် ခေါင်းစဉ်ဖြင့်လာသည့် လွှဲပြောင်းငွေများ (ယခုအစိုးရလက်ထက်တွင် **လိုငွေဖြည့်အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ** များဟု ခေါ်သည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှ အစပြုကာ လွှဲပြောင်းထောက်ပံ့ငွေများကို ဖော်မြူလာ တည်ဆောက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များဆီသို့ ခွဲဝေပါသည်။)

(၂) "၂၀၁၄ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ" အရ ပြည်ထောင်စုအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆီသို့ မဲဆန္ဒနယ်မြေတစ်ခုစီအတွက် ဘဏ္ဍာနှစ်တစ်နှစ်လျှင် ကျပ်သန်း၁၀၀ လွှဲပြောင်း ပေးခြင်း၊

(၃) နိုင်ငံပိုင်လုပ်ငန်းများမှ ကောက်ခံရရှိသော အထူးလုပ်ငန်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ၏ ၁၅ရာခိုင်နှုန်းကို (အထွေထွေ လွှဲပြောင်းထောက်ပံ့ငွေ၏ ပုံသေနည်းအတိုင်း) နှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ကောက်ခံရရှိသော အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ၏ ၁၅ရာခိုင်နှုန်း၊ ဝင်ငွေခွန်၏ ၅ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန်၏ ၂ရာခိုင်နှုန်းတို့ကို ကောက်ခံ ရရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များဆီသို့ လွှဲပြောင်းပေးခြင်းနှင့်

(၄) ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဆီသို့ ချေးငွေထုတ်ပေးခြင်းတို့ ပါဝင်ပါသည်။

၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ဒေသအစိုးရများ၊ ဒေသလွှတ်တော်များကို သမိုင်းတလျှောက် တမူထူးခြားစွာဖြင့် ဖန်တီးပေးခဲ့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘဏ္ဍာရန်ပုံငွေသည် အမြဲတစေ လိုငွေပြခဲ့ပါသည်။ လိုငွေ ဖြည့်ဆည်းပေးရန် အခြေခံဥပဒေပုဒ်မ (၂၃၀)၊ အပိုဒ် (ဂ)၊ အပိုဒ်ခွဲ (၁)အရ ဘဏ္ဍာရေးကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဘဏ္ဍာရန်ပုံငွေအတွက် ထောက်ပံ့ငွေများ၊ ချေးငွေများဖြင့် သင့်လျော်သလို ဖြည့်ဆည်းပေးရန် ပြဋ္ဌာန်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဖော်မြူလာ တည်ဆောက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးသို့ ထောက်ပံ့လွှဲပြောင်းငွေများ ပေးအပ်ခဲ့ပါသည်။ အဆိုပါ ဖော်မြူလာတွင် ထည့်သွင်းစဉ်းစားသည့် ညွှန်းကိန်းများမှာ *(ဖွံ့ဖြိုးမှုလိုအပ်ချက်ဆိုင်ရာ)* တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေ၊ ဆင်းရဲနွမ်းပါးမှုညွှန်းကိန်း၊ ဧရိယာအကျယ်အဝန်း၊ *(ဘဏ္ဍာငွေလိုအပ်ချက် ဆိုင်ရာ)* တစ်ဦးကျ ဂျီဒီပီ၊ မြို့ပြ လူဦးရေအချိုးနှင့် တစ်ဦးကျအခွန်ကောက်ခံရရှိမှုတို့ ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးသော ထောက်ပံ့ငွေများအား လေ့လာကြည့်ပါမည်။

ပထမဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လွှဲပြောင်းငွေသည် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၂၂,၄၄၄.၆ သန်းပေါင်း ရှိရာမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၁၂၈,၁၁၇.၅သန်းပေါင်း ရှိသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပျမ်းမျှလွှဲပြောင်းငွေသည် ၅.၇ဆ တိုးတက်ပါသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးမှု အခြေအနေများအား ရှင်းလင်းစွာ သိရှိနိုင်ရန် လေ့လာမည့် ဘဏ္ဍာနှစ်များ[6]အလိုက် လွှဲပြောင်းငွေအား အနည်းဆုံးလက်ခံရရှိသော ဒေသလေးခုနှင့် အများဆုံးလက်ခံရရှိသော ဒေသလေးခုအားစာရင်းတို့ကိုလေ့လာပါမည်။




ပုံ (၂.၇) တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းငွေ
(၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်)

ရင်းမြစ်။ ။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများ

[6] လက်လှမ်းမီမှုအခြေအနေအရ လေ့လာမည့် ဘဏ္ဍာနှစ်များမှာ ၂၀၁၂-၂၀၁၃၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ တို့ဖြစ်ပါသည်။

ပုံ (၂.၈) တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းငွေ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)




ရင်းမြစ်။ ။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများ

ပုံ (၂.၉) တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးငွေ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)




ရင်းမြစ်။ ။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများ

ပုံ (၂.၁၀) တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးငွေ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်)




ရင်းမြစ်။ ။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများ

လွှဲပြောင်းငွေများ ပေးအပ်ရန် ဖော်မြူလာ မဆွဲရသေးသည့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ဖော်မြူလာအတိုင်း ခွဲဝေသည့် ကျန်ဘဏ္ဍာနှစ်များတွင်လည်းကောင်း **ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်**တို့သည် လွှဲပြောင်းငွေ အနည်းဆုံးလက်ခံရရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ရလဒ်တစ်ခုအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မတိုင်မီ "လိုငွေလွှဲပြောင်းထောက်ပံ့ငွေ" အဖြစ် အကောင်အထည်ဖော်ပါသည်။ ထို့နောက် လွှဲပြောင်းထောက်ပံ့ငွေများ ပေးအပ်ရန် အစောပိုင်းတင်ပြခဲ့သည့် ဖော်မြူလာ တစ်ရပ်ကို ဖော်ထုတ်ပြီး အသုံးပြုခဲ့ပါသည်။ ဤသို့ဆိုသော်ငြားလည်း လေ့လာမှု၏ တွေ့ရှိချက်တစ်ခုမှာ **ကယားပြည်နယ်၊ ကရင်ပြည်နယ်**နှင့် **မွန်ပြည်နယ်**တို့သည် လေ့လာမည့် ဘဏ္ဍာနှစ်လေးနှစ်စလုံးတွင် အပြောင်းအလဲမရှိ လွှဲပြောင်း ထောက်ပံ့ငွေ လက်ခံရရှိမှု အနည်းဆုံး ဒေသလေးခုစာရင်းတွင် ပါဝင်ပါသည်။ ထိုသို့ တွေ့ရှိရသဖြင့် အလုံးစုံ ပြောင်းလဲမှု မရှိပါဟု ကောက်ချက်မချနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မူဘောင်ပြောင်းလဲမှု၏ ရလဒ်အဖြစ် ထင်ရှားသည်မှာ **ရန်ကုန်တိုင်းဒေသကြီး**သည် လွှဲပြောင်းထောက်ပံ့ငွေအား အနည်းဆုံး လက်ခံရရှိခဲ့ပါသည်။ မူဘောင်မပြောင်းလဲခင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်ဖြစ်သည့် **ချင်းပြည်နယ်**သည် လွှဲပြောင်းထောက်ပံ့ငွေကို တတိယမြောက် အနည်းဆုံး လက်ခံရရှိခဲ့သည်။ မူဘောင်စတင်ပြောင်းလဲခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ပင် ဧရာဝတီတိုင်း ဒေသကြီးသည် လွှဲပြောင်းထောက်ပံ့ငွေများကို စတုတ္ထမြောက် အနည်းဆုံး လက်ခံခဲ့ရပြီး ၎င်းထက် စီပွားရေး ပိုမိုကောင်းမွန်သော ရန်ကုန်တိုင်းဒေသကြီး လက်ခံရခဲ့သည်ထက် နည်းပါးခဲ့ပါသည်။

ဘဏ္ဍာရေးမူဘောင် မပြောင်းလဲခင် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် **ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး**တို့သည် လိုငွေဖြည့် လွှဲပြောင်းထောက်ပံ့ငွေအဖြစ် လာသည့် လွှဲပြောင်းထောက်ပံ့ငွေကို အများဆုံး လက်ခံရရှိခဲ့ပါသည်။ အဆိုပါဒေသလေးခုအနက်မှ **ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး**တို့သည် (ဘဏ္ဍာရေး မူဘောင် ပြောင်းလဲအပြီး) လေ့လာသည့် ဘဏ္ဍာနှစ်များတွင် အခြားပိုမိုလိုအပ်သော ဒေသများထက် လျော့နည်းပြီး လက်ခံ ရရှိခဲ့ပါသည်။ "လိုငွေဖြည့်ရန်" ဟူသော အယူအဆမှ "လိုအပ်ချက်အား ဖြည့်ဆည်းပေးရန်"ဟူသော အယူအဆကို ပြောင်းလဲလာပြီး ယင်းပြောင်းလဲမှုသည် အပြုသဘောဆောင်ပါသည်။ ဘဏ္ဍာရေးမူဘောင် ပြောင်းလဲအပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် **တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်**တို့သည် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေများကို အများဆုံး လက်ခံရရှိခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် **ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊**

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်**တို့သည် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေများကို အများဆုံး လက်ခံရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုပုံသဏ္ဍာန်သည် ယေဘုယျအားဖြင့် အိမ်နီးချင်းအိန္ဒိယနိုင်ငံနှင့် အတော်များများ ဆင်တူပါသည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင် ဘဏ္ဍာရေး ကော်မရှင်၏ ဥက္ကဋ္ဌမှာ နိုင်ငံတော်သမ္မတ မဟုတ်ပါ။ အဆိုပါကော်မရှင်သည် ပညာရပ်ဆိုင်ရာ သုံးသပ်ချက်များအား အစိုးရ၊ လွှတ်တော်နှင့် ပြည်သူလူထုသို့ ထုတ်ပြန်ပေးရပါသည်။ မြန်မာနိုင်ငံတွင်မူ အခြေခံဥပဒေ ပုဒ်မ ၂၂၉အရ ဖွဲ့စည်းသည့် ဘဏ္ဍာရေးကော်မရှင်သည် အခြေခံ ဥပဒေပုဒ်မ ၂၃၀ က ပေးအပ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုတွင် အခရာ ကျပါသည်။ ဘဏ္ဍာရေး ကော်မရှင်သည် ဘဏ္ဍာရေး လုပ်ငန်းဆောင်တာများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့်အပြင် ဘဏ္ဍာရေးစနစ် ခိုင်မာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အဓိကကျသော ကိုယ်ထည် ဖြစ်နေ ပြန်ပါသည်။ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်းပြီး ပေးအပ်သည့် တာဝန်များကိုလည်း အကောင်အထည်ဖော်ပေးရမည့်အပြင် ကော်မရှင်ကိုယ်၌ကလည်း ဘဏ္ဍာရေး ကျွမ်းကျင်သည့် ပြင်ပပညာရှင်များ၏ အကူအညီကိုလည်း တောင်းခံနိုင်ကြောင်း အခြေခံဥပဒေက ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါသည်။ အကောင်းဆုံး မဟုတ်သော်လည်း အလုပ်လုပ်နိုင်သေးသည့် စနစ်ဟူ၍ ယူဆနိုင်ပါသည်။

*အထူးပြု ဖော်ပြချက် အမှတ် (၄)*
*ဘဏ္ဍာရေးကော်မရှင်နှင့် ပတ်သက်သည့် အခြေခံဥပဒေပြဋ္ဌာန်းချက်များ*

**ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း**

၂၂၉။ (က) ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(၁) နိုင်ငံတော်သမ္မတ - ဥက္ကဋ္ဌ

(၂) ဒုတိယသမ္မတများ - ဒုတိယဥက္ကဋ္ဌများ

(၃) ပြည်ထောင်စုရှေ့နေချုပ် - အဖွဲ့ဝင်

(၄) ပြည်ထောင်စုစာရင်းစစ်ချုပ် - အဖွဲ့ဝင်

(၅) တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်များ - အဖွဲ့ဝင်များ

(၆) နေပြည်တော်ကော်စီဥက္ကဋ္ဌ - အဖွဲ့ဝင်

(၇) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး - အတွင်းရေးမှူး

(ခ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူ မရှိသေးပါက နိုင်ငံတော်သမ္မတသည် ထိုနေရာအတွက် သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

(၂) ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ ထို့ပြင် ဘဏ္ဍာရေး ကော်မရှင်အတွက် လိုအပ်သော အမိန့်၊ ညွှန်းကြားချက်စသည်များကိုလည်း နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတ တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာနိုင်သည်။

**ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၂၃၀။ (က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေ ခန့်မှန်းခြေငွေစာရင်းများနှင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယ သမ္မတတစ်ဦးက ဦးဆောင်စီစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စီစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်း လျာထား ချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ဂ) ဘဏ္ဍာရေးကော်မရှင်သည် -

(၁) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ ထောက်ခံတင်ပြရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့် ကိစ္စများကို အကြံပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(၃) ခိုင်မာသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန် ပေးအပ်သည့် ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

(ဃ) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြ ရမည်။

(င) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်။

ရင်းမြစ်။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)

*တိုင်းရင်းသားအဖွဲ့အစည်းများဖြင့် တိုက်ပွဲများ ဖြစ်ပွားနေဆဲ မြန်မာနိုင်ငံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား သဘာဝကျစွာ ကွာဟချက် ကြီးမားနေပြီး ပြည်တွင်းစစ် ပြီးဆုံးသွားသော် ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ကွာဟချက်လျော့ချရန်မှာ ကော်မရှင်၏ ပခုံးထက်တွင် ကျရောက်နေပါသည်။* ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆီသို့ ချီတက်နေသော ခရီးတွင် ကော်မရှင်သည် အထူးအရေးပါလေရာ ကော်မရှင်အား ပြုပြင်ပြောင်းလဲရေးနှင့် ကော်မရှင်၏ လုပ်ကိုင်နိုင်စွမ်းသည် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် အရေးတကြီး လိုအပ်ပါသည်။

## MSDP[7]တွင် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ ဖော်ပြချက်များနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာ စေမည့် အဆိုပြုချက်များ

အစိုးရသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအား မျှော်မှန်းထားသည်နှင့်အညီ ပြည်ထောင်စုအစိုးရ၏ ဗဟိုထိန်းချုပ်မှုကို လျော့ချရန် လိုအပ်ကြောင်း အသိအမှတ်ပြုပါသည်။ နိုင်ငံ၏ ရှေ့ဆက်သွားမည့် အဆိုပါ လမ်းကြောင်းနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံ အားလုံးကို ပြန်လည် သုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ထည့်သွင်း ရေးသားထားပါသည်။ စီမံကိန်းပါ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ လမ်းပြမြေပုံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးအတွက် အခွန်ဘဏ္ဍာငွေများ ပိုမို မျှတစွာ ခွဲဝေရန် သယံဇာတ ထုတ်ယူသည့် လုပ်ငန်းများမှ ရရှိသည့် ဘဏ္ဍာငွေ အပါအဝင် အခွန်ဘဏ္ဍာငွေခွဲဝေသည့် စနစ်အား ပိုမိုကောင်းမွန်စေခြင်းအား ထည့်သွင်း ရေးဆွဲထားပါသည်။ မဟာဗျူဟာ ၂.၄ (အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း) အတွက် စီမံကိန်းတွင် လုပ်ငန်းစဉ်

[7] မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၁၈-၂၀၃၀

(၈)ရပ် ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ် (၈)ရပ်အနက် လုပ်ငန်းစဉ် (၂)ရပ်[8]တွင်သာ တိုင်းဒေသကြီးအစိုးရများနှင့် ပြည်နယ် အစိုးရများကို သက်ဆိုင်သည့် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားပါသည်။ ထို့အပြင် အခွန် မျှဝေသည့် လုပ်ငန်းစဉ်သည် ပြည်ထောင်စု ဝန်ကြီးဌာနနှင့် ဒေသအစိုးရများသာမက ပြည်ထောင်စုလွှတ်တော်၏ ပြင်ဆင်မှုနှင့် အတည်ပြုမှုကိုပါ လိုအပ်သည့်အရေး ဖြစ်ပါသည်။

*နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည်ပင် ကာလ၊ ဒေသနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်မှုပြုရသည်ဆိုလျှင် MSDP သည်လည်း ကာလ၊ ဒေသနှင့်အညီ လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါသည်။*

၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မြန်မာနိုင်ငံ၏ အရေးအရာအရပ်ရပ်သည် တစ်နည်းတစ်ဖုံ ပြောင်းလဲခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး အခြေအနေသည် ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အသစ် မွေးဖွားပေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့် ပြည်သူ့ဘဏ္ဍာရေးစီမံမှု အခင်းအကျင်းသစ်နှင့် တည်ဆဲ ဘဏ္ဍာရေးစီမံမှု အလေ့အထများကြား ညှိနှိုင်း အကောင်အထည် ဖော်နေရဆဲဖြစ်ပြီး တစ်ချိန်တည်းမှာပင် ချီတက်နေသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ စံများနှင့်သော်လည်းကောင်း၊ အခြေခံဥပဒေပါ စကားရပ်ဖြစ်သည့် "ခိုင်မာသော ဘဏ္ဍာရေး စနစ်" ဖြစ်ထွန်းလာစေရန် အတွက်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၊ ဥပဒေပြုရသည့် လွှတ်တော်များ၊ အုပ်ချုပ်စီမံသည့် ဗျူရိုကရေစီယန္တရားတို့ ကြိုးစားအားထုတ်နေရဆဲ ဖြစ်ပါသည်။

*ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသည် အစိုးရ၊ လွှတ်တော်၊ ပညာရှင်များနှင့် ကျွမ်းကျင်သည့် ဗျူရိုကရက် အရာရှိကြီးများ ညီညွတ်စွာ ပူးပေါင်းပြီး စီမံပါမှ စနစ်ကြီး တိုးတက်ပြောင်းလဲလာပါမည်။* အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ဘဏ္ဍာရေးစီမံမှုတွင် ပညာရှင်များ၏ တန်ဖိုးရှိသော အကြံဉာဏ်များ ရယူရန် အားနည်းပါသည်။[9] ပညာရှင်များ၏ အကြံဉာဏ်အား နီးကပ်စွာ ရယူရန် နည်းလမ်းနှစ်မျိုးရှိပါသည်။ ပထမနည်းမှာ ပညာရှင်များချည်း

[8] လုပ်ငန်းစဉ် (၂.၄.၅) နိုင်ငံအဆင့် မဟာဗျူဟာကျ အခြေခံအဆောက်အအုံစီမံချက်အတွက် ပြဋ္ဌာန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် အခွန်ဖြန့်ဝေမှုနှင့် ရပိုင်ခွင့် စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်သည့် ကိစ္စရပ်များအပါအဝင် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေး အရည်အသွေးကို မြှင့်တင်ခြင်း

လုပ်ငန်းစဉ် (၂.၄.၈) သဘာဝသယံဇာတသုံးသည့် စက်မှုလုပ်ငန်းများမှ ရရှိသည့် အခွန်ငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွက် အခွန်ရရှိမှု ပိုမို ညီမျှစေရေးအတွက် ပံ့ပိုးပေးရန် အပါအဝင် အခွန်မျှဝေပေးခြင်း လုပ်ငန်းစဉ်ကို မိတ်ဆက်ပေးရန်

[9] ၂၀၀၈ အခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ (င)တွင် ကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို တောင်းခံနိုင်သည် ဟု ထည့်သွင်းရေးဆွဲထားသော်လည်း ကော်မရှင်အတွင်း ပညာရှင်များအား ထည့်သွင်းရန် မဖော်ပြထားခြင်းနှင့် ပညာရှင်များအား သီးသန့်စုဖွဲ့ကာ အကြံဉာဏ်တောင်းခံသော ယန္တရားနည်းလမ်းအား အခြေခံဥပဒေအတွင်း မဖော်ပြထားခြင်းတို့ကို အတည်ပြု၍ ပညာရှင်များ ပါဝင်နိုင်ခွင့်ကို အခြေခံဥပဒေက အာမခံ ပေးထားခြင်း မရှိကြောင်း သုံးသပ်ပါသည်။

စုဖွဲ့ထားသော ဘက်မလိုက်သည့် အကြံပေးအဖွဲ့ထံမှ အနီးကပ် အကြံဉာဏ် ရယူခြင်း ဖြစ်ပါသည်။ ဒုတိယနည်းမှာ ပညာရှင်များအား ကော်မရှင်အတွင်း အဖွဲ့ဝင်အဖြစ် သော်လည်းကောင်း အထူးအဖွဲ့ဝင်အဖြစ် သော်လည်းကောင်း ဖိတ်ခေါ်ပြီး အကြံဉာဏ် ရယူခြင်း ဖြစ်ပါသည်။ အဆိုပါ နည်းနှစ်သွယ်စလုံးကို ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်ရန် အခြေခံဥပဒေအတွင်း ပြဋ္ဌာန်းပေးရန် အထူး လိုအပ်ပါသည်။ အဆိုပါပညာရှင်များ သော်လည်းကောင်း၊ အဆိုပါပညာရှင်အဖွဲ့က သော်လည်းကောင်း ၎င်းတို့၏ သုံးသပ်ချက်များအား အစိုးရ၊ လွှတ်တော်နှင့် ပြည်သူလူထုအား တင်ပြနိုင်မည့် ယန္တရားအား တည်ဆောက်ခြင်းသည် ပြည်သူ့ဘဏ္ဍာရေးစနစ် ခိုင်မာအားကောင်းစေရန် အရေးကြီးပါသည်။

# အခန်း (၃)

## ရင်းနှီးမြှုပ်နှံမှု

၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ် အတောအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်း အချက်အလက်များအရ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသော ပမာဏမှာ တိုင်းဒေသကြီးများထက်စာလျှင် သိသိသာသာ နည်းလွန်းနေခဲ့သည်ကို တွေ့ရသည်။ အဆိုပါ လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏ နည်းသော ပြည်နယ်များမှာ ကချင်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်တို့ ဖြစ်သည်။ ပြည်နယ်ခုနှစ်ခု၌ လေးခု အထိ အနည်းဆုံး စာရင်းဝင်နေခြင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အကြား ကွာဟနေသည့် အရာများ ရှိနေသည်ကို ဖော်ဆောင်နေသည်။ ပြည်နယ်များအနေဖြင့် ယင်းကွာဟချက်များ အနက် ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန် အဟန့်အတား ဖြစ်စေနိုင်သည့်အချက်များကို လျော့ချပေးနိုင်ဖို့ရန် တနည်းအားဖြင့် စီးပွားရေးအရ လုပ်ရကိုင်ရ လွယ်ကူအောင် ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်ဖို့ရာ အရေးကြီးသည်။ ယေဘုယျဆိုရသော် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ အခွန်နှုန်းထားပုံစံများ၊ ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်မှု နည်းပါးသော လုပ်သားများ ရရှိနိုင်မှုနှင့် လုပ်ခလစာများ၊ လျှပ်စစ်စွမ်းအင် ရရှိနိုင်မှု၊ လမ်းပန်း ဆက်သွယ်ရေးနှင့် အခြားလိုအပ်သော အခြေခံအဆောက်အအုံများ စသည့်တို့သည် ရင်းနှီးမြှုပ်နှံ သူများ ရင်းနှီးမြှုပ်နှံဖို့ရာ အဓိကထား စဉ်းစားကြသောအချက်များ ဖြစ်သည်။ ဇယား (၃.၃)သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းများကို ဖော်ပြထား ခြင်းဖြစ်ပြီး ဇယား (၃.၂)သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု ပမာဏများ ဖြစ်သည်။ ဇယား (၃.၁) သည် လေ့လာနေသောနှစ်များဖြစ်သည့် ၂၀၁၁မှ ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏတွင် အများဆုံး သုံးခုနှင့် အနည်းဆုံးသုံးခုဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖော်ပြထားခြင်းဖြစ်သည်။

ဇယား (၃.၁) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု (၂၀၁၁-၁၇)

| | အများဆုံး | အနည်းဆုံး |
|---|---|---|
| ပြည်ပနိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှု | ၁. ရန်ကုန်တိုင်းဒေသကြီး<br>၂. ကချင်ပြည်နယ်<br>၃. တနင်္သာရီတိုင်းဒေသကြီး | ၁. ချင်းပြည်နယ်<br>၂. ကယားပြည်နယ်<br>၃. ကရင်ပြည်နယ် |
| ပြည်တွင်းနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု | ၁. ရန်ကုန်တိုင်းဒေသကြီး<br>၂. မန္တလေးတိုင်းဒေသကြီး<br>၃. မွန်ပြည်နယ် | ၁. ချင်းပြည်နယ်<br>၂. ကရင်ပြည်နယ်<br>၃. မကွေးတိုင်းဒေသကြီး |

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် **ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်**နှင့် **တနင်္သာရီတိုင်းဒေသကြီး**တို့သည် လေ့လာနေသည့်နှစ်များအတွင်း စုစုပေါင်းပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံး ဖြစ်ကြပြီး **ချင်းပြည်နယ်၊ ကယားပြည်နယ်**နှင့် **ကရင်ပြည်နယ်**တို့သည် အနည်းဆုံးသော ပြည်နယ်များဖြစ်ကြသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွင်လည်း အများဆုံးမှာ **ရန်ကုန်တိုင်းဒေသကြီး**ပင် ဖြစ်ပြီး **မန္တလေးတိုင်း ဒေသကြီး**နှင့် **မွန်ပြည်နယ်**တို့က ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။ **ချင်းပြည်နယ်**သည်ပင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွင် အနည်းဆုံးပြည်နယ် တစ်ခုဖြစ်နေပြီး **ကရင်ပြည်နယ်**သည် ဒုတိယနှင့် **မကွေးတိုင်းဒေသကြီး**သည် တတိယ အနည်းဆုံး ဖြစ်ကြသည်။

လေ့လာနေသောနှစ်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးသုံးခုနှင့် အနည်းဆုံးသုံးခု ဖြစ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကို ရွေးချယ်ထားပြီး ယင်းတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေနှင့် သုံးသပ်ချက်များကို အောက်တွင် ရှင်းလင်းတင်ပြပါမည်။

ဇယား (၃.၂) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်းနိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှု (ကျပ်သန်းပေါင်း)

| တိုင်းဒေသကြီးနှင့် ပြည်နယ်များ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ | ၂၀၁၃/၁၄ | ၂၀၁၄/၁၅ | ၂၀၁၅/၁၆ | ၂၀၁၆/၁၇ | ၂၀၁၇/၁၈ |
|---|---|---|---|---|---|---|---|
| ကချင်ပြည်နယ် | ၀ | ၄၀၅၁၇ | ၀ | ၀ | ၂၃၂၈၀ | ၀ | ၄၄၆၉ |
| ကယားပြည်နယ် | ၇၂၁၅၈ | ၀ | ၀ | ၀ | ၀ | ၄၁၈၆ | ၀ |
| ကရင်ပြည်နယ် | ၀ | ၀ | ၀ | ၁၀၀၀ | ၅၃၃၅ | ၄၂၀၀ | ၄၂၂၅ |
| ချင်းပြည်နယ် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၃၆၀ | ၁၅၅၈၉ | ၀ | ၄၁၀၆၅ | ၅၅၀ | ၇၇၈၂ | ၂၄၆၀၁ |
| တနင်္သာရီတိုင်းဒေသကြီး | ၀ | ၆၈၆၉ | ၁၀၈၈၈ | ၉၅၆၄၈ | ၅၇၂၅၆ | ၃၅၀၀ | ၉၀၀၁ |
| ပဲခူးတိုင်းဒေသကြီး | ၀ | ၅၇၉၄၉ | ၂၅၄၄၄ | ၁၇၅၂၄ | ၃၃၃၉၈၀ | ၁၂၀၀ | ၃၁၉၁၅၉ |
| မကွေးတိုင်းဒေသကြီး | ၃၈၉ | ၆၇၁၇ | ၃၂၂၁ | ၁၉၃၀၅ | ၀ | ၀ | ၅၃၄၂ |
| မန္တလေးတိုင်းဒေသကြီး | ၁၀၀၄၂၄ | ၄၄၄၂၃၆ | ၅၂၅၇၃၀ | ၉၆၀၈ | ၄၃၆၄၃၂ | ၉၄၀၅၄၀ | ၂၀၇၅၃၇၉ |
| မွန်ပြည်နယ် | ၀ | ၀ | ၁၆၄၉၀၀ | ၁၀၀၀၀ | ၅၄၁၁၂၀ | ၅၂၄၀ | ၉၇၄၃၄ |
| ရခိုင်ပြည်နယ် | ၀ | ၀ | ၀ | ၁၈၂၈၆ | ၄၂၃၄၃ | ၁၉၂၈၈ | ၁၃၃၈၄၂ |
| ရန်ကုန်တိုင်းဒေသကြီး | ၃၀၁၄၀ | ၅၈၆၁၂၇ | ၈၄၄၄၉၂ | ၆၄၉၉၆၅ | ၄၁၈၃၁၅၄ | ၅၅၅၅၃၁ | ၈၅၁၁၃၉ |
| ရှမ်းပြည်နယ် | ၃၁၈၁၇ | ၈၀၀၈ | ၈၇၇၆၇ | ၉၄၁၄၆ | ၁၁၂၀၆၇ | ၅၇၈၅၀ | ၂၁၁၄၇၀ |
| ဧရာဝတီတိုင်းဒေသကြီး | ၄၂၈၇ | ၈၆၁၃ | ၂၀၅၁၁ | ၁၃၇၅၂ | ၁၀၁၉၈၉ | ၀ | ၁၂၈၉၃၀ |

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ဇယား (၃.၃) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်ပနိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှု (အမေရိကန်ဒေါ်လာသန်းပေါင်း)

| တိုင်းဒေသကြီးနှင့် ပြည်နယ်များ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ | ၂၀၁၃/၁၄ | ၂၀၁၄/၁၅ | ၂၀၁၅/၁၆ | ၂၀၁၆/၁၇ | ၂၀၁၇/၁၈ |
|---|---|---|---|---|---|---|---|
| ကချင်ပြည်နယ် | ၄၃၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၂၄၂ |
| ကယားပြည်နယ် | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ကရင်ပြည်နယ် | ၀ | ၀ | ၀ | ၀ | ၃၇ | ၀ | ၅ |
| ချင်းပြည်နယ် | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၀ | ၂၀၁ | ၁၄၄ | ၅ | ၁၃၇ | ၄ |
| တနင်္သာရီတိုင်းဒေသကြီး | ၀ | ၂၀၆ | ၃၃ | ၆၀၁ | ၃၃၁၂ | ၁ | ၂၇၅ |
| ပဲခူးတိုင်းဒေသကြီး | ၂၆ | ၅၈ | ၆၂၇ | ၄၆၀ | ၆၇ | ၁၂၉ | ၂၂၄ |
| မကွေးတိုင်းဒေသကြီး | ၁၂၃ | ၃၉ | ၀ | ၂၃၄ | ၆ | ၃၁၃ | ၂ |
| မန္တလေးတိုင်းဒေသကြီး | ၂၆ | ၆၅ | ၈၂ | ၆၆၇ | ၄၇၃ | ၇၃၆ | ၁၁၄၇ |
| မွန်ပြည်နယ် | ၀ | ၀ | ၃၇၅ | ၃၂၆ | ၃၃၇ | ၁ | ၄၇၈ |
| ရခိုင်ပြည်နယ် | ၁၈ | ၀ | ၀ | ၁၆၁၈ | ၁၁၇၈ | ၀ | ၀ |
| ရန်ကုန်တိုင်းဒေသကြီး | ၃၃ | ၈၃၄ | ၂၇၄၅ | ၃၇၆၇ | ၃၈၆၇ | ၅၂၉၇ | ၃၂၂၂ |
| ရှမ်းပြည်နယ် | ၀ | ၁၉၉ | ၃၃ | ၁၇ | ၁၅၄ | ၇ | ၁၂ |
| ဧရာဝတီတိုင်းဒေသကြီး | ၇၃ | ၂၀ | ၁၁ | ၁၆၆ | ၄၂ | ၃၀ | ၇၉ |

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

**၂၀၁၁ခုနှစ်မှ ၂၀၁၇ခုနှစ် ၇နှစ်တာကာလ အတော အတွင်း မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် များသို့ ပြည်ပနိုင်ငံသားများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုတွင် ရန်ကုန်တိုင်းဒေသကြီး သည် အများဆုံးဖြစ်သည်။**




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

သူ့နောက်တွင် ကချင် ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့ ကပ်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်း နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏတွင်လည်း အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးပင် ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုး တိုးတက်မှု၌ ကျန်တိုင်းဒေကြီးနှင့် ပြည်နယ်များထက် သာလွန်သည်။ ထို့အတူ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)ကို တိုးသထက်တိုးလာအောင် အဓိကတွန်းတင်ပေးလျက် ရှိနေသော အဓိကကဏ္ဍကြီးများဖြစ်သည့် စက်မှုနှင့် ဝန်ဆောင်မှုတို့ကို မောင်းနှင်နေသော တိုင်းဒေသကြီးဖြစ်ပြီး အမျိုးသားဘက်စုံစီမံကိန်း(၂၀၁၀-၂၀၃၀) ထဲတွင်ပါရှိသော ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဒေါက်တိုင်ကြီး(၂)ခု (ဝါ) ဖွံ့ဖြိုးမှုစင်တာ(၂)ခုအဖြစ်လည်း ထားရှိခြင်းခံရသော တိုင်းဒေသကြီးလည်းဖြစ်သည်[10]။ ဤအတွက်ကြောင့် ဒေသတွင်းနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ နှစ်စဉ်ဝင်ရောက်လာလျက်ရှိသည်။ တစ်နိုင်ငံလုံး အတိုင်းအတာနေဖြင့် အထူးစီးပွားရေးဇုန်သုံးခုရှိရာ ယင်းတို့အနက် ရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စားလျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်သည် အထူးသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူ များ၏ စိတ်အာရုံကို ပိုမိုဆွဲဆောင်နိုင်သည်။ ထို့အတွက်ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ပမာဏများသည် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၃ သန်းပေါင်းနီးပါးမှ တစ်နှစ်ထက်တစ်နှစ် ပိုပိုတိုးလာပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်းပေါင်း ၅၃၀၀နီးပါးထိ ရှိလာခဲ့သည်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများမှာလည်း ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သိန်းပေါင်း သုံးသောင်းခန့် ရှိပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄၁သိန်းထိ တိုးလာခဲ့သည်။

[10] မြန်မာနိုင်ငံ၏ အစွန်း(၂)ဘက် တိုးတက်မှုဆိုင်ရာ မဟာဗျူဟာတွင် ဖော်ပြထားချက်အရ အစွန်း(၂)ဘက် တိုးတက်လာစေရန် ရည်ရွယ်ထားပြီး ၎င်းကို အမျိုးသားဘက်စုံ ဖွံ့ဖြိုးမှုစီမံကိန်း (၂၀၁၀-၂၀၃၀) တွင် ရှင်းလင်း ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ရန်ကုန်နှင့် မန္တလေးအား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဒေါက်တိုင်(၂)ခုအဖြစ် (ဝါ) ဖွံ့ဖြိုးမှုစင်တာ(၂)ခုအဖြစ် ထားရှိဆောင်ရွက်ရန် ဖြစ်ပေသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှစ်မျိုးလုံးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏများ ပြန်လည်ကျဆင်းသွားပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်းပေါင်း ၃၂၀၀ခန့်နှင့် နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သန်းပေါင်း ၈၅၀၀၀ခန့် ဖြစ်သည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် ရာခိုင်နှုန်းအားဖြင့် ၁၇% နှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတွင် ၈၀% ထိ ကျဆင်းသွားခြင်းဖြစ်သည်။ ဤသည်မှာ ရင်းနှီးမြှုပ်နှံမှုများ ပိုမို တိုးလာစေရန် ရည်ရွယ်ကာ ရင်းနှီးမြှုပ်နှံရန် လွယ်ကူချောမောစေသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၆ခုနှစ် အောက်တိုဘာလ၌ ပြဋ္ဌာန်းလိုက်ခြင်းက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း အလွယ်တကူ ရင်းနှီးမြှုပ်နှံခွင့်နှင့် ခံစားခွင့်များ ရရှိလာစေကာ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အဆိုပါရင်းနှီးမြှုပ်နှံမှုများ ခွဲဝေစီးဆင်းသွားစေခဲ့သည်ဟု ဆိုနိုင်သည်။

**ရန်ကုန် တိုင်းဒေသကြီး ပြီးနောက် ပြည်ပရင်းနှီး မြှုပ်နှံမှုပမာဏ ဒုတိယ အများဆုံး ဝင်ရောက်လာ သောဒေသမှာ ကချင် ပြည်နယ်ဖြစ်သည်။**

ပြည်နယ်များအထဲ တစ်ခု တည်းသော ပြည်ပရင်းနှီး မြှုပ်နှံမှု အများဆုံး ပြည်နယ်ဖြစ်သည်။

ပုံ (၃.၂) ကချင်ပြည်နယ်၏ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ကချင်ပြည်နယ်သည် ရန်ကုန်တိုင်းဒေသကြီးကဲ့သို့ စီးပွားရေးမြို့တော် မဟုတ်သော်လည်း အခြားစီးပွားရေးမြို့တော်ဖြစ်သော မန္တလေးတိုင်းဒေသကြီးထက် ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုများသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်[11]သည် မြန်မာနိုင်ငံရှိ သယံဇာတပေါကြွယ်ဝပြီး တောင်ကုန်း၊ တောင်တန်းထူထပ်သော ပြည်နယ်များထဲမှ တစ်ခုဖြစ်ပြီး အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ဖြစ်သည်။ ပြည်နယ်အတွင်း

[11] ရွှေ၊ ငွေ၊ ကြေးနီ၊ ပယင်း၊ သံ၊ ခဲ၊ ကျောက်စိမ်း၊ ကျောက်မီးသွေး၊ ကျွန်းသစ်နှင့် အခြားအဖိုးတန်ဓာတ်သတ္တုများ ထွက်ရှိသော ပြည်နယ်ဖြစ်သည်။

ဝင်ရောက်လာသော လုပ်ငန်းအများစုမှာ သတ္တုနှင့် တွင်းထွက်ပစ္စည်း တူးဖော်ရေး လုပ်ငန်းများဖြစ်ပြီး အများစုမှာ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။ ဤသည်မှာ ပြည်နယ်အနေဖြင့် သယံဇာတများရရှိမှုအပေါ် မှီခိုနေသည်ဟု ဆိုနိုင်ပေမည်။

ဦးသိန်းစိန် အစိုးရ စတင် အုပ်ချုပ်သောနှစ်ဖြစ်သည့် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံခြားသားများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာသန်းပေါင်း ၄၃၀၀ခန့်ရှိခဲ့ပြီး နောက်ပိုင်း ၎င်းအစိုးရသက်တမ်း တစ်လျှောက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း မရှိသည်ကိုတွေ့ရသည်။ ၂၀၁၂ခုနှစ်၌ မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့ကြား ရယူထားသော ငြိမ်းချမ်းရေး ပျက်ပြားပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားကာ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို အစိုးရက ရပ်ဆိုင်းထားစေခဲ့သည် (ENAC, 2017)။ ယင်းအကြောင်းတရားသည် ရင်းနှီးမြှုပ်နှံမှုများ ရပ်တန့် သွားခြင်းနှင့် သက်ဆိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်အတွင်းရှိ မြို့အနည်းငယ်မျှ တွင်သာ စက်မှုလက်မှုလုပ်ငန်းများရှိ၍ ကျန်မြို့အများအပြားသည် လယ်ယာလုပ်ငန်းနှင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများတွင်သာ မှီခိုအားထားနေရသည်။[12] ဆိုခဲ့ပါ ပြည်နယ်အတွင်း မတည်ငြိမ်မှုများက ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားတစ်ခုဖြစ်စေသည်။ ၂၀၁၆ ခုနှစ် တွင် အရပ်သားအစိုးရဟု ခေါ်ဆိုကြသော သမ္မတဦးထင်ကျော်၏ အုပ်ချုပ်မှု ပထမတစ်နှစ်တာတွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းမရှိပေ။ နောက်ပိုင်း ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်မှ ပြည်နယ်အနေဖြင့် ပြည်ပနိုင်ငံခြားသားများမှ ဒေါ်လာသန်းပေါင်း ၂၅၀နီးပါးထိ ရင်းနှီးမြှုပ်နှံမှုကို ရရှိသည်။ ယင်းမှာလည်း ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ထိရောက်မှုတစ်ခုပင် ဖြစ်သည်ဟု ဆိုရပေမည်။

[12] ကချင်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများရှိသောမြို့များမှာ ဗန်းမော်၊ မြစ်ကြီးနား၊ မိုးညှင်း၊ တနိုင်းနှင့် ဝိုင်းမော်မြို့များ ဖြစ်သည်။

**ပြည်ပ နိုင်ငံခြားသားများမှ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနက် ပမာဏ အားဖြင့် တတိယ အများဆုံးမှာ တနင်္သာရီတိုင်းဒေသကြီး ဖြစ်သည်။**

ပုံ (၃.၃) တနင်္သာရီတိုင်းဒေသကြီး၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ကမ်းရိုးတန်း ဒေသဖြစ်ပြီး ဒေသအတွင်းရှိ သူများသည် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို ဇောက်ချ လုပ်ကိုင်ကြသည်။ အချို့သောနေရာများ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိသော ဒေသများတွင် ကုန်သွယ်ရေးလုပ်ကိုင်ကြသည်။ ငါးဖမ်းလုပ်ငန်းသည် အရေးပါအရာရောက်သော လုပ်ငန်းဖြစ်ပြီး အက်ဒမန် ပင်လယ်တစ်လျှောက် ရှည်လျားသောကမ်းရိုးတန်း (တနင်္သာရီကမ်းရိုးတန်း) ပိုင်ဆိုင်ရခြင်းက တနင်္သာရီတိုင်းဒေသကြီးကို မြန်မာနိုင်ငံ၏ အကြီးဆုံး ငါးဖမ်းလုပ်ငန်းဒေသများထဲမှ တစ်ခုအပါအဝင် ဖြစ်စေသည်။ ပြည်တွင်းအတွက်သာမက ပြည်ပသို့ အထူးသဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့နိုင်သည့်အထိ ဒေသ၏ စီးပွားရေးကို မောင်းနှင်နိုင်သည်။

ပြည်နယ်၏ တောင်ပိုင်းမြေနိမ့်ဒေသများတွင် များပြားသော ရာဘာနှင့် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများရှိပြီး အများစုမှာ ပြည်ပနိုင်ငံခြားသား ကော်ပိုရေးရှင်းများ အပိုင်ဖြစ်သည်။ တစ်ဖက်တွင်လည်း ထားဝယ်အထူးစီးပွားရေးဇုန်၊ မြိတ်နှင့် အင်းလေးမြိုင် စက်မှုဇုန်များက ပြည်ပနိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကို အထူးဆွဲဆောင်ထားနိုင်ခဲ့သည်။ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းနှင့် ရာဘာစိုက်ပျိုးရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာရှိသော လုပ်ငန်းများ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူအများစုမှာ ခရီးသွားလုပ်ငန်းနှင့် ရေလုပ်ငန်းတို့တွင်သာ စိတ်ဝင်စားကာ အဆိုပါ ကဏ္ဍများ၌သာ ရင်းနှီးမြှုပ်နှံမှု တိုးလာလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုများ နှစ်အလိုက် ဝင်ရောက်လာသည်မှာ မှန်သော်လည်း ဝင်ရောက်လာမှုနှုန်းမှာ တိုးလာလိုက် ကျလာလိုက်ဖြစ်နေသည်။ ပုံ (၃.၅)အရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်သည် တနင်္သာရီ တိုင်းဒေသကြီးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံး ဝင်ရောက်လာသောနှစ်ဖြစ်သည်။ ပမာဏအားဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်းပေါင်း ၃၃၀၀ခန့် ရှိခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စုစုပေါင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွင် ၃၅% ထိပါဝင်နေပြီး

ရန်ကုန်တိုင်းဒေသကြီး (၄၀%) ပြီးလျှင် အများဆုံး ဖြစ်သည်။ ယင်းနှစ်တွင် ပြည်ပမှ လာရောက်လုပ်ကိုင်သော လုပ်ငန်းအရေအတွက် (၉) ခုထိရှိခဲ့ပြီး ဆိုခဲ့ပါ လုပ်ငန်းများအနက် အများစုမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဖြစ်သည်။

***ချင်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု စာရင်းအရ ရင်းနှီးမြှုပ်နှံမှုပမာဏ အနည်းဆုံးသောပြည်နယ် တစ်ခုပင်ဖြစ်သည်။*** ထို့အပြင် နှစ်(၂၀)နှင့်အထက် ပြည်တွင်းနိုင်ငံသားများမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်း လုံးဝမရှိသည့် တစ်ခုတည်းသော ပြည်နယ်ဖြစ်နေသည်ကို တွေ့ရသည်။[13] တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ကျဆုံးပြည်နယ်လည်း ဖြစ်သည်။ ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုအနိမ့်ဆုံး ပြည်နယ်ဖြစ်သည့်အပြင် ပြည်နယ်ဒေသအတွင်း တောင်ကုန်းတောင်တန်း ထူထပ်များပြားပြီး သွားရလာရ၊ သယ်ယူပို့ဆောင်ရေး ခက်ခဲသည့် ဒေသ ဖြစ်သည်။ ဒေသတွင်းလူအများစုမှာ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုသာ အထူး မှီခိုအားထားနေရသည်။ ဒေါ်လာနှစ်သန်း နီးပါးဖြင့် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသော ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှလွဲ၍ ကျန်သောနှစ်များအတွင်း ပြည်ပ နိုင်ငံခြားသားများသာမက ပြည်တွင်းနိုင်ငံသား တို့၏ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းမရှိပေ။ ရာသီအလိုက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်လပ်ခြင်း (အချို့နေရာများတွင် မရရှိနိုင်ခြင်း)၊ ဒေသအတွင်း ကောင်းမွန်သော ဈေးကွက်မရှိခြင်း (သို့) လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက် ဈေးကွက်နှင့် လက်လမ်းမမှီ ဖြစ်နေခြင်းတို့ကြောင့် ချင်းပြည်နယ်ရှိ လုပ်သားများသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးသာမက တစ်ဖက်ပြည်ပနိုင်ငံများသို့ အထူးသဖြင့် မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ရသည်။ ထို့အတွက် ဒေသအတွင်း ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်မှုနည်းပါးသော လုပ်သားများ ရှားပါးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု အားနည်းခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံတို့ မဖွံ့ဖြိုးခြင်းနှင့် စီးပွားရေးလုပ်ကိုင်၍ ရနိုင်မှု (သို့) စီးပွားရေးဝန်းကျင် အခြေအနေမှာ ဆိုးရွားလျက်ရှိခြင်း စသည့်တို့မှာ ချင်းပြည်နယ်အတွင်း စီးပွားရေးလုပ်ကိုင်နိုင်ဖို့ရာ အဟန့်အတား

[13] မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) မှ ဖော်ပြချက်တစ်ခုအရ ၁၉၉၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ချင်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအထဲ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်း လုံးဝမရှိသော တစ်ခုတည်းသော ပြည်နယ်ဖြစ်သည်။

ဖြစ်စေသည်။ လေ့လာနေသည့်နှစ်များအတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသော နှစ်မှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တစ်ခုတည်းသာဖြစ်ပြီး ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၂သန်းသာ ရှိသည်။

**ကယား ပြည်နယ်သည် ပြည်ပ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှု ပမာဏ၌ ချင်းပြည်နယ် ပြီးလျှင် ဒုတိယ အနည်းဆုံး ပြည်နယ် ဖြစ်သည်။**



ပုံ (၃.၄) ကယားပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ချင်းပြည်နယ်နှင့် သိသိသာသာ ကွဲပြား ခြားနားခြင်း မရှိပေ။ သို့သော် မတူသည်က ကယားပြည်နယ်၏ တည်ရှိနေသော မြေမျက်နှာသွင်ပြင်အရ လမ်းပန်းဆက်သွယ်ရေးမှာ မဆိုးရွားပေ။ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသော ပြည်နယ်တစ်ခုဖြစ်ပြီး လယ်ယာကဏ္ဍကြီးမှာ ပြည်နယ်၏ဂျီဒီပီတွင် အများဆုံးဖြစ်သဖြင့် စိုက်ပျိုးရေးအခြေပြုသော စီးပွားရေးကို အားထားနေရဆဲ ဖြစ်သည်။ အခြား သတ္တုနှင့် သတ္တုတွင်းလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးနှင့် မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ စီးပွားဖြစ် လုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး အများစုမှာ မိသားစုတနိုင်တပိုင်လုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ လက်ရှိ ပြည်နယ်ဒေသအတွင်း မြေလွတ်မြေရိုင်းများ၊ စိုက်ပျိုးနိုင်သော မြေများ၊ စားကျက်မြေများ များစွာ ကျန်ရှိနေသဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် စိုက်ပျိုးရေးပုံစံသို့ ကူးပြောင်းနိုင်သည်။ ရေ အရင်းအမြစ်များလည်း ကျန်ရှိသည်။ လှပသော ရှုခင်းဒေသများ တည်ရှိနေသည့်အတွက် ခရီးသွား လုပ်ငန်းကို လုပ်ကိုင်၍လည်း ရသည်။ ထိုင်းနိုင်ငံရှိ မယ်ဟောင်ဆောင်မြို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည့်အတွက် ကုန်သွယ်ခြင်းဖြင့် ဒေသအကျိုးအစီးပွားကို အထောက်အပံ့ ဖြစ်စေနိုင်သည် (KIC, 2018)။ နောက်ဆုံးထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ဇုန် (၁)တွင် ပါဝင်သဖြင့် ဝင်ငွေခွန် (၇)နှစ် ကင်းလွတ်သော ပြည်နယ်လည်း ဖြစ်သည်[14]။

[14] မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)ပါ အခန်း (၁၈) ပုဒ်မ ၇၅ (က)တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် ပတ်သတ်၍ ဖွံ့ဖြိုးမှု နည်းပါးသော ဒေသများအား ဇုန် (၁) အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးမှု အသင့်အတင့် ရှိ သောဒေသများအား ဇုန် (၂) အဖြစ်လည်းကောင်း၊

ဆိုခဲ့ပါ အခွင့်အလမ်းများရှိနေခဲ့သော်လည်း ဒေသတွင်းတည်ငြိမ်မှု အပြည့်အဝမရရှိသေးခြင်း၊ ထိုင်းနိုင်ငံသို့ လုပ်သားအများစု သွားရောက်လုပ်ကိုင်လေ့ရှိသောကြောင့် ကျွမ်းကျင်လုပ်သား နည်းပါးခြင်း၊ ဈေးကွက်ရရှိမှုနှင့် အရွယ်အစား သေးငယ်ခြင်း၊ မြေနေရာ ရရှိမှု အခက်အခဲရှိနေခြင်း၊ ခေတ်မီနည်းပညာ သုံးစွဲမှု လက်လှမ်းဝေးကွာနေခြင်းနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှုအရှိန် ကွာဟမှု ကြီးမားနေပြီး အချို့သောနေရာများတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေခြင်း စသည့်တို့က ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတား ဖြစ်စေခဲ့သည်။ ကယားပြည်နယ်၏ ပြည်ပနိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ခုနှစ် ၇နှစ်တာကာလအတွင်း ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင်သာ ဒေါ်လာ ၂.၄သန်း ရှိခဲ့ပြီး ကျန်သောနှစ်များတွင်မူ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်း မရှိပေ။ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သြဂုတ်လ၊ ၂၀၁၇ ခုနှစ်အထိ ပြည်နယ်အတွင်းရှိ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုစီမံကိန်းမှာ အရေအတွက်အားဖြင့် သုံးခုရှိပြီး နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းမှာ တစ်ခုသာ ဖြစ်သည် (KIC, 2018)။

**ကရင်ပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအထဲတွင် ပြည်ပမှ ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှု၌ ပမာဏအားဖြင့် တတိယ အနည်းဆုံးဖြစ်ပြီး ပြည်တွင်း နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှု၌မူ ဒုတိယ အနည်းဆုံး ဖြစ်သည်။**

ပုံ (၃.၅) ကရင်ပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ကရင်ပြည်နယ် နည်းတူ ဂျီဒီပီတွင် လယ်ယာကဏ္ဍ ပါဝင်မှုမှာ အများဆုံးဖြစ်သည်။ ပြည်နယ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု၌ ဒုတိယ

ဖွံ့ဖြိုးမှုရှိသော ဒေသများအား ဇုန် (၃) အဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ကာ ဇုန် (၁) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိလည်းကောင်း၊ ဇုန် (၂) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ လည်းကောင်း၊ ဇုန် (၃) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၃ နှစ် အထိလည်းကောင်း ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်။

အကြီးဆုံးကုန်သွယ်မှုဈေးကွက်[15]ရှိပြီး မြဝတီစီးပွားရေးဇုန်နှင့် ဘားအံစက်မှုဇုန်တို့က ပြည်နယ်၏ ဂျီဒီပီတွင် ဝန်ဆောင်မှုကဏ္ဍ ပါဝင်မှုကို ဒုတိယ အများဆုံး ဖြစ်လာစေသည်။ အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပေါင်းစည်းကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြင့်တင်ရန်ကြံရွယ်ထားသော အရှေ့အနောက် စီးပွားရေးစင်္ကြံ စီမံကိန်းထဲမှ လမ်းကြောင်းများတွင် ပါဝင်နေသော ပြည်နယ်ဖြစ်သည်။ ထို့အတွက် ကုန်သွယ်မှုကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့၌ အထူးအားသာမှု ရှိနေသည်။ ခရီးသွားကဏ္ဍမှာလည်း ရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာရှိသည်။

ပြည်နယ်အတွင်းရှိ လုပ်ငန်းများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ လျှပ်စစ်မီးနှင့် ရေရရှိမှု အခက်အခဲ၊ ထိုင်းနိုင်ငံသို့ လုပ်သားအများစု သွားရောက်လုပ်ကိုင်လေ့ရှိသောကြောင့် ကျွမ်းကျင်လုပ်သား ရရှိမှု အခက်အခဲနှင့် ကုန်ကြမ်းစရိတ်နှင့် မြေငှားရမ်းခ ကြီးနေခြင်းနှင့် မြေနေရာ ရှားပါးခြင်းတို့ကို ရင်ဆိုင် ကြုံတွေ့နေရသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ တို့၌လည်း နည်းပညာလိုအပ်ချက်များ ရှိနေသည်။ ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ဝေသော အချက် အလက်များအရ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၇သန်းနှင့် ၂၀၁၇-၁၈ဘဏ္ဍာနှစ် တွင် ဒေါ်လာ ၅သန်း စသည်ဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်း ဒေါ်လာ ၄၂သန်းသာ ရှိသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စုစုပေါင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်မှုမှာ ၀.၀၀၁% သာဖြစ်သည်ကို တွေ့ရသည်။

**မန္တလေးတိုင်း ဒေသကြီးသည် ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် ပြည်တွင်း နိုင်ငံသားများမှ ဒုတိယ အများဆုံး အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြသည့် တိုင်းဒေသကြီးပင်ဖြစ်သည်။**

မန္တလေးတိုင်း ဒေသကြီးသည် ရန်ကုန်တိုင်း ဒေသကြီး နည်းတူ စီးပွားရေး မြို့တော်နှင့် မြန်မာနိုင်ငံ၏



ပုံ (၃.၆) မန္တလေးတိုင်းဒေသကြီး၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

[15] မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာနိုင်ငံရှိနယ်စပ်ကုန်သွယ်ရေးစခန်း ၁၅ခုအနက် ဒုတိယအကြီးဆုံးဖြစ်သည်။

ဖွံ့ဖြိုးမှု ဒေါက်တိုင် (၂)ခုတွင် တစ်ခုအပါအဝင် ဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံဖို့ရန် လမ်းစရှိလာသည် နှင့်တစ်ပြိုင်နက် ရင်းနှီးမြှုပ်နှံသူများ အလုံးအရင်းဖြင့် ဝင်ရောက်လာမည့် ဒေသကြီးဖြစ်သည်။ ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ သတ္တု၊ တွင်းထွက်ပစ္စည်းနှင့် သစ်နှင့် သစ်တောထွက်လုပ်ငန်းများ ဖြစ်သည်။ ၇၀%သော လုပ်ငန်းများမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ကြသည် (MIC, 2015)။ ဒေသအတွင်း နိုင်ငံ၏ အထင်ကရ နေရာများစွာ တည်ရှိနေသဖြင့် ပြည်တွင်းသာမက ပြည်ပကမ္ဘာလှည့် ခရီးသည်များ လာရောက်လည်ပတ်မှုများသော နေရာဖြစ်ခြင်း၊ နိုင်ငံ၏အလယ်ပိုင်းဒေသတွင် တည်ရှိနေပြီး ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် အချက်အချာနေရာဖြစ်ခြင်းနှင့် ကုန်ကြမ်းများနှင့် အလုပ်သမားများ ရရှိနိုင်ခြင်းတို့က မန္တလေးတိုင်းဒေသကြီးအတွက် ရင်းနှီးမြှုပ်နှံသူများကို အထူး ဆွဲဆောင်ထားနိုင်သော အချက်များ ဖြစ်သည်။

၂၀၁၁ ဘဏ္ဍာနှစ်တွင် ပြည်တွင်းနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သန်းပေါင်း တစ်သိန်း ခန့်ဖြစ်ပြီး ၂၀၁၃-၁၄ ဘဏ္ဍာ နှစ်တွင် ကျပ်သန်းပေါင်း ၅သိန်းစွန်းစွန်းထိ တိုးလာခဲ့သည်။ သို့သော် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ကျဆင်းသွားသည်ကို တွေ့ရသည်။ ဆိုခဲ့ပါနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုမှာ တစ်နိုင်ငံလုံး နိုင်ငံသားများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ၆၇% ထိပါဝင်နေပြီး မန္တလေးတိုင်းဒေသကြီးမှာ ၁% သာပါဝင်နိုင်သည်။ တိုင်းဒေသကြီးအတွင်း ဘက်ပေါင်းစုံ လျင်မြန်စွာ တိုးတက်လာနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် ဘတ်ဂျတ်အတားအဆီးများကြောင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆယ်နွယ်သော တချို့သော စီမံကိန်းများ ကို အချိန်မှီ အကောင်အထည်ဖော်နိုင်ဖို့ ခက်ခဲနေသည်ဟု ဆိုရပေမည်။ ယင်းနှစ်နောက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည် တိုးတက်လာပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂သန်းခန့်ထိရှိလာသည်။ နိုင်ငံသားများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်မှုမှာ ၅၄% ဖြစ်ပြီး အများဆုံးဖြစ်သည်။

**၂၀၁၁ခုနှစ်မှ ၂၀၁၇ခုနှစ် အတွင်း နိုင်ငံသားများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ရင်းနှီးမြှုပ်နှံမှုတွင် မွန်ပြည်နယ်သည် တတိယ အများဆုံးဖြစ်သည်။**



ပုံ (၃.၇) မွန်ပြည်နယ်၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ကရင်ပြည်နယ်ကဲ့သို့ အရှေ့အနောက် စီးပွားရေးစင်္ကြံ စီမံကိန်းထဲ ပါဝင်နေသောကြောင့် ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် အလုပ်ပိုမိုတွင်ကျယ်လာပြီး ပြည်နယ်၏ စီးပွားရေးကို အထောက်အပံ့ဖြစ်စေသည်။ စီးပွားရေးမြို့တော်များရှိသော ရန်ကုန်နှင့် မန္တလေးတိုင်း ဒေသကြီးတို့နှင့် လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်သောအခြေအနေဖြစ်သည်။ ထို့အတူ အရှေ့မြောက်ရှိ ကရင်ပြည်နယ် ဘားအံမြို့နှင့် မြောက်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်နှင့် မြိတ်မြို့များနှင့် ထိစပ်နေသည့်အတွက် မြဝတီနှင့် ကော့ကရိတ် ကုန်သွယ်ရေးစခန်းတို့နှင့်လည်း နယ်စပ် ကုန်သွယ်မှုများရှိသည်။ ထို့ကြောင့် ဒေသအတွင်း အဓိကထွက်ကုန်ဖြစ်သော ရာဘာ၊ ကွမ်းနှင့် ဆန်စပါးတို့ကို အဆင်ပြေစွာ တင်ပို့နိုင်ခြင်းက ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်စေနိုင်သည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုသည် ကျပ်သန်းပေါင်း ၅၅၀၀၀နီးပါးဖြစ်ပြီး ၂၀၁၁ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်း မွန်ပြည်နယ်သို့ ဝင်ရောက်လာသော နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံ မှုတွင် အမြင့်ဆုံးသော ရင်းနှီးမြှုပ်နှံမှုပမာဏပင် ဖြစ်သည်။ ယင်းနှစ်တွင် ဒေသအတွင်း နိုင်ငံသား များမှ လုပ်ကိုင်သော လုပ်ငန်းအရေအတွက် (၉) ခုထိရှိခဲ့ပြီး အများဆုံး ဖြစ်ခဲ့သည်။ ဆိုခဲ့ပါ လုပ်ငန်းများအနက် အများစုမှာ ရာဘာလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းတို့ဖြစ်ကြသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်လည်း ရာဘာလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းတို့မဟုတ်ဘဲ အခြားလုပ်ငန်း (၇)ခု ထပ်မံ တိုးလာပြီး ရင်းနှီးမြှုပ်နှံမှုမှာ ပမာဏအားဖြင့် ကျပ်သန်းပေါင်း တစ်သိန်းနီးပါးထိရှိလာသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နိုင်ငံသားများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်မှုမှာ ၂.၅%သာ ဖြစ်သည်။

## အခန်း (၄)

## လုပ်သားအင်အား

တိုင်းပြည်အတွင်းရှိ အလုပ်လုပ်နိုင်သော လုပ်သားများအားလုံးအတွက် အလုပ်အကိုင် ရရှိနေစေရေးမှာ အစိုးရတိုင်း၏ အရေးပါသော မူဝါဒပန်းတိုင်တစ်ခု ဖြစ်ပါသည်။ "*လုပ်သားများ အပြည့်အဝ အလုပ်အကိုင်ရရှိမှု*" သည် တည်ရှိနေသော လုပ်သားထု၏ လုပ်အားစွမ်းရည်ကို ရာနှုန်းပြည့် ထုတ်ယူအသုံးပြုနိုင်သည်ဟု အနက်ထွက်ပါသည်။ "လုပ်သားများ အပြည့်အဝ အလုပ်အကိုင်ရရှိမှု"ကို အကောင်အထည်ဖော်နိုင်သော အစိုးရသည် တိုင်းပြည်အတွင်းရှိ လုပ်အားစွမ်းရည်ကို အပြည့်အဝ အသုံးချနိုင်သော အစိုးရ ဖြစ်ပါသည်။ အဆိုပါ မူဝါဒပန်းတိုင်သည် အစိုးရတိုင်းအတွက် လွယ်ကူသည့် ပန်းတိုင်တော့ မဟုတ်ပေ။ သို့သော် စွမ်းဆောင်ရည် မြင့်မားသော အစိုးရများသည် ခက်ခဲသော်လည်း ကြီးမားသော ကြိုးပမ်း အားထုတ်မှုများဖြင့် မူဝါဒစီမံကိန်းအမျိုးမျိုး အသုံးပြု၍ ပန်းတိုင်ဆီသို့ ချီတက်ကြပါသည်။ လုပ်သားများ အပြည့်အဝ အလုပ်အကိုင်ရရှိမှုသည် တိုင်းပြည်၏ စီးပွားရေးတစ်ခုလုံးဘက်က ကြည့်လျှင် လုပ်အားစွမ်းရည် အပြည့်အဝ ထုတ်ယူ အသုံးချနိုင်မှုမှသည် တိုင်းပြည်စီးပွားရေး တည်ငြိမ်မှုနှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ပါသည်။ လူထု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် လုပ်သားများဘက်က ကြည့်လျှင် အလုပ်ရှိသဖြင့် အလုပ်အပေါ် အခြေတည်၍ ဝင်ငွေရရှိလာပြီး လူထု၏ "စား၊ဝတ်၊နေရေး" ချောင်လည်မည်။ လုပ်ငန်းရှင်များအတွက်ကား ရှိပြီးအရင်းများကို အသုံးပြု၍ စီးပွားရေး လုပ်ကိုင်နိုင်သော ဝန်းကျင်၊ လုပ်သားများအား အလုပ်ပေးနိုင်သော ဝန်းကျင် ရှိနေခြင်းသည် ၎င်းတို့လုပ်ငန်းများအတွက် အခြေအနေကောင်းခြင်းကို ဖော်ညွှန်းပါသည်။ ထို့ကြောင့် တိုင်းပြည်အတွင်း နေထိုင်ပြီး အလုပ်လုပ်နိုင်သော လုပ်သားများအားလုံးအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ခြင်းသည် အစိုးရများ၏ လွန်စွာ အရေးပါသော မူဝါဒ ပန်းတိုင်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ယခု တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်သားထုအခြေအနေအား လေ့လာဆန်းစစ်ခြင်းသည် အမှန်အရေးကြီးပါသည်။

### အလုပ်အကိုင်ရရှိမှုနှုန်း

မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားတွင် အမှန်အလုပ်လုပ်နိုင်သော အသက် ၁၅နှစ်မှ ၆၄နှစ်ကြား လူဦးရေသည် တိုင်းပြည်စုစုပေါင်းလူဦးရေ၏ ၆၅.၇% ရှိသဖြင့် မှီခိုသူနည်းပါးပြီး လူဦးရေအခွင့်အလမ်း (လူဦးရေဆုလာဘ်) ရရှိနေသော နိုင်ငံအဖြစ် ယူဆနိုင်ပါသည်။ ယခု တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအလိုက် လုပ်သားထုအခြေအနေကို လေ့လာပါမည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အသက် ၁၅နှစ်မှ ၆၄နှစ်အကြား အလုပ်အကိုင်ရရှိမှုနှုန်းများအနက် အလုပ်အကိုင်ရရှိမှုနှုန်း အနည်းဆုံးမှာ ၅၃% ဖြင့် ရခိုင်ပြည်နယ်ဖြစ်ပြီး အများဆုံးမှာ ၇၆% ဖြင့် ရှမ်းပြည်နယ် ဖြစ်ပါသည်။ မြန်မာပြည်၏ အဓိက စီးပွားရေးအင်ဂျင်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၏ အလုပ်အကိုင်ရရှိမှုနှုန်းမှာ ၆၀% ဖြစ်ပြီး ဒုတိယမြောက် စီးပွားရေးမြို့တော်လည်းဖြစ်၊ အိမ်နီးချင်းတရုတ်နိုင်ငံနှင့် စီးပွားရေးအရ ဆက်သွယ်မှုလည်း အလွန်များပြားသည့် မန္တလေးတိုင်းဒေသကြီး၏ အလုပ်အကိုင်ရရှိမှုနှုန်းမှာ ၆၆% ဖြစ်ပါသည် (MOIP, 2015)။

သို့သော် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အလုပ်အကိုင် ရရှိမှုနှုန်း တစ်ခုတည်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်သားထုအခြေအနေ အသီးသီးကို နားမလည်နိုင်ပါ။ အလုပ်လက်မဲ့နှုန်း၊ အခြေအနေအရ လုပ်သားထုထဲတွင် မပါဝင်နိုင်သူများ၏ ရာခိုင်နှုန်း[16]၊ ပြည်ပသို့ရွှေ့ပြောင်း အလုပ်လုပ်ကိုင်သူများရာခိုင်နှုန်း၊ မသန်စွမ်းသူများရာခိုင်နှုန်းနှင့် အသက် ၁၈နှစ်အောက် အလုပ်အကိုင် ရရှိမှုနှုန်းတို့ကို ထည့်သွင်းစဥ်းစားမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ လုပ်သားထု အခြေအနေ အမှန်ကို သိရှိနိုင်ပါမည်။

## အလုပ်လက်မဲ့နှုန်း

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အလုပ်လက်မဲ့နှုန်းမှာ ရာခိုင်နှုန်းအရ ဂဏန်းနှစ်လုံးဆီသို့ မရောက်ပါ။ (ဆိုလိုသည်မှာ ရာခိုင်နှုန်းအားဖြင့် ဆယ်ဂဏန်းမကျော်ပါ။) အဆိုးရွားဆုံးဟု ဆိုရမည့် ရခိုင်ပြည်နယ်၏ အသက်၁၅နှစ်မှ ၆၄နှစ်ကြား အလုပ်လက်မဲ့နှုန်းမှာ ၆% ဖြစ်ပါသည်။ အလားတူစွာ စီးပွားရေးအခြေအနေအရ လုပ်သားထုထဲတွင် မပါဝင်နိုင်သေးသူများ၏ ရာခိုင်နှုန်းမှာလည်း အများဆုံး ၄၁% ပြသည့် ရခိုင်ပြည်နယ်မှသည် ၂၂ရာခိုင်နှုန်းပြသည့် ရှမ်းပြည်နယ်အထိ နောက်ခံအကြောင်းရင်းများကို ရှာဖွေရန် ခက်ခဲပါသည်။ အကြောင်းအရင်းများအား တိကျစွာ မရှာဖွေနိုင်သော "အခြေအနေအရ လုပ်သားထုတွင် မပါဝင်နိုင်သူများ"ကို ဖယ်ပြီး *တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်လက်မဲ့နှုန်းချည်း သက်သက်ကိုသာ ကြည့်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်သားထု၏ အလုပ်ရရှိမှုအခြေအနေမှာ လွန်စွာ ကောင်းမွန်ဟန် ရှိပါသည်။*

[16] လုပ်သားထုထဲတွင် အခြေအနေအရ မပါဝင်နိုင်သေးသူများတွင် သမရိုးကျပညာရေးစနစ်တွင် ပညာဆည်းပူး လေ့လာနေသူများ၊ အငြိမ်းစားအရာရှိများ၊ အငြိမ်းစားအမှုထမ်းများ၊ မိသာစုအခြေအနေအရ မိသားစုတာဝန် ထမ်းဆောင်နေရ သူများနှင့် အခြားသော စီးပွားရေးအခြေအနေအရ မပါဝင်သူများတို့ ဖြစ်ပါသည်။

## နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ၏ အခန်းကဏ္ဍ

သို့သော် မမွေ့သင့်သည်မှာ အလုပ်အကိုင်ရရှိမှုနှုန်းတွင် နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများလည်း ပါဝင်ပါသည်။ နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ၏ အလုပ်အကိုင်ရရှိမှုနှုန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မည်မျှ ပါဝင်နေသည်ကို ဆန်းစစ်ကြည့်ပါမည်။ ကရင်ပြည်နယ်ရှိ အလုပ်အကိုင်ရရှိမှုနှုန်း၏ ၆၄.၆% မှာ နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ ဖြစ်ပါသည်။ အလားတူစွာ မွန်ပြည်နယ်တွင် ၅၈.၃%၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၈.၆% နှင့် ချင်းပြည်နယ်တွင် ၃၁.၇% တို့ဖြင့် အသီးသီး ပါဝင်ပါသည်။ ထို့ကြောင့် အထက်ပါ ပြည်နယ်သုံးပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ အလုပ်အကိုင် ရရှိမှုနှုန်းတွင် အလွန်ပမာဏ များပြားသည့် နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ ပါဝင်နေသဖြင့် အဆိုပါ ပြည်နယ်များနှင့် တိုင်းဒေသကြီးနေ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ နှင့် လုပ်ခလစာ အခြေအနေများမှာ ဘောဂဗေဒ သဘောတရားများအရ စိုးရိမ်ဖွယ်ကောင်းပါသည်။

ပုံ (၄.၁) အလုပ်အကိုင်ရရှိသူများအနက် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ၏ ပါဝင်မှုရာခိုင်နှုန်း




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

အဆိုပါ ပြည်နယ်များနှင့် တိုင်းဒေသကြီး၏ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရများ စွမ်းဆောင်နိုင်ရည်သည် သံသယပွားဖွယ်ဖြစ်သည်။ ပြည်သူလူထုအား အလုပ်အကိုင် ဖန်တီးပေးရေးနှင့် စပ်လျဉ်း၍ ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မ ၉၆ နှင့် ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသော ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းများတွင် ထည့်သွင်းရေးဆွဲထားခြင်း မရှိသဖြင့် မည်သည့်အစိုးရအဆင့်က အဆိုပါ

ပြည်နယ်နှင့် တိုင်းဒေသကြီးနေ ပြည်သူများအတွက် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရေးကို လုပ်ဆောင်ရန် တာဝန်ရှိသည်မှာ အငြင်းပွားစရာ ဖြစ်ပါသည်။ နည်းပါးလွန်းသော သတ်မှတ်ထားသည့် အနည်းဆုံး လုပ်ခလစာသည် နိုင်ငံခြားသို့ ရွှေ့ပြောင်းသွားလာသူများပြားနေမှုအတွက် ခိုင်မာသော နောက်ထပ် အကြောင်းအရာတစ်ခု ဖြစ်ပါသည် (Lwin & WuttYee, 2019)။[17] လုပ်ခလစာနှင့် စပ်လျဉ်း၍ ၂၀၀၈ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဥပဒေပြုစာရင်းတွင် မပါရှိခြင်းနှင့် အလုပ်သမားရေးရာ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးအဆင့်၌သာ ဖွဲ့စည်းခြင်းတို့ကို ထောက်ရှုလျှင် ပြည်ထောင်စုအစိုးရ၏ တာဝန်ယူမှုဆီသို့ ဦးတည်ပါသည်။

သို့သော် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသည့် အခြားကိစ္စများနှင့် စပ်လျဉ်းသည့် ဥပဒေပြုအာဏာအား ပြည်ထောင်စု လွှတ်တော်သို့ အပ်နှင်းထားရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား အလုပ်အကိုင်များ ဖန်တီးပေးရေးနှင့် လုပ်ခလစာ တိုးတက် ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုအဆင့်တွင် တာဝန်ရှိပါသည်ဟုလည်း ကောက်ချက်ချနိုင်ပါသည်။

အထက်ပါ ပြည်နယ်များနှင့် တိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ အလုပ်အကိုင် ရရှိမှုနှုန်းတွင် နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ ပါဝင်မှုသည် ရာခိုင်နှုန်းအရ ဂဏန်းနှစ်လုံးမကျော်ပါ။ ကျန်တိုင်းဒေသကြီးနှင် ပြည်နယ်များတွင် ပါဝင်မှုနှုန်းအများဆုံးမှာ ၉% ဖြင့် ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး၊ ၂.၄% ဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ အနည်းဆုံးဖြစ်ပါသည်။ အဆိုပါကိန်းဂဏန်းများသည် တရားဝင် ရွှေ့ပြောင်း အလုပ်လုပ်သူများ၏ ကိန်းဂဏန်းများသာ ဖြစ်ပြီး တရားမဝင် ရွှေ့ပြောင်း အလုပ်လုပ်သူများကိုပါ ထပ်ပေါင်းပါက တိုင်းဒေသကြီးများနှင့် ပြည်နယ်အလိုက် အထက်ပါ ပါဝင်မှုများသည် ပို၍ မြင့်တက်လာပါမည်။

## ကလေးလုပ်သားများအရေး

ပညာရေးအား စနစ်တကျ သင်ယူလေ့လာကာ ကြမ်းတမ်းသော လူ့လောကသို့ ဝင်ရောက်ရန် ကောင်းစွာ ကြိုတင် ပြင်ဆင်ရမည့် ဘဝအပိုင်းအခြားကာလတွင် လူ့လောကသို့ အဆောတလျင် ရောက်ရှိနေကြရသည့် ကလေးလုပ်သားများအရေးသည် မြန်မာနိုင်ငံ၏ အဆိုးဝါးဆုံးသော ပြဿနာများထဲမှ တစ်ခုဖြစ်ပါသည်။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းပါ စီးပွားရေးလုပ်ဆောင်မှု ကိန်းဂဏန်းအချက်အလက်များအရ ချင်းပြည်နယ်၏ အသက် (၁၀)နှစ်မှ (၁၇)နှစ်ကြား အရွယ်မရောက်သေးသူများအားလုံးတွင် ၁၀.၂%

[17] မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော အနည်းဆုံးလုပ်ခလစာသည် အာဆီယံဒေသတစ်ခုလုံးတွင်လည်း အနည်းဆုံးဖြစ်ပါသည်။

သည် ကလေးလုပ်သားများဖြစ်ပြီး ယင်းပါဝင်မှုအချိုးအစားသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အနည်းဆုံး ပါဝင်မှု ဖြစ်ပါသည်။ အဆိုပါရာခိုင်နှုန်းအရ အသက်(၁၀)နှစ်မှ (၁၇)နှစ်ကြား အရွယ်မရောက်သေးသူများ (၁၀) ယောက်တွင် (၁)ယောက်ကျော်ခန့်သည် ကလေး လုပ်သားများ ဖြစ်ပါသည်။ **ကလေးလုပ်သား အများဆုံး ပါဝင်သည့် ပြည်နယ်မှာ ၃၁.၅% ဖြင့် ရှမ်းပြည်နယ် ဖြစ်ပါသည်။** အရွယ်မရောက်သေးသူများ (၁၀)ယောက်တွင် (၃)ယောက်ကျော်သည် အတန်းပညာမလေ့လာရဘဲ အလုပ်လုပ်နေရပါသည်။ ပါဝင်မှုရာခိုင်နှုန်းအပေါ် မူတည်ပြီး အုပ်စု(၃)စု ခွဲခြားနိုင်ပါသည်။ ပထမအုပ်စုမှာ ၁၀%မှ ၁၉% အထိ ပါဝင်မှုရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်ပြီး ယင်းအုပ်စုတွင် **ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့** ပါဝင်ပါသည်။ ဒုတိယအုပ်စုမှာ ၂၀% မှ ၂၉% အထိ ပါဝင်မှု ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖြစ်ပြီး အဆိုပါအုပ်စုတွင် **ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့** ပါဝင်ပါသည်။ ၃၀% နှင့် ၃၀% အထက် ပါဝင်မှုရှိသော အုပ်စုတွင် **ရှမ်းပြည်နယ်** တစ်ခုတည်းသာ ၃၁.၃% ဖြင့် ပါဝင်မှုနှုန်း အမြင့်ဆုံး ဖြစ်သည်ကို တွေ့ရသည်။

ပုံ (၄.၂) ကလေးဦးရေတွင် ကလေးလုပ်သားများ၏ ပါဝင်မှု ရာခိုင်နှုန်း




ရင်းမြစ်။ ။ ၂၀၁၇ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ကလေးလုပ်သားများအရေးသည် ပြည်ထောင်စုအတွင်း တည်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးတွင် ဖြစ်ပွားနေသော ကျယ်ပြန့်သည့် နိုင်ငံလုံးဆိုင်ရာ ပြဿနာဖြစ်ပါသည်။

ပြဿနာတစ်ရပ် ကြီးမားကျယ်ပြန့် လာသည်နှင့်အမျှ အစိုးရအဆင့်များအကြား ပူးပေါင်း ဆောင်ရွက်မှုသည် အပူတပြင်း လိုအပ်ပါသည်။ ၂၀၀၈ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၈၈)ကို ရည်ညွှန်းသည့် နောက်ဆက်တွဲဇယားအမှတ်(၂) တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ဥပဒေပြုစာရင်းတွင် ကလေးလုပ်သားများအရေးနှင့် ဆက်စပ်၍ရသော ဖော်ပြရှင်းလင်းချက်မျိုး မပါဝင်ဘဲ အခြေခံပညာကျောင်းများ စီမံအုပ်ချုပ်ခွင့်ကိုသာလျှင် ၂၀၁၅ အခြေခံဥပဒေပြင်ဆင်ချက် အရ ပါရှိပါသည်။ သို့ဖြစ်ပါ၍ ဤကြီးမားကျယ်ပြန့်သော ပြဿနာကြီးအား ဖြေရှင်းရန် အခြေခံဥပဒေပုဒ်မ(၉၈)ပြဋ္ဌာန်းချက်အရ ပြည်ထောင်စု အဆင့်တွင် တာဝန်ရှိပါသည်။ မည်သို့ဆိုစေ အရွယ်မရောက်သေးချိန် စာသင်ကျောင်းများတွင် တက်ရောက်ကာ ပညာသင်ယူနေရမည့်အစား အလုပ်ခွင်ဝင်၍ တရားမဝင် အလုပ်လုပ်နေရသည်က ပြည်ထောင်စု၏ အနာဂတ်အတွက် မျှော်လင့်ချက်များ လျော့ပါးရပါသည်။

## MSDP ပါ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် ရွှေ့ပြောင်းလုပ်သားများအရေးဆိုင်ရာ ဖော်ပြချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ

MSDP တွင် အလုပ်အကိုင်ဖန်တီးရေးအား သူ့ချည်းသက်သက်အစား ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေးနှင့် ဆက်စပ်ရှုမြင်ပါသည်။ အစိုးရသည် အလုပ်အကိုင်ဖန်တီးပေးရေးဟု ဆိုရာတွင် ဖန်တီးပေးမည့် အလုပ်အကိုင်များ၏ အရည်အသွေးကိုလည်း အလေးထားပါကြောင်း ဖော်ပြထားပါသည်။ အစိုးရသည် စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား အလုပ်အကိုင် ဖန်တီးရေးအတွက် အရေးကြီးသောကဏ္ဍများ အဖြစ် ရည်မှန်းပါသည်။ ထို့အပြင် အစိုးရသည် အရည်အသွေး မြင့်မားသော အလုပ်အကိုင်များ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ကာ ဒစ်ဂျစ်တယ် စီပွားရေးကို မြှင့်တင်မည်ဟုလည်း ဖော်ပြထားပါသည်။ အရေးကြီးပြီး လျှစ်လျူမရှုသင့်သောအချက်မှာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အလုပ်အကိုင်များဖန်တီးပေးရေးအား အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ဖော်ပြရာဝယ် တိုင်းဒေသကြီးအစိုးရများ၊ ပြည်နယ်အစိုးရများ၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များ မပါရှိသဖြင့် ယခု MSDP အား သက်သေထားလျက် ပြည်ထောင်စုအစိုးရသည် အလုပ်အကိုင်ဖန်တီးပေးရေးအား ပြည်ထောင်စုအဆင့်၌သာ အလုံးစုံ တာဝန်ရှိသည်ဟု ခံယူထားကြောင်း သုံးသပ်ရပါသည်။

MSDPတွင် အစိုးရသည် လုပ်ငန်းခွင်တွင်း ခွဲခြားဆက်ဆံခံရမှု၊ အလွဲသုံးစားမှုများ ကင်းရှင်းစေရန်နှင့် ကောင်းမွန်သော အလုပ်အကိုင်များကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ရန် ဥပဒေများဖြင့် အကာအကွယ်ပေးပါမည်ဟု ပြည်သူလူထုအား ကတိပေးပါသည်။ လုပ်ငန်းစဉ် ၅ရပ်ဖြင့် *“မဟာဗျူဟာ ၄.၅- ရွှေ့ပြောင်းလုပ်သားများအပါအဝင် လုပ်သားအားလုံး၏*

*ထုတ်လုပ်နိုင်မှုစွမ်းအားကို အသုံးချရေးနှင့် အခွင့်အရေးကို ကာကွယ်ပေးရေး"* အား အကောင်အထည် ဖော်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယခု MSDP အရ အစိုးရအနေဖြင့် ရွှေ့ပြောင်းလုပ်သားများအရေးသည် အရေးကြီးသော ပမာဏ အတိုင်းအတာ ရှိနေသည်ကို အရှိအတိုင်း အသိအမှတ်ပြုပြီး လက်တွေ့ကျစွာ မူဝါဒခင်းရန် ကြိုးပမ်းပါသည်။ လုပ်ငန်းစဉ် (၁၂၃၅) သည် တရားမဝင်ရွှေ့ပြောင်းသွားလာနေရသည့် အကာအကွယ်မဲ့ ရွှေ့ပြောင်းလုပ်သားများအား တရားဝင်သွားလာနိုင်စေရန် ကူညီပေးကာ ဥပဒေများဖြင့် အကာအကွယ်ပေးရန် စတင် ကြိုးပမ်းအားထုတ်လာခြင်း၊ လုပ်ငန်းစဉ် (၄) သည် ပြည်ပတွင် အခြေချနေနိုင်သူများအား နိုင်ငံ၏စီးပွားရေးတွင် ပါဝင်နိုင်စေရန် အားပေးခြင်းတို့ကို တွေ့ရှိရပါမည်။ ရွှေ့ပြောင်း လုပ်သားများအရေးကိုလည်း ပြည်ထောင်စုအစိုးရသည် ၎င်းတို့၏ တာဝန်အဖြစ်သာ မုချ ယူဆထားပါသည်။ အဆိုပါအရေးမှာ လူဝင်မှုကြီးကြပ်ရေးနှင့် များစွာ နီးနွယ် ပတ်သက်နေသည့်အပြင် လူဝင်မှုကြီးကြပ်ရေးမှာ အခြားဖယ်ဒရယ်ကျင့်သုံးသော နိုင်ငံ အများစုတွင်လည်း ပြည်ထောင်စုအဆင့်ကသာ အလုံးစုံ တာဝန်ယူကြပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်သားထုအခြေအနေတွင် အဓိကပြဿနာ နှစ်ရပ် ရှိပါသည်။ *ပထမ တစ်မျိုးမှာ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသည့် လုပ်သားထုအား အလုပ်အကိုင် အပြည့်အဝ မဖန်တီးပေးနိုင်ခြင်း ဖြစ်ပါသည်။* အဆိုပါ ပြဿနာ၏ ထင်ရှားသော ပြယုဂ်မှာ ပုံမှန်မဟုတ်သော နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ အရေးအတွက် ဖြစ်ပါသည်။ ပြည်ထောင်စု အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများဖြင့် ညှိနှိုင်းတိုင်ပင် ဖြေရှင်းနိုင်သည့် ပြဿနာ ဖြစ်ပါသည်။ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက် မူဝါဒချမှတ်ရေး၊ ချမှတ်သည့် မူဝါဒများ အကောင်အထည်ဖော်ရေးအဆင့်ဆင့်တို့ကို မည်သည့်အစိုးရအဆင့်က မည်သို့တာဝန်ယူမည်ကို ဆုံးဖြတ်နိုင်သော အာဏာသည် အခြေခံဥပဒေပုဒ်မ (၉၈) အရ ပြည်ထောင်စုလွှတ်တော်တွင် ရှိပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီး၏ အလုပ်အကိုင်ဖန်တီးပေးရေးအတွက် မြို့နယ်အလိုက် ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒေသအလိုက် အချိုးကျ ကိုယ်စားပြုသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များတွင် တည်သော တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လျော်ညီပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံလုံးဆိုင်ရာ အလုပ်အကိုင်ဖန်တီးပေးရေး မူဝါဒအား ပြည်ထောင်စု လွှတ်တော်က အတည်ပြုနိုင်ပြီး အဆိုပါပေါ်ထွက်လာသည့် နိုင်ငံလုံးဆိုင်ရာ အလုပ်အကိုင်ဖန်တီးပေးရေး မူဝါဒကို အသီးသီးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသလွှတ်တော်အသီးသီးမှ နိုင်ငံလုံးဆိုင်ရာမူဝါဒအား ဒေသလိုအပ်ချက်နှင့်အညီ ပွံ့ပိုးသော ဒေသဆိုင်ရာ ဥပဒေများဖြင့် အတည်ပြု ပြဋ္ဌာန်းနိုင်ပါသေးသည်။ နိုင်ငံလုံးဆိုင်ရာ အလုပ်အကိုင် ဖန်တီး ပေးရေးမူဝါဒနှင့်

ဒေသဆိုင်ရာ ဥပဒေများတွင် ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့် အမှန် အကောင်အထည်ဖော်ရန် အာဏာခွဲဝေမှုအား ပီပြင်စွာ သတ်မှတ်ရန်မှာ အရေးကြီးပါသည်။

*ဒုတိယပြဿနာမှာ ကလေးလုပ်သားများအရေး ဖြစ်ပါသည်။* အဆိုပါ ကလေးလုပ်သားများ အရေးကို ဖြေရှင်းရန်မှာလည်း အထက်ပါတင်ပြခဲ့သည့် မူဝါဒအဆင့်မှသည် အကောင်အထည်ဖော်သည့် အဆင့်အထိ ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ရာ ဒေသအဆင့်တို့ ပူးပေါင်းညှိနှိုင်း ရေးဆွဲ အကောင်အထည် ဖော်သည့် နည်းဖြင့် ဖြေရှင်းနိုင်ပြီး ယခုပြဿနာကို ဖြေရှင်းရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၏ အကြံဉာဏ်၊ ကျွမ်းကျင်မှု၊ နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေးပိုင်းဆိုင်ရာ အကူအညီများကို ရယူ၍ ဒေသဆိုင်ရာ အစိုးရနှင့် ဒေသလွှတ်တော်က ဦးဆောင်ပြီး ဆောင်ရွက်နိုင်သည့် အရေးအရာ ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးသည် မြေပြင်နှင့် နီးစပ်သည့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအား ရှင်းလင်းစွာ အာဏာခွဲဝေသည်ဆိုပါက တာဝန်ခံမှုမှာလည်း ရှင်းလင်းနိုင်ပါသည်။ အကယ်၍ ပြည်ထောင်စုအဆင့်သည် ကလေးလုပ်သားများ အရေးနှင့်ပတ်သတ်၍ ဒေသအလိုက်သော်လည်းကောင်း၊ နိုင်ငံလုံးဆိုင်ရာသော်လည်းကောင်း ၎င်းတို့၏ အာရုံစူးစိုက်မှုနှင့် နိုင်ငံရေးစေတနာကို ပြသလိုသည်ဆိုပါက စည်းမျဉ်း ကန့်သတ်ချက်များ ဖော်ပြထားခြင်း မရှိသည့် ထောက်ပံ့ငွေကို ဒေသအားလုံးဆီသို့လည်းကောင်း၊ ဒေသအချို့ဆီသို့ လည်းကောင်း ထောက်ပံ့နိုင်ပါသည်။ *အရွယ်မတိုင်မီ အလုပ်လုပ်နေရသော အသက်မပြည့်သည့် လုပ်သားများအရေးကို ဖြေရှင်းရန် မူဝါဒ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဘဏ္ဍာငွေ (အလှူငွေ)၊ နည်းပညာ စသည့် အခြင်းအရာ လေးမျိုးစလုံး လိုပါသည်။* "လုပ်သားများ အပြည့်အဝ အလုပ်အကိုင်ရရှိမှု" သည် ပြည်သူလူထုအတွက် ချမ်းသာကြွယ်ဝမှုကို ဆောင်ကျဉ်း ပေးရန် ကျင့်ဝတ်သိပြီး တာဝန်ယူသောအစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို တိုင်းတာသော ပြဒါးတိုင်တစ်ခုဖြစ်ပါသည်။ *လူသား တို့သည် လွတ်လပ်မှု၊ တရားမျှတမှုတို့ကို မြတ်နိုးတန်ဖိုးထားပါသည်။ အလားတူ ကြွယ်ဝချမ်းသာမှုကိုလည်း လိုလား တောင့်တပါသည်။* ပြည်သူတို့၏ လိုအင်နှင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ပြည်သူက ရွေးကောက် တင်မြှောက်ထား သည့် အစိုးရတွင် တာဝန်ရှိပါသည်။

## အခန်း (၅)

## ငွေကြေးဖောင်းပွမှု

မြန်မာနိုင်ငံရှိ ကုန်ဈေးနှုန်းများနှင့် (၎င်းအပေါ် အခြေခံတွက်ချက်ထားသော) ငွေကြေးဖောင်းပွမှုနှုန်းတို့သည် အစိုးရများက ထိန်းချုပ်နိုင်သော အတိုင်းအတာထက် ကျော်လွန်နေပါသည်။ ထိန်းချုပ်ရန် ကြိုးစားသော်လည်း နည်းနာမှားယွင်းမှု ကြောင့် မထိရောက်ခဲ့ရသည့်အပြင် အကျိုးသက်ရောက်မှုကိုလည်း "ငွေစက္ကူရိုက်ထုတ်ခြင်း"ဖြင့် ဖြေရှင်းခဲ့ရာ ဆေးအတွက်ပါ လေးခဲ့ရပါသည်။ ဒီမိုကရေစီအစိုးရများ လက်ထက်တွင် ငွေစက္ကူရိုက်ထုတ်ခြင်းကို လျှော့ချခဲ့သော်လည်း အခြေအနေမှာ အနည်းငယ်သာ သက်သာရာ ရခဲ့ပါသည်။ စနစ်မခိုင်မာသေးသော အခြေအနေအောက်တွင် မထိန်းချုပ်နိုင်သော ကုန်ဈေးနှုန်း တိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့သည် ပြည်သူလူထု၏ လူမှုစီးပွားရေးအခြေအနေကို အကြီးအကျယ် ဒုက္ခပေးနေသဖြင့် အစိုးရများအနေဖြင့် မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းနိုင်ရန် အရေးကြီးပါသည်။ ပြည်သူလူထုအား ပူပန်စေသော ကုန်ဈေးနှုန်းတိုးမြှင့်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို ယခု တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လေ့လာ ဆန်းစစ်ထားပါသည်။

ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် ငွေကြေးဖောင်းပွမှုတို့သည် မြန်မာပြည်သူတို့အား အမြဲတစေ ကြောက်လန့်စေခဲ့ပြီး အစိုးရက အစိုးရဝန်ထမ်းလစာများ တိုးပေးလျှင်ပင် ပြည်သူလူထုမှာ ဈေးကစားမှုများ ကြီးစိုးနေသည့် ဈေးကွက်ကြောင့် ကုန်ဈေးနှုန်းတိုးတက်မည်ကို စိုးထိတ်နေရပြီး အပြည့်အဝ မပျော်ရွှင်နိုင်ပါ။ သက်ဆိုင်ရာနယ်နိမိတ်တစ်ခုအတွင်း နေထိုင်သော ပြည်သူလူထု၏ ဝင်ငွေ တိုးတက်မှု မရှိပါဘဲ ကုန်စည်ဈေးနှုန်း မြင့်တက်ပါက အဆိုပါပြည်သူ့ဝင်ငွေ၏ ဝယ်ယူ နိုင်စွမ်းကို ကျဆင်းစေပါသည်။ ကုန်ဈေးနှုန်း မြင့်တက်ခြင်းကြောင့် ယခင်ကုန်ဈေးနှုန်း မတက်မီ ဝယ်ယူနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုပမာဏကို လျှော့ချစားသုံးရခြင်း၊ သို့မဟုတ် အချို့သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို မစားသုံးနိုင်တော့ခြင်းတို့သည် အဆိုပါပြည်သူလူထု၏ ချမ်းသာသုခ ကျဆင်းလာခြင်းဟု နားလည်ပါသည်။ ထို့ကြောင့် စားသုံးသူ ဈေးဆနှုန်းကိန်းများ မြင့်တက်ခြင်းနှင့် ထိုညွှန်းကိန်းမှ တွက်ထုတ်သော ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခြင်းတို့သည် ပြည်သူလူထု၏ ချမ်းသာသုခ မည်မျှ ကျဆင်းနေသည်ကို တစ်နည်းတစ်ဖုံ လုစ်ဟပြနေပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တို့၏ စားသုံးသူဈေးဆနှုန်းကိန်း အချက်အလက်များအား လေ့လာပါမည်။[18]

[18] ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စားသုံးသူဈေးဆနှုန်းကိန်းများအား ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ကုန်စည်ဈေးနှုန်းများကို အခြေခံတွက်ချက်ထားပါသည်။ (၂၀၁၈ မြန်မာစာရင်းအင်းစာစောင်၊ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်း အဖွဲ့)

ပြီးနောက် အဆိုပါ အချက်အလက်မှတဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ငွေကြေးဖောင်းပွမှုနှုန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ၂နှစ်စာ ငွေကြေးဖောင်းပွမှုနှုန်းအားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ၂နှစ်စာ ငွေကြေးဖောင်းပွမှုနှုန်းအားလည်းကောင်း တွက်ထုတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အဆိုပါ ဘဏ္ဍာနှစ် နှစ်နှစ်စာကာလ၏ ငွေကြေးဖောင်းပွမှုနှုန်း နှစ်ခုအား နှိုင်းယှဉ်ကြည့်ပါမည်။ မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များက မည်သည့် အစိုးရလက်ထက်တွင် ငွေကြေးဖောင်းပွမှုနှုန်း ဆိုးဝါးပြင်းထန်လာခြင်းကိုလည်းကောင်း၊ လျော့ကျလာသည်ကိုလည်းကောင်း ရှင်းလင်းစွာ သိရှိနိုင်ပါမည်။ [19]

**စားသုံးသူဈေးဆနှုန်းကိန်း**

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် စားသုံးသူဈေးဆနှုန်းကိန်း အချက်အလက်[20]များအရ ကုန်စည်ဈေးနှုန်း အကြီးမြင့်ဆုံးမှာ ၁၈၀.၆ ဖြင့် **ချင်းပြည်နယ်** ဖြစ်ပါသည်။ ဒုတိယမှာ ၁၆၇.၅၁ဖြင့် **ရခိုင်ပြည်နယ်**၊ ၁၄၅.၁၀ဖြင့် **ရှမ်းပြည်နယ်**နှင့် ၁၄၂.၁ဖြင့် **ကယားပြည်နယ်**တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမြို့တော်တည်ရှိရာ ဖြစ်သည့် **ရန်ကုန်တိုင်းဒေသကြီး**မှာ ၁၂၉.၆ ဖြစ်ပြီး ဒုတိယစီးပွားရေးမြို့တော်တည်ရာ **မန္တလေးတိုင်းဒေသကြီး**မှာ ၁၃၀.၈ ဖြစ်ပါ သည်။ ရှေ့ ၂နှစ်နောက်ပြန်ကာ စားသုံးသူဈေးဆနှုန်းကိန်း အချက်အလက်များကို ဆန်းစစ်ပါမည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကုန်စည်ဈေးနှုန်း အချက်အလက်များအရ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနက် ကုန်စည်ဈေးနှုန်းအကြီးမြင့်ဆုံး ဒေသ လေးခုမှာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်က ပြည်နယ်လေးခုပင်ဖြစ်ကာ အစီအစဉ်မှာလည်း ပြောင်းလဲခြင်း မရှိပါ။ ၁၆၄.၈၅ ဖြင့် **ချင်းပြည်နယ်**၊ ၁၃၆.၄၅ **ဖြင့် ရခိုင်ပြည်နယ်**၊ ၁၂၆.၈၈ ဖြင့် **ရှမ်းပြည်နယ်**နှင့် ၁၂၄.၈၀ ဖြင့် **ကယားပြည်နယ်**တို့ ဖြစ်ပါသည်။

နှစ်နှစ်စာ နောက်ပြန်၍ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် စားသုံးသူဈေးဆနှုန်းကိန်း အချက်အလက်များအား ဆန်းစစ်ကြည့်သော် အဆိုပါဘဏ္ဍာနှစ်၏ ကုန်ဈေးနှုန်း

---

[19] ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကုန်ဈေးနှုန်းများအား အခြေခံနှစ်သတ်မှတ်ကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စားသုံးသူဈေးဆနှုန်းကိန်းများအား မြန်မာနိုင်ငံဗဟိုစာရင်းအင်းအဖွဲ့က တွက်ချက်ခဲ့ပါသည်။ ယခု အစီရင်ခံစာရေးသားသူ သုတေသီများသည် အဆိုပါအချက်အလက်များအား အသုံးပြု၍ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်ခဲ့ပါသည်။ ထိုသို့ တွက်ချက်ရာတွင် ရွေးကောက်ပွဲကျင်းပသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အား အလယ်ထားပြီး ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ဝေသည့် ၂၀၁၈ မြန်မာစာရင်းအင်းစာစောင်က ရယူသည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စားသုံးသူဈေးဆနှုန်းကိန်းများအား အသုံးပြုပြီး ရွေးကောက်ပွဲနှစ်၏ ရှေ့၂နှစ်စာနှင့် နောက်၂နှစ်စာ ငွေကြေးဖောင်းပွမှုနှုန်းနှစ်ခုအား တွက်ထုတ်ခဲ့ပါသည်။

[20] အဆိုပါ စားသုံးသူဈေးဆနှုန်းကိန်းသည် ညွှန်းကိန်းတွက်ရန်သတ်မှတ်ထားသော ကုန်စည်အစု(၁၀)မျိုးလုံးပေါင်းအတွက် တွက်ချက်ထားသည့် ညွှန်းကိန်းဖြစ်ပါသည်။

အကြီးမြင့်ဆုံးဒေသလေးခုမှာ လာမည့်ဘဏ္ဍာနှစ်များ၏ ကုန်ဈေးနှုန်းအကြီးမြင့်ဆုံးဒေသလေးခုထဲမှ ကယားပြည်နယ်မှအပ ကျန်ပြည်နယ်သုံးခု ပါဝင်နေပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကုန်ဈေးနှုန်း အကြီးမြင့်ဆုံး ဒေသလေးခုမှာ ၁၂၃.၄ ဖြင့် **ချင်းပြည်နယ်**၊ ၁၁၂.၂ ဖြင့် **ကချင်ပြည်နယ်**၊ ၁၁၀.၂ ဖြင့် **ရှမ်းပြည်နယ်** နှင့် ၁၀၇.၇ ဖြင့် **ရခိုင်ပြည်နယ်**တို့ ဖြစ်ပါသည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019) ။ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်စိုက်ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဒုတိယစီးပွားရေး မြို့တော်စိုက်ရာ မန္တလေးတိုင်းဒေသကြီးတို့မှာ ညွှန်းကိန်းအရ ကွာခြားချက် အနည်းငယ်သာ ရှိပါသည်။

ရွေးချယ်ထားသော ဘဏ္ဍာနှစ်များ၏ စားသုံးသူဈေးဆနှုန်းကိန်းများကို လေ့လာရာတွင် ပထမဆုံး တွေ့ရှိချက်မှာ လူထု၏ ခံစားနားလည်ချက်ဖြစ်သည့် *ကုန်ဈေးနှုန်းသည် ပုံမှန်မဟုတ်သည့် နှုန်းထားဖြင့် အမြဲတက်နေသည်* ဆိုသည်ကို ယခုလေ့လာတွေ့ရှိရသော အချက်အလက်များအပေါ်တွင် ထင်ရှားခိုင်မာစွာ မြင်ရပါသည်။ ဒုတိယတွေ့ရှိချက်မှာ (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အစား ကချင်ပြည်နယ် ဖြစ်ခဲ့သည်မှအပ) ကုန်ဈေးနှုန်းအကြီးမြင့်ဆုံး ဒေသလေးခုမှာ **ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်**နှင့် **ကယားပြည်နယ်**တို့ ဖြစ်ပါသည်။ တတိယတွေ့ရှိချက်မှာ (ဒုတိယတွေ့ရှိချက်၏ အစိတ်အပိုင်း တစ်ခု ဖြစ်နိုင်ပြီး ) ကုန်ဈေးနှုန်းအကြီးမြင့်ဆုံး ပြည်နယ်လေးခု၏ အစီအစဉ်မှာ မပြောင်းမလဲ **ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်**နှင့် **ကယားပြည်နယ်** (ကချင်ပြည်နယ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့သည် စားသုံးသူဈေးဆနှုန်းကိန်းများ တွက်ချက်ရန် စားသုံးကုန်စည်အစု အမျိုးအစား (၁၀)ခု သတ်မှတ်ခဲ့ပါသည်။[21] တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မည်သည့် စားသုံးကုန်စည်အစု အမျိုးအစား(များ)က ငွေကြေးဖောင်းပွမှုနှုန်းကို အများဆုံး၊ အထင်ရှားဆုံး သက်ရောက်နေကြောင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြဿနာဖြေရှင်းရန် သဲလွန်စပေးကောင်း ပေးနိုင်သဖြင့် တိုင်းဒေသကြီး များနှင့် ပြည်နယ်များအလိုက် ငွေကြေးဖောင်းပွမှုနှုန်း အများဆုံး၊ အထင်ရှားဆုံးဖြစ်စေသော စားသုံးကုန်စည်အစု အမျိုးအစား(များ)ကို အောက်ပါဇယား[22]နှင့်တကွ ဖော်ပြလိုက်ပါသည်။

[21] မြန်မာနိုင်ငံဗဟိုစာရင်းအင်းအဖွဲ့သည် ၂၀၁၇နှစ်စဉ်မြန်မာစာရင်းအင်းစာစောင်မှ အစပြုပြီး စားသုံးမှုကုန်စည်အစု အမျိုးအစား(၁၀)ခုကို အသစ် သတ်မှတ်ခဲ့ပါသည်။

[22] အထက်ပါဇယားတွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အထိ စားသုံးသူဈေးဆနှုန်းကိန်း အချက်အလက်များ အား အသုံးပြုထားသည်။

**ဇယား (၅.၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စားသုံးသူစျေးဆနှုန်းကိန်း အကြီးမြင့်ဆုံး ကုန်စည်အစုအမျိုးအစားများ**

| **တိုင်းဒေသကြီး/ပြည်နယ်** | **စားသုံးကုန်စည်အစုအမျိုးအစားများ** |
|---|---|
| ကချင်ပြည်နယ် | အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ |
| ကယားပြည်နယ် | အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ<br>ကုန်စည်နှင်ဝန်ဆောင်မှုအသေးအမွှားများ<br>အစားအစာနှင့် အရက်မပါဝင်သော ဖျော်ရည်များ |
| ကရင်ပြည်နယ် | အိမ်ထောင်ပရိဘောဂ၊ အိမ်ဆောက်ကိရိယာများ၊ ရာသီအလိုက်အိမ်ထိန်းသိမ်းရမှုများ |
| ချင်းပြည်နယ် | အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ |
| စစ်ကိုင်းတိုင်းဒေသကြီး | အစားအစာနှင့် အရက်မပါဝင်သော ဖျော်ရည်များ |
| ပဲခူးတိုင်းဒေသကြီး | ကုန်စည်နှင့် ဝန်ဆောင်မှုအသေးအမွှားများ<br>အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ |
| တနင်္သာရီတိုင်းဒေသကြီး | အရက်ပါဝင်သော အဖျော်ယမကာများနှင့် ဆေးရွက်ကြီးများ<br>ပညာရေး |
| မကွေးတိုင်းဒေသကြီး | ပညာရေး<br>အစားအစာနှင့် အရက်မပါဝင်သော ဖျော်ရည်များ<br>အရက်ပါဝင်သော အဖျော်ယမကာများနှင့် ဆေးရွက်ကြီးများ |

| | |
|---|---|
| မန္တလေးတိုင်းဒေသကြီး | အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ<br>ကျန်းမာရေး |
| မွန်ပြည်နယ် | ကျန်းမာရေး |
| ရခိုင်ပြည်နယ် | အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ |
| ရန်ကုန်တိုင်းဒေသကြီး | အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ<br>အရက်ပါဝင်သော အဖျော်ယမကာများနှင့် ဆေးရွက်ကြီးများ |
| ရှမ်းပြည်နယ် | ပညာရေး<br>ကျန်းမာရေး |
| ဧရာဝတီတိုင်းဒေသကြီး | ပညာရေး<br>အစားအစာနှင့် အရက်မပါဝင်သော ဖျော်ရည်များ<br>အရက်ပါဝင်သော အဖျော်ယမကာများနှင့် ဆေးရွက်ကြီး |

ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများသည် **ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်**နှင့် **ရန်ကုန်တိုင်းဒေသကြီး**တို့၏ ငွေကြေးဖောင်းပွမှုနှုန်း အများဆုံးအဖြစ် ထင်ရှားပေါ်လွင်သော စားသုံးမှု ကုန်စည်အစုအမျိုးအစား (များထဲမှ)တစ်ခု ဖြစ်ပါသည်။ အစားအစာနှင့် အရက်မပါဝင်သောဖျော်ရည်များသည် **ကယား ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး**နှင့် **ဧရာဝတီတိုင်းဒေသကြီး** တို့တွင်လည်းကောင်း၊ အရက် ပါဝင် သော အဖျော်ယမကာများနှင့် ဆေးရွက်ကြီးသည် **တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး** နှင့် **ဧရာဝတီတိုင်းဒေသကြီး**တို့တွင်လည်းကောင်း၊ အိမ်ထောင်ပရိဘောဂ၊ အိမ်ဆောက်ကိရိယာများ၊ ရာသီအလိုက် အိမ်ထိန်းသိမ်းရမှုများသည် **ကရင်ပြည်နယ်**တစ်ခုတည်း တွင်လည်းကောင်း၊ ပညာရေးသည် **တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး**နှင့် **ရှမ်းပြည်နယ်**တို့တွင်လည်းကောင်း၊ ကျန်းမာရေးသည်

**မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်**နှင့် **ရှမ်းပြည်နယ်**တို့တွင်လည်းကောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှု အသေးအမွှားများသည် **ပဲခူးတိုင်းဒေသကြီး** တစ်ခုတည်းတွင်လည်းကောင်း ထင်ရှားပေါ်လွင်သော ငွေကြေးဖောင်းပွမှုမှုနှုန်းမြင့်သော စားသုံးမှုကုန်စည်အစု အမျိုးအစားများအဖြစ် တွေ့ရှိရပါသည်။

အိမ်ရာ၊ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီး၊ ဂတ်စ်နှင့် အခြားလောင်စာများ၊ အစားအစာနှင့် အရက်မပါဝင်သော ဖျော်ရည်များ၊ အိမ်ထောင်ပရိဘောဂ၊ အိမ်ဆောက်ကိရိယာများ၊ ရာသီအလိုက်အိမ်ထိန်းသိမ်းရမှုများ၊ ပညာရေးနှင့် ကျန်းမာရေးတို့သည် ပြည်သူတို့ နေ့စဉ် ကြုံတွေ့ရင်ဆိုင်နေရသည့် အခြေခံစားသုံးမှု ကုန်စည်အစုအမျိုးအစားများအဖြစ် ယူဆပြီး ပြည်နယ်(၇)ပြည်နယ်နှင့် တိုင်းဒေသကြီး(၇)တိုင်းစလုံးသည် တစ်မျိုး (သို့မဟုတ်) တစ်မျိုးထက်ပိုသော အမျိုးအစားများတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေရပါသည်။ ထိုခံစားနေရမှုများအနက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် လူ့အရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော ပညာရေးနှင့် ကျန်းမာရေးတွင် ကုန်ဈေးနှုန်းကြီးမြင့်မှု ဒဏ်ကို ခံစားနေရကြောင်း ထင်ရှားရာ အဆိုပါ ပြည်နယ်(၂)ပြည်နယ်နှင့် တိုင်းဒေသကြီး(၄)တိုင်းတို့တွင် နေထိုင်ကြသော လူလတ်တန်းစားများနှင့် အခြေခံလူတန်းစားတို့၏ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ စိုးရိမ်ဖွယ်ရာ ကောင်းပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တွင် နေထိုင်ကြသော ပြည်သူတို့အတွက် အကြီးမြင့်ဆုံး ကုန်ဈေးနှုန်းဒဏ်ကို ပညာရေးနှင့် ကျန်းမာရေးတို့တွင် ခံစားနေရပါသည်။ ယင်းသို့ ခံစားနေရမှုသည် ရှမ်းပြည်နယ်တွင် ပြည်သူများ၏ ပစ္စုပ္ပန်ချမ်းသာသုခ သာမက ရှမ်းပြည်သူများ၏ ဘဝအနာဂတ်အထိပါ သက်ရောက်မှု ရှိနေပါသည်။

ထို့အပြင် ကျန်းမာရေးတွင် စားသုံးသူဈေးဆနှုန်းကိန်း မြင့်တက်ခြင်းသည် သက်ဆိုင်ရာ နယ်နိမိတ် စည်းဘောင်အတွင်း နေထိုင်သည့် ပြည်သူများ ကျန်မာရေး ကုသစရိတ် ကြီးမားနေသည်ဟု နားလည်ရပြီး အဆိုပါပြည်သူများ အနေဖြင့် ကျန်းမာရေး ကုန်ကျစရိတ်အတွက် မတတ်နိုင်သဖြင့် အရွယ်မတိုင်ခင် သေဆုံးနိုင်ခြေများနိုင်ပါသည်။ ပညာရပ်အသုံးအရ အဆိုပါပြည်သူများ၏ မျှော်မှန်းသက်တမ်း လျော့ကျမည့် အလားအလာ ရှိနေပါသည်။ သက်ဆိုင်ရာ အစိုးရများသည် ပြည်သူ့ကျန်မာရေး ဝန်ဆောင်မှု၏ အရည်အသွေးနှင့် ဖြန့်ကျက်နိုင်မှုကို ပိုမိုကောင်းမွန်စေရန် အားထုတ်ရမည့် တာဝန်သည် ပိုမိုထင်ရှားလာပါ သည်။

**ဘဏ္ဍာရေးကာလနှစ်ခု၏ ငွေကြေးဖောင်းပွမှုနှုန်းများ နှိုင်းယှဉ်လေ့လာခြင်း**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ နှစ်နှစ်စာ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အထိ နှစ်နှစ်စာ ငွေကြေးဖောင်းပွမှုနှုန်းတို့ကို နှိုင်းယှဉ်လေ့လာပါမည်။[23] ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၅ဘဏ္ဍာနှစ်အထိ နှစ်နှစ်စာ ငွေကြေး ဖောင်းပွမှုနှုန်းများတွင် **ချင်းပြည်နယ်** သည် ၂၂.၉%၊ **ရခိုင်ပြည်နယ်**သည် ၁၇.၁%၊ **ကယားပြည်နယ်**သည် ၁၅.၁%၊ **ရန်ကုန်တိုင်းဒေသကြီး**သည် ၁၃.၄% နှင့် **ဧရာဝတီတိုင်းဒေသကြီး**သည် ၁၃.၄% (ရန်ကုန်ထက် ၀.၀၀၀၉ရာခိုင်နှုန်းလျော့နည်း) တို့ဖြင့် အမြင့်ဆုံး ရာခိုင်နှုန်းငါးခုကို ပိုင်ဆိုင်ပါသည်။ အထက်ပါ ဘဏ္ဍာနှစ်များအတွက် ငွေကြေး ဖောင်းပွမှုနှုန်းအနည်းဆုံးမှာ ၆.၉% ဖြင့် **ကရင်ပြည်နယ်**ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ငွေကြေးဖောင်းပွမှုနှုန်းများတွင် **ရခိုင်ပြည်နယ်**သည် ၂၂.၈%၊ **ရှမ်းပြည်နယ်**သည် ၁၄.၄%၊ **ကယားပြည်နယ်**သည် ၁၃.၉%၊ **ကချင်ပြည်နယ်**သည် ၁၃.၆% နှင့် **ကရင်ပြည်နယ်**သည် ၁၁.၉% စသည့်ဖြင့် ဆိုခဲ့ပါပြည်နယ်တို့တွင် အမြင့်ဆုံးသောနှုန်းများဖြင့် ကုန်ဈေးနှုန်းမြင့်တက်နေပါသည်။ လေ့လာသည့် ဘဏ္ဍာနှစ်များအတွင်း **စစ်ကိုင်းတိုင်းဒေသကြီး**သည် ၈.၁% ဖြင့် အနည်းဆုံးနှုန်းဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နှစ်နှစ်စာ ငွေကြေးဖောင်းပွမှုနှစ်ခုကို နှိုင်းယှဉ်ရာတွင် ဤအစီရင်ခံစာ ဖတ်သူများ နားလည်ရ ရှင်းလင်းစေရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကာလကို *"ပထမဘဏ္ဍာနှစ် များ"* ဟုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ကာလကို *"ဒုတိယဘဏ္ဍာနှစ်များ"*ဟု လည်းကောင်း နောက်လာမည့်ရှင်းလင်းချက်များတွင် ဖွင့်ဆိုရေးသားသုံးစွဲပါမည်။

ပထမဘဏ္ဍာနှစ်များအတွင်း ငွေကြေးဖောင်းပွမှုနှုန်းနှင့် ဒုတိယဘဏ္ဍာနှစ်များအတွင်း ငွေကြေးဖောင်းပွမှုနှုန်းကို နှိုင်းယှဉ်ကြည့်ရာ[24] **ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်**နှင့် **ရှမ်းပြည်နယ်**တို့၏ ငွေကြေး ဖောင်းပွမှုနှုန်းများသည် ဒုတိယဘဏ္ဍာနှစ်များတွင် ပထမဘဏ္ဍာနှစ်များထက် ပိုမိုမြင့်တက်လာပါသည်။ မွန်ပြည်နယ်၏ ငွေကြေးဖောင်းပွမှုနှုန်း နှစ်ခုအကြား ကွာခြားချက်သည် ၁% ပင် မပြည့်ပါ။ သို့သော် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၏ ကွာခြားချက်များမှာ အမြင့်ဆုံးဖြစ်ပြီး ၅% ဝန်းကျင် ပိုမိုမြင့်တက်လာသည်။ အဆိုပါပြည်နယ် ငါးပြည်နယ်အနက် ရခိုင်ပြည်နယ်သည် ပထမဘဏ္ဍာနှစ်များတွင်ရော၊ ဒုတိယဘဏ္ဍာနှစ်များတွင်ပါ

---

[23] ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပါသည်။

[24] ယခုကဲ့သို့ ကွာခြားချက်ရှာဖွေရခြင်းသည် ကုန်ဈေးနှုန်းကို အခြေတည် တွက်ထုတ်သော ငွေကြေးဖောင်းပွမှုနှုန်းများ တိုးလာခြင်း၊ လျော့ကျသွားခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များနေ ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို တိုင်းတာရာတွင် အရေးပါသည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။

ငွေကြေးဖောင်းပွနှုန်း အကြီးဆုံးငါးပြည်နယ်တွင် ပါဝင်ပြီးဖြစ်ရာ ရခိုင်ပြည်သူတို့အတွက် စိုးရိမ်စရာကောင်းပါသည်။ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့သည် ရခိုင်ပြည်သူတို့၏ ကောင်းကျိုးချမ်းသာအတွက် အလေးမူ ဆောင်ရွက်သင့်ပါသည်။

**ပုံ (၅.၁) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ငွေကြေးဖောင်းပွမှုနှုန်း**




ရင်းမြစ်။ ။ ၂၀၁၈ခုနှစ် မြန်မာစာရင်းအင်းစာစောင်

ပထမဘဏ္ဍာနှစ်နှင့် ဒုတိယဘဏ္ဍာနှစ်တို့တွင် ဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းများ နှိုင်းယှဉ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တော်တော်များများတွင် ငွေကြေးဖောင်းပွမှုနှုန်းများ ကျဆင်းနေသည်ကို တွေ့ရသည်။ ဆိုခဲ့ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ရာခိုင်နှုန်းအရ ကျဆင်းနေသော်လည်း သတိမလစ်သင့်သည်မှာ **ချင်းပြည်နယ်**ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ကျဆင်းနေသော်လည်း စားသုံးသူဈေးဆနှုန်းကိန်းအရ မြန်မာပြည် တစ်ပြည်လုံးတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုကို အဆိုးဝါးဆုံး ခံစားနေရသည်မှာ ချင်းပြည်သူများ ဖြစ်ပါသည်။ အဆိုပါပြဿနာအတွက် ပြည်ထောင်စုအစိုးရနှင့် ချင်းပြည်နယ်အစိုးရ အစိုးရနှစ်ရပ်စလုံးတွင် တာဝန်ရှိပါသည်။

ပထမဘဏ္ဍာနှစ်များထက် ဒုတိယဘဏ္ဍာနှစ်များတွင် ပိုမိုမြင့်တက်လာသည့် ငွေကြေးဖောင်းပွမှုနှုန်းကို တိုးပြီး ခံစားနေရသည်မှာ ပြည်နယ် ငါးပြည်နယ်သာဖြစ်ပြီး အဆိုပါပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အပ ကျန်ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် စားသုံးသူဈေးဆနှုန်းကိန်းကို အခြေတည် တွက်ထုတ်သော ငွေကြေးဖောင်းပွမှုနှုန်းများသည် ကျဆင်းခဲ့ပါသည်။ ၂၀၁၇ခုနှစ် စားသုံးသူဈေးဆနှုန်းကိန်းတွင် အဆိုးဝါးဆုံးဖြစ်သည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်၊

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် စားသုံးသူစျေးဆနှုန်းကိန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းအရ ပြည်သူတို့၏ ချမ်းသာသုခများ ထပ်မံလျော့ပါးခဲ့ရပြီး ကျန်ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် စားသုံးသူ စျေးဆနှုန်းကိန်းများ တိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ တိုးတက်မှု ကျဆင်းခဲ့သဖြင့် အဆိုပါပြည်သူများ သက်သာရာ ရခဲ့ပါသည်။

## MSDP တွင် ဖော်ပြထားသော ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖော်ပြချက်များနှင့် အစီအမံများ

*MSDP တွင် ငွေကြေးဖောင်းပွမှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့သည် ဆက်စပ်နေကြောင်း ဖော်ပြထားပြီး ငွေကြေး ဖောင်းပွမှုအား ကုန်စျေးနှုန်းမြင့်တက်မှုရှုထောင့်မှ ချဉ်းကပ်ခြင်း မရှိခဲ့ပါ။* သို့ဖြစ်ပါ၍ ငွေကြေးဖောင်းပွမှုပြဿနာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးအပေါ် အခြေခံသော ချဉ်းကပ်မှုလည်း မရှိနိုင်တော့ပါ။ MSDP တွင် ဖော်ပြထားသော ငွေကြေး ဖောင်းပွမှုအပေါ် ချဉ်းကပ်မှုသည် မမှားယွင်းသော်လည်း ချဉ်းကပ်မှုနှစ်မျိုးအနက် တစ်မျိုးတည်းကိုသာ အသုံးပြုခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို လျော့ချနိုင်မည့် ယန္တရားများသည် ဗဟိုဘဏ်နှင့် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသာ ဖြစ်နေပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီး၏ ကုန်စျေးနှုန်းမြင့်တက်မှုအား လျစ်လျူ ရှုထားခြင်းနှင့် ပြည်ထောင်စုအဆင့် တစ်ဆင့်တည်းတွင်သာ ကိုင်တွယ် ဖြေရှင်းခြင်းဖြင့် ငွေကြေး ဖောင်းပွမှုအား လျော့ချရန် နည်းလမ်းသည် သံသယရှိစရာ ကောင်းပါသည်။

ကုန်စည်စျေးနှုန်းမြင့်တက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့သည် မြန်မာပြည်သူတို့၏ စီးပွားရေးအရ ခြောက်ခြားဖွယ် အိပ်မက်ဆိုးများအနက် တစ်ခုဖြစ်ပါသည်။ အစိုးရအဆက်ဆက်သည် အဆိုပါအိပ်မက်ဆိုးအား မောင်းထုတ်နိုင်သည့် သမိုင်းအား ဖန်တီးရန် ကြိုးပမ်းခဲ့ပါသည်။ ကုန်စျေးနှုန်း မြင့်တက်စေသော သက်ရောက်မှုများကို လေ့လာသင့်ပြီး တိတိကျကျဆိုပါက အဆိုပါ အားသက်ရောက်မှုများ၏ အကွာအဝေးနှင့် မူလလာရာသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီးတို့၏ နယ်နိမိတ်စည်းဘောင်အတွင်း သက်ရောက်ခြင်းနှင့် ဒေသအသီးသီးတို့၏ နယ်နိမိတ်စည်းဘောင် ကျော်လွန်ခြင်းတို့ကို စားသုံးကုန်စည်အစုများအား အခြေပြု၍ လည်းကောင်း၊ စားသုံးကုန်စည်အစုများ စီးဆင်းရာလမ်းကြောင်းအရလည်းကောင်း တိကျသေချာစွာ လေ့လာသင့်ပါသည်။ ဒေသအသီးသီး၏ အစိုးရအသီးသီးသည် ၎င်းတို့ ဒေသအသီးသီးကို ဗဟိုပြုလျက် လေ့လာသင့်ပါသည်။ ဒေသအသီးသီး၏ နယ်နိမိတ်စည်းဘောင်အတွင်းသာ တည်ရှိသည့် သက်ရောက်မှုများ ကို အဖြေရှာ ကိုင်တွယ်ရန် ဒေသအစိုးရနှင့် ဒေသလွှတ်တော်များ ကြိုးပမ်းပြီး ဒေသတစ်ခု၏ နယ်နိမိတ် စည်းဘောင်ထက် ကျော်လွန်ကာ တည်ရှိနေသည့် အားသက်ရောက်မှုများကို ပြည်ထောင်စုအစိုးရ၊

ပြည်ထောင်စုလွှတ်တော်၊ သက်ဆိုင်ရာ ဒေသအစိုးရနှင့် လွှတ်တော်များက အတူတကွ မူဝါဒရေးဆွဲပြီး ပူးပေါင်းဖြေရှင်းသင့်ပါသည်။ အဆိုပါ မူဝါဒများနှင့် ဖြေရှင်းနည်းတို့သည် သက်ဆိုင်ရာဒေသ အစုအဝေးအတွက်သာ ဖြစ်သင့်ပြီး ပြည်ထောင်စု၏ နိုင်ငံလုံးဆိုင်ရာမူဝါဒနှင့် ဖြေရှင်းသည့် နည်းနာများတွင် မပါဝင်သင့်ပါ။

အထက်ပါတင်ပြထားသည့် စဉ်းစားချက်မူအား အခြေခံသည့် ဖြေရှင်းနည်းများသည် လက်တွေ့ကျ ထိရောက်ပါသည်။ သို့သော် တစ်ချိန်တည်းတွင်ပင် ၎င်းဖြေရှင်းနည်းများသည် ဒေသဆိုင်ရာအစိုးရနှင့် ဒေသဆိုင်ရာလွှတ်တော်များ၏ အရည်အချင်းအပေါ် မူတည်ပြီး မတူညီသော ဒေသအသီးသီး၏ ပြည်သူများက ဒေသအပေါ် မူတည်ကာ ကောင်းကျိုးချမ်းသာ လက်ခံရရှိမှုနှင့် ကံကြမ္မာ ဖန်းတီးနိုင်စွမ်းသည် တူညီမည် မဟုတ်ပါ။ ထိုအခါ ပြည်ထောင်စုအဆင့်၏ ရပ်တည်မှုသည် အားနည်းသော ဒေသများအတွက် မျှော်လင့်အားထားစရာ ဖြစ်လာပါမည်။ ပြည်ထောင်စုအစိုးရသည် သက်ဆိုင်ရာ ဒေသကိုယ်စားပြု ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး အားနည်းသည့် ဒေသများအား အားဖြည့်နိုင်ပါသည်။

ပုံမှန်မဟုတ်သော ကုန်ဈေးနှုန်းမြင့်တက်ခြင်းကြောင့် ဖြစ်သော ပြည်သူများ၏ ဝန်ထုပ်ကို လျော့ချရန်မှာ သက်ဆိုင်သော အစိုးရ၏ တာဝန်ဖြစ်ပါသည်။ ကုန်ဈေးနှုန်းမြင့်တက်ခြင်းအား အစိုးရက မည်မျှ ကိုင်တွယ် စီမံနိုင်သည်မှာ ပြည်သူ က နေ့စဉ်ရင်ဆိုင်နေရသည့် အရေးဖြစ်ပါသည်။ ကုန်ဈေးနှုန်မြင့်တက်နေခြင်းကို မည်သို့ ကိုင်တွယ် ဖြေရှင်းပေးမည် ဆိုသည်မှာ ရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် လူထုအား ပေးအပ်သင့်သည့် ကတိလည်း ဖြစ်ပါသည်။ *ကုန်ဈေးနှုန်း မြင့်တက်မှု ကို ကိုင်တွယ် ဖြေရှင်းပေးပါမည်ဟူသော ကတိကဝတ်ကို လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက လက်ခံရရှိလျှင် ပြည်သူလူထုသည် ၂၀၂၀မှ ၂၀၂၅အတွင်း အဆိုပါ ဒုက္ခသံသရာမှ လွတ်မြောက်ရန် မျှော်လင့်ချက် ရှိပါသည်။*

# အခန်း (၆)

## ဆင်းရဲနွမ်းပါးမှု

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆင်းရဲနွမ်းပါးမှုကို လေ့လာဆန်းစစ်ရာတွင် ဆင်းရဲ နွမ်းပါးမှုနှုန်း အများဆုံးသုံးခုနှင့် အနည်းဆုံးသုံးခုဖြစ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကို ရွေးချယ်ထားသည်။ ပုံ (၆.၁)သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် ဆင်းရဲနွမ်းပါးနေသူ ဦးရေ ကိန်းဂဏန်းများကို ဖော်ပြထားခြင်းဖြစ်သည်။

**ပုံ (၆.၁) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် ဆင်းရဲနွမ်းပါသူဦးရေ**




ရင်းမြစ်။ ။ မြန်မာ့နေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇)

ဆင်းရဲနွမ်းပါးမှုဖြစ်နေရခြင်းမှာ များစွာသော အကြောင်းအရင်းရှိမည်ဆိုနိုင်သည်။ ယခုအစီရင်ခံစာပါ ဆင်းရဲ နွမ်းပါးသူများမှာ နေ့စဉ်နေထိုင်မှုဘဝတွင် မရှိမဖြစ်လိုအပ်သော ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အနည်းဆုံး အစားအစာအတွက် ကုန်ကျစရိတ်နှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဆီလျော်သည့် အစားအစာအတွက် မဟုတ်သော ကုန်ကျစရိတ်လေးမျှကိုပင် ကာမိအောင် ရှာဖွေသုံးစွဲနိုင်ခြင်း မရှိသူများ ဖြစ်ကြသည်။ ထို့သို့ဖြစ်ရခြင်းမှာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မတူညီနိုင်သည့် များစွာသောအကြောင်းအရင်းများ ရှိနေပေနိုင်မည်။ ယေဘုယျဆိုနိုင်သည်မှာ ဆိုခဲ့ပါ ဆင်းရဲနွမ်းပါးမှုနှုန်းများသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ၎င်းတို့ဒေသအတွင်းရှိ

အိမ်ထောင်စုများအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှုန်းနည်းခြင်း၊ အဆင်မြင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနည်းခြင်း/မရှိခြင်းနှင့် စီးပွားရေးလုပ်ကိုင်နိုင်မှု ဝန်းကျင်နည်းခြင်း/ မရှိခြင်းတို့ ဖြစ်နေကာ အိမ်ထောင်စုများအနေဖြင့် အဆိုပါဒေသအတွင်း ဝင်ငွေ ရှာဖွေရရှိနိုင်သော အခြေအနေမှာ အင်မတန်ကို ခက်ခဲနေခြင်းပင်ဖြစ်သည်။

ထို့သို့ ရွေးချယ်ထားသော အများဆုံးနှင့် အနည်းဆုံးဖြစ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်စသည်ဖြင့် စုစုပေါင်းဒေသ(၆)ခုတို့၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အခြေအနေများနှင့် သုံးသပ်ချက်များကို အောက်တွင် ရှင်းလင်းတင်ပြပါမည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှုန်း အများဆုံး**

**ချင်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှုန်းတွင် ၅၈ရာခိုင်နှုန်းဖြင့် သာလွန် ထူးကဲစွာ မြင့်မားလျက်ရှိနေသည်။** အဆိုပါရာခိုင်နှုန်းအရ ချင်းပြည်နယ်၌ လူဆယ်ဦးလျှင် ပျမ်းမျှအားဖြင့် ခြောက်ဦးထိ ဆင်းရဲသူများ ဖြစ်နေသည်ကို ဖော်ဆောင်နေသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ထိစပ် လျက်ရှိသော ချင်းပြည်နယ် တောင်ပိုင်းရှိ မြို့နယ်များသည် မြောက်ပိုင်းရှိ မြို့နယ်များထက် ပိုမိုချို့တဲ့မှုများ ရင်ဆိုင်ကြုံတွေ့နေကြရသည် (MOLIP & WB, 2018)။ ထို့အတွက် ချင်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးမှုတွင် အနိမ့်ကျဆုံးဖြစ်နေသည်ကို ငြင်းချက် ထုတ်စရာမရှိပေ။ ရာသီအလိုက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများနှင့်အတူ အခြေခံအဆောက်အအုံများ လုံလောက်စွာ ဖွံ့ဖြိုးမှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများသည် ၎င်းပြည်နယ်အတွင်း ရှားပါးလျက်ရှိနေသည်။ ဒေသစီးပွားရေးသည် အထူးသဖြင့် အိမ်ထောင်စုများ၏ (ရာခိုင်နှုန်းအားဖြင့် ၉၀%) တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှတစ်ဆင့် ရရှိကြသော ဝင်ငွေပေါ်တွင် မှီခိုသည် (ADB, 2016)။ မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းတွင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုတို့အကြား ဆက်နွယ်မှုရှိသည်ဟု ဖော်ပြထားသည် (IDEA & IHLCA-I, IHLCA-I, 2007)။ အဆိုပါ စစ်တမ်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများသည် (သေးငယ်သော မြေယာအရွယ်အစား၌) လယ်ယာ စိုက်ပျိုးရေးမဟုတ်သော ကဏ္ဍများ၌ လုပ်ကိုင်သူများထက်ပိုမို ဆင်းရဲလျက်ရှိနေသည်ဟု ဖွင့်ဆိုထားသည်။

ချင်းပြည်နယ်၏ လူဦးရေသည် နိုင်ငံ၏ စုစုပေါင်းလူဦးရေတွင် ပြည်နယ်အလိုက်ပါဝင်မှု၌ ၀.၉% မျှသာဖြစ်ပြီး ကယားပြည်နယ် ပြီးလျှင် ဒုတိယအနည်းဆုံးဖြစ်သည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019)။ ထို့ကြောင့် ပြည်နယ်အတွင်း ဆင်းရဲ နွမ်းပါးမှုနှုန်း အမြင့်ဆုံးဖြစ်နေသော်လည်း ပြည်နယ်ရှိ ဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက် ရောက်နေသော ဆင်းရဲ နွမ်းပါးသူဦးရေမှာ နှစ်သိန်းခုနစ်သောင်းကျော်မျှသာ ဖြစ်သည်။ ထို့ကြောင့်

ချင်းပြည်နယ်သည် ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်သော်လည်း ဆိုခဲ့ပါ ဆင်းရဲနွမ်းပါးသူအရေအတွက်အရ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးအသီးတွင် ရှိနေသော ဆင်းရဲနွမ်းပါးသူဦးရေနှင့် ယှဉ်ပါက တတိယမြောက်အနည်းဆုံး ဖြစ်သည်ကို တွေ့ရသည်။

**ရခိုင်ပြည်နယ်သည်လည်း ချင်းပြည်နယ်ပြီးလျှင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် မြင့်မားသော ဆင်းရဲနွမ်းပါးနှုန်း (၄၁.၆%)ကို ခံစားနေရသည်။** ပြည်နယ်အတွင်းရှိ ပျမ်းမျှအားဖြင့် လူဆယ်ဦးတွင် လေးဦးခန့်မျှ ဆင်းရဲနွမ်းပါးမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုရပေမည်။ ချင်းပြည်နယ်နည်းတူ ဖွံ့ဖြိုးရေး နိမ့်ကျလျက်ရှိသော ပြည်နယ်ဖြစ်ပြီး စီးပွားရေးမှာ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း[25] တို့ဖြစ်သည်။ အခွန်ကင်းလွတ်ခွင့် ၇နှစ်ရရှိသော အထူးပြည်နယ် ဖြစ်လင့်ကစား သယံဇာတပေါကြွယ်ဝခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သော ဒေသအတွင်း နိုင်ငံရေးမတည်ငြိမ်မှုများက ရင်းနှီးမြှုပ်နှံသူများကို ခြောက်လှန့်လျက်ရှိရာ လူမှုစီးပွားရေး အခြေအနေများကို တိုးတက်အောင် လုပ်ဆောင်နိုင်ခွင့် ရသင့်သလောက် မရပေ။ ဒေသအတွင်း ရှိနေသောလုပ်ငန်းများမှာ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တွင် ချိတ်ဆက်ထားသည့် ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်သည့် တန်ဖိုးမြှင့်လယ်ယာထုတ်ကုန်များကို ထုတ်လုပ်နိုင်သောလုပ်ငန်းများ မဟုတ်ဘဲ အများစုမှာ ဟိုတယ်လုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများသာဖြစ်ရာ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတွင်သာ လုပ်ကိုင်လျက်ရှိနေသော ဒေသခံလုပ်သားများအား လုံလောက်သော အလုပ်အကိုင်ဖန်တီးပေးဖို့ရာ အံဝင်တကျမဖြစ်ပေ။ ထို့ကြောင့်လည်း ရခိုင်ပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်လက်မဲ့နှုန်း (အသက်၁၅နှစ်မှ ၆၄နှစ်အတွင်း)တွင် ၁၀.၄% ဖြင့် အများဆုံးဖြစ်နေသည်။ ထိုသို့ အလုပ်အကိုင်ရှားပါးသည့်အပြင် ဒေသနေလုပ်သားများ မှီခို လုပ်ကိုင်နေရသောလုပ်ငန်းများမှ စီးပွားရေးအရ အကျိုးအမြတ်ပြန်ရချက်နှင့် လုပ်ခကြေးငွေရရှိမှုတို့ နည်းပါး နေခြင်းတို့ကြောင့် လူအများစုမှာ ဆင်းရဲမှုမှ လွတ်မြောက်ရန် ရုန်းကန်ဖို့ရာ အခက်အခဲများလျက် ရှိနေသည်။

ရခိုင်ပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နိုင်ငံ၏စုစုပေါင်းလူဦးရေတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ၆.၂% ဖြစ်ပြီး အရေအတွက်အားဖြင့် လူဦးရေ သုံးသန်းစွန်းစွန်းရှိသည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019)။ ဆိုခဲ့ပါ ပြည်နယ်၏ စုစုပေါင်းလူဦးရေအထဲတွင် ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက် ရောက်နေသော ဆင်းရဲနွမ်းပါးသူဦးရေမှာ ၁.၁သန်း ကျော်ထိ ရှိနေသည်။ ထို့ကြောင့် ပြည်နယ်အတွင်းရှိ လူဦးရေ

[25] စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးမြေ၏ ၈၅% ခန့်ရှိပြီး ရေလုပ်ငန်းမှာ ရေချို၊ ရေငန်၊ ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက်ထုတ်လုပ်ခြင်းများ ဖြစ်သည်။

ထက်ဝက်နီးပါးခန့် ဆင်းရဲနွမ်းပါးမှု ရှိနေသည်။ ဤသည်မှာ ချင်းပြည်နယ်နှင့် ကွဲပြားသွားသော အချက်ပင် ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်သလို ဆင်းရဲ နွမ်းပါးသူဦးရေမှာလည်း လူဦးရေများပြားသော ဧရာဝတီ၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ဖြင့် နှိုင်းယှဉ်ပါက များပြားနေသော အရေအတွက်ဖြစ်နေသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှုန်းတွင် ကချင်ပြည်နယ်သည် ၃၆.၆%ဖြင့် တတိယ အများဆုံးဖြစ်နေသည်။** ပြည်နယ်၏စုစုပေါင်းလူဦးရေမှာ ၁.၆သန်းကျော်ဖြစ်ပြီး နိုင်ငံ၏စုစုပေါင်း လူဦးရေတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ၃.၃% ဖြစ်သည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019)။ ၎င်းအရေအတွက်ထဲမှ ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက်ရောက်နေသော ဆင်းရဲနွမ်းပါးသူဦးရေမှာ အရေအတွက်အားဖြင့် ငါးသိန်းခုနှစ်သောင်း ကျော်မျှ ရှိနေသည်။ ထို့ကြောင့် ၎င်းအရေအတွက် တစ်နည်းအားဖြင့် ပြည်နယ်ရှိ စုစုပေါင်းလူဦးရေ၏ သုံးပုံတစ်ပုံသည် ဆင်းရဲနွမ်းပါးမှုဒဏ် ခံစားနေရသည်။

ပြည်နယ်၏အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးနှင့် သတ္တု တူးဖော်ရေး လုပ်ငန်းများသာ ဖြစ်သည့်အပြင် ဒေသခံလုပ်သားအများစုအတွက် အဆင့်မြင့် အလုပ်အကိုင် ရရှိနိုင်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်များအား တစ်ဆင့်မြှင့်တင်ပေးနိုင်မည့် လုပ်ငန်းများ နှင့် အခြေခံစီးပွားရေးအဆောက်အအုံများကို တိုးတက်ဖွံ့ဖြိုးစေနိုင်မည့် လုပ်ငန်းများ နည်းပါးသော်လည်း အသက်ရှင်ရပ်တည်ဖို့ရာ ကြုံရာကျပန်းအလုပ်အကိုင်များ ရှိပြီး အများစုမှာ အဆိုပါ အလုပ်အကိုင်များတွင်သာ လုပ်ကိုင်နေရသည်။ ထို့အတွက်ကြောင့် ပြည်နယ်၏ အလုပ်လက်မဲ့နှုန်းမှာ ၃.၇% သာရှိသည်။ ဆင်းရဲနွမ်းပါးမှု နှင့် ကျပန်းအလုပ်အကိုင်များအကြား ခိုင်မာစွာ ဆက်စပ်မှုရှိသည်ဟု စစ်တမ်းတစ်ခုဖြစ်သော မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း၏ တွေ့ရှိချက်များတွင် ဖော်ပြထားသည် (IDEA & IHLCA-I, IHLCA-I, 2007)။ ဆိုခဲ့ပါ ကြုံရာကျပန်းအလုပ်အကိုင်များသည် လုပ်ခလစာနည်းပါးပြီး ရေရှည်၌ မရှိမဖြစ် လိုအပ်သော အခြေခံ အစားအစာနှင့် အစားအစာမဟုတ်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းရန် အသုံးစရိတ်ကို ကာမိစေနိုင်ခြင်း မရှိသည်အတွက် ဆင်းရဲသူများသည် ပိုမိုဆင်းရဲလာကြရသည်။ နည်းပညာပြတ်လပ်ခြင်းနှင့် အသိနည်းပါးခြင်း တို့ကြောင့် သယံဇာတပေါများစွာ ထွက်ရှိသော ပြည်နယ်ဖြစ်သော်လည်း ဖွံ့ဖြိုးသင့်သလောက် ဖွံ့ဖြိုးခြင်းမရှိပေ။ သဘာဝသယံဇာတ ပေါကြွယ်ဝခြင်း၏ဒဏ်ကိုလည်း ကြုံတွေ့ရင်ဆိုင်နေရသည်။ ရခိုင်ပြည်နယ်နည်းတူ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်နေမှုကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန် ရပ်တည်ဖို့ရာ အခက်အခဲများစွာ ရှိနေခြင်းက

ပြည်နယ်၏ လူမှုစီးပွားရေးတိုးတက်မှုကို ဟန့်တားစေခဲ့သည်။ ဤအတွက်ကြောင့်လည်း ပြည်နယ်အတွင်း အသက်ရှုကြပ်နေရသော စီးပွားရေးအခြေအနေက ဆင်းရဲနွမ်းပါးသူဦးရေကို လျော့ချနိုင်ခြင်းမရှိပေ။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှုန်း အနည်းဆုံး**

**တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် အနည်းဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၃.၂%၊ ၁၃.၂%နှင့် ၁၃.၇% အသီးသီးရှိကြသည်။** ယင်းရာခိုင်နှုန်းများအရ အဆိုပါတိုင်းဒေသကြီးများအကြား ဆင်းရဲနွမ်းပါးမှုနှုန်းသည် ကွာခြားချက် မရှိသလောက်ဖြစ်သည်။ သို့သော် တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ နိုင်ငံလူဦးရေတွင် တိုင်းဒေသကြီးအလိုက် ပါဝင်မှုမှာ မတူညီကြပေ။ အတော်အတန်ကို ကွာခြားသည်။ တနင်္သာရီတိုင်း ဒေသကြီးသည် ၂.၇% ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ၁၂% ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးသည် ၁၄.၃%ဖြင့်လည်းကောင်း အသီးသီးပါဝင်ကြသည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019)။ ထို့ကြောင့် ၎င်း တိုင်းဒေသကြီးများအကြား ဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက် ရောက်နေသော ဆင်းရဲနွမ်းပါးသူ ဦးရေမှာလည်း အရေအတွက် အားဖြင့် အတော်အတန် ကွာခြားသည်။ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုအကြား ကွာခြားမှုမှာ ကျဉ်းမြောင်းသည်ဟု ဆိုနိုင်ပြီး အဆိုပါတိုင်းဒေသကြီးနှစ်ခုနှင့် တနင်္သာရီတိုင်း ဒေသကြီးအကြား ကွာခြားမှုမှာ အတော်အတန်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်သိန်းခုနစ်သောင်းကျော်မျှ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ခုနစ်သိန်းလေးသောင်း ကျော်မျှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွင် ကိုးသိန်းခုနစ်သောင်းကျော်မျှလည်းကောင်း ဆင်းရဲနွမ်းပါးသူများ ရှိနေကြသည်။

တနင်္သာရီတိုင်းဒေသကြီး၏ ဒေသတွင်းစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းထွက်ကုန်[26]များကို အားထားနေရသော်လည်း တခြားတစ်ဖက်တွင် ထားဝယ်အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်း(လုပ်ဆောင်နေဆဲ)နှင့် မြိတ်နှင့် အင်းလေးမြိုင်စက်မှုဇုန်များက တနင်္သာရီတိုင်းဒေသကြီး၏ အလုပ်အကိုင်များကို ဖန်တီးပေး လျက်ရှိနေသည်။ ထို့အတူ သာယာလှပသော မြတ်ကျွန်းစုများက ပြည်တွင်း ပြည်ပခရီးသည်များကို ဆွဲဆောင်နိုင်သောကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်များ ဝင်ရောက်လာပြီး ဒေသ၏

[26] အက်ဒမန်ပင်လယ်တစ်လျှောက် ရှည်လျားသောကမ်းရိုးတန်းကို ပိုင်ဆိုင်ရခြင်းက ငါးဖမ်းလုပ်ငန်းကို ပိုမိုတွင်ကျယ်စေသည်။

လူမှုစီးပွားရေးအခြေအနေကို မြင့်မားလာစေရန် အထောက်အကူပေးနေသည်။ ထို့အတူ အလုပ်လက်မဲ့နှုန်းမှာ ၄.၆%သာရှိရာ တနင်္သာရီတိုင်း ဒေသကြီးအတွင် လုပ်သားအများစုအတွက် ဝင်ငွေမနိမ့်ပါးသော အလုပ်အကိုင်များ ရှိနေသည်ကို ဖော်ညွှန်းနေ သည်။

**မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နိုင်ငံ၏ စီးပွားရေးမြို့တော်များ တည်ရှိနေသည့် အတွက် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ဆင်းရဲနွမ်းပါးမှုနှုန်း နည်းနေသည်။** သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၄)ခုတွင် လူဦးရေ အထူထပ်ဆုံးသော တိုင်းဒေသကြီးများဖြစ်သည့်အတွက် ဆင်းရဲနွမ်းပါးသူ ဦးရေမှာ များနေမည်ဖြစ်သည်။ သို့သော် ဆိုခဲ့ပါ ဆင်းရဲနွမ်းပါးသူဦးရေမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့နှင့် နှိုင်းယှဉ်ပါက နည်းသော်လည်း ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် များသည်ဟု ယူဆနိုင်ပေမည်။

နိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်ကုန်(ဂျီဒီပီ)ကို တိုးသထက်တိုးလာအောင် အဓိကတွန်းတင်ပေးလျက် ရှိနေသော အဓိကကဏ္ဍကြီးများ ဖြစ်သည့် စက်မှုနှင့် ဝန်ဆောင်မှုတို့ကို မောင်းနှင်နေသော တိုင်းဒေသကြီးများ ဖြစ်ကြသည်။ ထို့အပြင် အဆိုပါ တိုင်းဒေသကြီးနှစ်ခုကို အမျိုးသားဘက်စုံ စီမံကိန်း(၂၀၁၀-၂၀၃၀)ထဲတွင် ပါရှိသော ဆင်းရဲနွမ်းပါးမှု လျှော့ချ နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဒေါက်တိုင်ကြီး(၂)ခု (ဝါ) ဖွံ့ဖြိုးမှုစင်တာ(၂)ခုအဖြစ်လည်း ထားရှိထားသည်။ ဤအတွက်ကြောင့် ယင်းဒေသအတွင်းသို့ ပြည်တွင်း ပြည်ပရင်းနှီးမြှပ်နှံမှုများ နှစ်စဉ် ဝင်ရောက်လာလျက် ရှိသည်။ နှစ်စဉ်များပြားလာသော လုပ်ငန်းများကြောင့် အများစုအတွက်မူ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြပြီး အလုပ်လက်မဲ့နှုန်းမှာ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၄.၁% နှင့် ၃.၁% တို့ဖြစ်ကြသည်။ ကုန်ထုတ်လုပ်မှုစွမ်းရည် မြင့်မားသော လုပ်ငန်းများ ပိုမိုဝင်ရောက်လာကာ ထိုသို့ ဝင်ရောက်လာမှုက လုပ်သားအများစုအတွက် မနိမ့်ပါးသော လုပ်ခလစာကို ရရှိစေသည်။ သည့်အတွက် တစ်ချို့က အခြေခံအစားအစာနှင့် အစားအစာ မဟုတ်သည့် လိုအပ်ချက်များတွင် ပိုမိုသုံးစွဲကြသလို တစ်ချို့ အတွက်မူ လိုအပ်သည်မျှသာ သုံးစွဲပြီး ရသလောက်စုဆောင်းမှု ပြုလာနိုင်ခဲ့သည်။ ဤသို့ စုဆောင်းမှုပြုခြင်းက များမကြာမီ အချိန်ကာလတစ်ခုတွင် ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် ကင်းဝေးသွားပြီး နေထိုင်မှုအဆင့်အတန်း မြင့်တက်လာစေသည်။ ဒေသ၏ လူမှုစီးပွားရေး အဆင့်အတန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မြင့်မားလာအောင် လုပ်ဆောင်ပေးနိုင်သော စက်မှုလက်မှုလုပ်ငန်းများ (တန်ဖိုးမြင့် လယ်ယာထုတ်ကုန်များ ထုတ်လုပ်ပေးနိုင်သော

လုပ်ငန်းများအပါအဝင်)နှင့် ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်လာနိုင်ခြင်းက မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီး၏ ဆင်းရဲနွမ်းပါးမှုကို နည်းလျက်ရှိစေသည်။

**ပဲခူးတိုင်းဒေသကြီး(၁၇.၄%)နှင့် မွန်ပြည်နယ်(၁၉.၂%) တို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲ နွမ်းပါးမှုနှုန်းတွင် ဒုတိယနှင့် တတိယအနည်းဆုံး ဖြစ်ကြသည်။** နိုင်ငံ၏ စုစုပေါင်းလူဦးရေတွင် ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ပဲခူးတိုင်းဒေသကြီးမှ ၉.၅% ဖြစ်ပြီး မွန်ပြည်နယ်မှာ ၄% ဖြစ်သည်။ အရေအတွက်အားဖြင့် ပဲခူးတိုင်းဒေသကြီးတွင် လူဦးရေ ၄.၈သန်းကျော်နှင့် မွန်ပြည်နယ်တွင် ၂သန်း၅သောင်းကျော်မျှ ရှိသည် (CSO, Myanmar Statistical Yearbook (2011, 2013, 2018), 2019)။ ပဲခူးတိုင်းဒေသကြီးရှိ ဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက် ရောက်နေသော ဆင်းရဲနွမ်းပါးသူဦးရေမှာ ရှစ်သိန်း သုံးသောင်းဖြစ်ပြီး မွန်ပြည်နယ်၌ သုံးသိန်းနှစ်သောင်းကျော်မျှ ဆင်းရဲနွမ်းပါးသူများ ရှိနေသည်။

ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အားထားနေရပြီး ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြင့် ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးရှိနေခြင်းက ဒေသစီးပွားရေးကို အထောက်အကူပြုပေးနေသည်။ ဒေသတွင်းလုပ်သားများကို အလုပ်အကိုင် အပြည့်အဝဖန်းတီးပေးနိုင်မည့် အကြီးစားစက်မှု လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရှားပါးသော်လည်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်များ ရှိနေသည်။ ထို့အတူ ဒေသခံလုပ်သား တော်တော်များက စက်မှုမြို့တော်များဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်ဖို့ရာ မခက်ခဲလှပေ။ ရန်ကုန်နှင့် မန္တလေး စက်မှုမြို့တော်တို့၏ တိုးတက်မှု အရှိန်အတိုင်း လိုက်ပါစီးမျောကာ ၎င်းမှ သက်ရောက်လာသော အကျိုးကို ခံစားခွင့်ရနေသည်မှာလည်း ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးနှင့် အချိန်တို အတွင်း သွားလာနိုင်သောနေရာတွင် တည်ရှိနေသောကြောင့် ဖြစ်သည်။ ထိုသို့ဖြင့် ပြည်နယ်၏ စုစုပေါင်းလူဦးရေနှင့် ဆင်းရဲနွမ်းပါးသူဦးရေတို့၏အချိုးဖြစ်သော ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မများလွန်း မနည်းလွန်းရှိနေသည်။

*အထူးရှင်းလင်းချက် အမှတ် (၁)*

ဆင်းရဲနွမ်းပါးမှုကို တွက်ချက်ဖော်ထုတ်ပြရာ၌ အများကလက်ခံ အသုံးပြုကြသော တိုင်းတာနည်း (၂)နည်းရှိသည်။ ပထမတိုင်းတာနည်းမှာ ဝင်ငွေ (သို့) အသုံးစရိတ်အပေါ် မူတည်ပြီး အခြေခံ လိုအပ်ချက်များအတွက် ကုန်ကျစရိတ်နည်းဖြစ်သည် (Ravallion, 1988)။ အခြားဒုတိယတိုင်းတာနည်းမှာ

ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်း (Multidimensional Poverty Index) ဖြစ်သည် (Santos & Alkire, 2011)။ အဆိုပါ ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်းဖြင့် တိုင်းတာနည်းသည် အိမ်ထောင်စုတစ်စုတွင် ပါဝင်သောမိသားစုများမှ သတ်မှတ်ထားသောအညွှန်းကိန်းတစ်ခု၌ အနိမ့်ဆုံးအခြေခံလိုအပ်ချက် များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်စွမ်း မရှိလျှင် ၎င်းအိမ်ထောင်စုကို ချို့တဲ့မှုရှိသည်ဟု ယူဆသတ်မှတ်ခြင်းဖြင့် ဆင်းရဲ နွမ်းပါးမှုနှုန်းကို တွက်ထုတ်ပါသည်။[27]

ယခုသုံးသပ်ချက်အစီရင်ခံစာတွင် အသုံးပြုသော ဆင်းရဲနွမ်းပါးမှု တိုင်းတာနည်းမှာ ပထမတိုင်းတာနည်း ဖြစ်သော ဝင်ငွေ (သို့) အသုံးစရိတ်အပေါ် အခြေခံသောနည်းကို အသုံးပြုထား ခြင်းဖြစ်သည်။ အဆိုပါ ပထမ နည်းကို ဆင်းရဲနွမ်းပါးမှုပြမျဉ်း (Poverty Line)ဖြင့် တွက်ထုတ် ဖော်ပြသည်။ ၎င်းဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက် ရောက်နေသူ တစ်ဦးချင်းစီကို ဆင်းရဲနွမ်းပါးသူ အဖြစ် သတ်မှတ်သည်။ ယင်းဆင်းရဲနွမ်းပါးသူ စုစုပေါင်းဦးရေကို စုစုပေါင်းလူဦးရေ ဖြင့် စားခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်းကို ရရှိစေသည်။ ဆင်းရဲနွမ်းပါးမှုပြမျဉ်းကို တွက်ထုတ် ရာတွင် အပိုင်းနှစ်ပိုင်းရှိသည်။

(၁) ရှေးဦးစွာ အနည်းဆုံး အစားအစာ အသုံးစရိတ်အပေါ် အခြေခံထားသည့် အစားအစာ ဆင်းရဲချို့တဲ့မှုပြ မျဉ်း (Food Poverty Line)ကို တွက်ထုတ်ရသည်။ ၎င်းသည် အိမ်ထောင်စုဝင် များ၏ ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အဓိကကျသော စားသုံးကုန်ပစ္စည်း အုပ်စုအတွက် ပေးရန်လိုအပ်သော ကျပ်ငွေပေါင်း ဖြစ်သည်။ တနည်းအားဖြင့် အစားအစား အတွက်အသုံးစရိတ် ဖြစ်သည်။ (၂) အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အစားအစာ အတွက် မဟုတ်သော အသုံးစရိတ်ကို အစားအစာဆင်းရဲချို့တဲ့မှုပြ မျဉ်းအား အစားအစာအတွက် မဟုတ်သော အသုံးစရိတ်နှင့် အစားအစာအတွက် အသုံးစရိတ်တို့အချိုးဖြင့် မြှောက်၍ တွက်ထုတ် သည်။ အဆိုပါနှစ်ပိုင်း (၁) ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အနည်းဆုံး အစားအစာ အသုံးစရိတ်နှင့် (၂) အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဆီလျော်သည့် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်တို့ ပေါင်းခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းကို ရရှိသည်။

$$PL = [FPL] + \left[FPL \times \frac{\text{ပျမ်းမျှ အစားအစားအတွက်မဟုတ်သော အသုံးစရိတ်}}{\text{ပျမ်းမျှ အစားအစာအတွက် အသုံးစရိတ်}}\right]$$

ရင်းမြစ်။ ။ မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း

[27] MPI ၌ သတ်မှတ်ထားသော ရှုထောင့်နယ်ပယ်အားဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် နေထိုင်မှု အဆင့်အတန်း ဟူ၍ အဓိက အလွှာ ၃ခု ဖြစ်သည်။ ယင်းတို့အထဲ ကျန်းမာရေးအလွှာတွင် အာဟာရဓာတ်နှင့် ကလေးသူငယ် သေဆုံးမှုနှုန်းစသည့် ညွှန်းကိန်း (၂) ခု၊ ပညာရေးအလွှာတွင် မူလတန်းအဆင့် ပညာရေးနှင့် ကျောင်း တက်ရောက်မှုစသည့် ညွှန်ကိန်း (၂)၊ နေထိုင်မှု အဆင့်အတန်းအလွှာတွင် သောက်ရေ၊ မိလ္လာ၊ လျှပ်စစ်မီး၊ လောင်စာဆီအသုံးပြုမှု၊ နေအိမ်အမျိုးအစားနှင့် အိမ်အသုံးအဆောင်ပစ္စည်းပိုင်ဆိုင်မှုစသည့် ညွှန်းကိန်း (၆) ခုတို့ဖြစ်သည်။

## ရည်ညွှန်းစာစု


ADB. (2016). *Resettlement and Ethnic Group Framework.* Yangon: Ministry of Agriculture, Livestock and Irrigation for the Asian Development Bank.

CSO. (2019). *Myanmar Statistical Yearbook (2011, 2013, 2018).* Naypyitaw: Central Statistical Organization.

CSO, WB, & UNDP. (2019). *Myanmar Living Conditions Survey 2017.* Naypyitaw: Central Statistical Organization & World Bank Group & United Nations Development Programme.

ENAC. (2017). *NATURAL RESOURCES OF MYANMAR (BURMA) : Ownership, Management, Revenue Sharing and Impacts.* Chiang Mai: Ethnic Nationalities Affairs Centre (Union of Burma).

IDEA, I. I., & IHLCA, P. T. (2011). *Integrated Household Living Conditions Survey in Myanmar (2009-2010): Proverty Profile.* Yangon: Ministry of National Planning and Economic Development & United Nations Development Programme.

IDEA, I. I., & IHLCA-I, P. T. (2007). *Integrated Household Living Conditions Survey in Myanmar: POVERTY PROFILE I.* Yangon: Ministry of National Planning and Economic Development & UNDP.

IMF. (2018). *Regional Economic Outlook , Asia Pacific: good times, uncertain times, a time to prepare.* Washington, D.C: Internatioal Monetary Fund (IMF).

KIC. (2018). *Kayah State Investment Opportunity Survey.* Loikaw: Kayah Investment Committee.

Lwin, T., & WuttYee, H. (2019). *The Causes of Labour Migration in Mynamar.* Yangon: Inya Economics.

Malesky, E., Dulay, D., & Keesecker, J. (2019). *The Myanmar Business Enviroment Index.* Yangon: The Asia Foundation & DaNa Facility.

MIC. (2015). *Mandalay Region Investment Opportunity Survey.* Yangon: Myanmar Investment Commission (MIC).

MOIP. (2015). *The 2014 Myanmar Population and Housing Census.* Naypyitaw: Department of Population, Ministry of Immigration and Population.

MOLIP, & WB. (2018). *Multidimensional Welfare in Myanmar.* Yangon: Ministry of Labour, Immigration and Population & World Bank Group.

MOPF. (2018). *Myanmar Sustainable Development Plan (2018-2030).* Naypyitaw: Ministry of Planning and Finance.

MOPF. (2019). *Union Budget Laws (2011, 2012, 2013, 2014, 2015, 2016, 2017, 2018).* Naypyidaw: Department of Budget, Ministry of Planning and Finance.

MOPF, & WB. (2017). *An Analysis of Poverty in Myanmar: Part 01 (TREND BETWEEN 2004/05 and 2015).* Naypyitaw: Ministry of Planning and Finance & World Bank Group.

MOPF, & WB. (2017). *An Analysis of Poverty in Mynamar: Part 02 (POVERTY PROFILE).* Naypyitaw: Ministry of Planning and Finance & World Bank Group.

MOPF, & WB. (2017). *Survey Conduct and Quality Control Report: Myanmar Living Conditions Survey 2015.* Naypyitaw: Ministry of Planing and Finance & World Bank Group.

Myanmar, T. R. (2018). *Constitution of the Republic of the Union of Myanmar (2008).* Yangon: Ministry of Information.

OECD. (2003). *OECD Economic Outlook, Speical Focus on : FISCAL POLICY and INSTITUTIONS* (Vol. Vol No. 74). Paris: The Organisation for Economic Co-operation and Development (OECD).

Ravallion, M. (1988). *Poverty Line in Theory and Practice.* Washington, D.C: The International Bank for Reconstruction and Development/ The Worlk Bank.

Santos, M. E., & Alkire, S. (2011). *TRAINING MATERIAL FOR PRODUCING NATIONAL HUMAN DEVELOPMENT REPORTS.*

WorldBank. (2019). *Golbal Economics Prospects.* Yangon: The World Bank Group.

# ပြည်နယ်နှင့် တိုင်းဒေသကြီးများ စီးပွားရေးအစီရင်ခံစာ
## ၂၀၁၉ ခုနှစ်

စီးပွားရေးလေ့လာနေသူများနှင့်
ပါဝင်ပတ်သက်နေသူများအား
စီးပွားရေးဆိုင်ရာ သုတေသနများ၊ ဆွေးနွေးချက်များဖြင့်
အထောက်အကူပြုစေနိုင်ရန်အလို့ငှာ
အင်းလျားဘောဂဗေဒကို
၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။
အများပြည်သူကဏ္ဍနှင့်
ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊
ကြွယ်ဝရေးတို့အား ရည်ရွယ်ထားသည့်အတွက်
မူဝါဒချမှတ်သူများ၊ အစိုးရနှင့်
အစိုးရမဟုတ်သော အဖွဲ့အစည်းများကို
မူဝါဒဆိုင်ရာနှင့်
အထောက်အထားအခြေပြုသုတေသနများ
ပံ့ပိုးလျက်ရှိသည်။

Inya
Economics